# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်**

စိတ်သည် လျင်မြန်၏။ အလိုရှိရာ အာရုံတို့၌ ကျလေ့ရှိ၏။ ထိုစိတ်ကို နှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့ သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသော စိတ်သည် နိဗ္ဗာန်ချမ်းသာကို ရှက်ဆောင်နိုင်၏။

**စိတ္တဝဂ် (ဓမ္မပဒ - ၃၅)**


၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၁၈)


## မိဘများက တာဝန်သိသည့်စိတ်ရှိမှ သားသမီးများသည် တာဝန်သိသည့်စိတ်နှင့် ကြီးပြင်းလာမည်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စံပြကြီးကျေးရွာ၏ ပညာရေးနှင့် ကျန်းမာရေးအခြေအနေများအား ဒေသခံများနှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စံပြကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံများအား တွေ့ဆုံအမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၂၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် စံပြကြီးကျေးရွာသို့ရောက်ရှိပြီး မဟာဝိသုဒ္ဓါရာမ ကျော်ဇောဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇမ္မပိယအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မဟာဝိသုဒ္ဓါရာမ ကျော်ဇောဦးကျောင်းတိုက်အတွင်း ကျင်းပသည့် ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် ၂ နှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက် ရှင်းလင်းပွဲသို့ တက်ရောက်ပြီး ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေးအတွက် လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းပြခန်းကို ကြည့်ရှုလေ့လာသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❋

## အာဟာရပြည့်ဝရေးအစီအစဉ်ကို အကောင်အထည်ဖော်နေသည့် ဌာနများအနေဖြင့် ကျေးရွာသူ ကျေးရွာသားများ၏ အမြင်ကိုလေ့လာ၍ ထည့်သွင်းစဉ်းစားရမည်

*စာမျက်နှာ - ၄*




မြန်မာ့အလင်း

# အဖြေမရှိသော မေးခွန်းပုစ္ဆာ

မြန်မာနိုင်ငံအား အဘယ်ကြောင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုအဖြစ် ထူထောင်ရန်လိုအပ်သနည်းဟု မေးခဲ့သည်ရှိသော် အဖြေသည် ရိုးစင်းပြတ်သားပါသည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် မထူထောင်နိုင်ပါက အချုပ်အခြာအာဏာပိုင်ပြည်ထောင်စု မြန်မာနိုင်ငံ၏တည်ရှိမှုသည်ပင် ခြိမ်းခြောက်ခံရမည်ဖြစ်သောကြောင့် ဖြစ်ပါသည်။ ပြည်ထောင်စုသားတိုင်းရင်းသားညီနောင်တို့အချင်းချင်း စိတ်ဝမ်းကွဲ၍ လက်နက်ကိုင်ပဋိပက္ခတို့ဖြစ်ပွားနေပါက ပြည်ထောင်စုတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးကို မည်သို့မည်ပုံညှိနှိုင်းအကောင်အထည်ဖော်မည်ဟူသော ကိစ္စရပ်မှာ အဖြေမရှိသော မေးခွန်းပုစ္ဆာဖြစ်သွားမည် ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးတိုင်းက မိမိတို့ကံကြမ္မာကို မိမိတို့ကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့်ရရှိလိုခြင်းသည် သဘာဝကျ၍ တရားမျှတသော ဆန္ဒလိုလားချက်ဖြစ်ပါသည်။ သို့သော် မိမိတို့တိုင်းရင်းသားလူမျိုးတစ်မျိုးတည်း သီးခြားရပ်တည်ခြင်းထက် တစ်မြေတည်းနေ တစ်ရေတည်းသောက် ညီနောင်တိုင်းရင်းသား လူမျိုးများစုစည်းလက်တွဲဆောင်ရွက်ခြင်းက ပိုမိုအကျိုးစီးပွားဖြစ်ထွန်းစေမည်ဟု ယုံကြည်သောကြောင့် ပြည်ထောင်စုအဖြစ် ထူထောင်ရန်ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဟူသည် တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းအလိုက် ကိုယ့်ကံကြမ္မာ ကိုယ်ပြဋ္ဌာန်းပိုင်ခွင့်နှင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး၏ ဘုံအကျိုးစီးပွားတို့ကို သဟဇာတဖြစ်စေရေးအတွက် ဒီမိုကရေစီနည်းလမ်းတကျ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

သမိုင်းစဉ်ဆက်အတူလက်တွဲနေထိုင်ခဲ့ကြသော တိုင်းရင်းသားလူမျိုးတို့၏ စုစည်းမှုသည် ပြည်ထောင်စု၏ ပထဝီဝင်အနေအထားနှင့် ဆက်နွယ်ပတ်သက်နေပါသည်။ ပထဝီဝင်အနေအထားဟူသည်မှာ ရာသီဥတု၊ ရေမြေတောတောင်၊ သဘာဝသယံဇာတနှင့် ဒေသအလိုက် တိုင်းရင်းသားလူမျိုးများ ပျံ့နှံ့နေထိုင်မှုအထိ အကျုံးဝင်ပါဝင်ပတ်သက်နေပါသည်။ တင်ပြလိုသည်မှာ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကို ပုံဖော်ရာ၌ အဆိုပါ ပထဝီဝင် အနေအထားတို့ကိုပါ ထည့်သွင်းသုံးသပ်ရန် လိုအပ်ပါသည်။ ဤအချက်ကိုဆင့်ပွားတင်ပြရပါက မြန်မာနိုင်ငံ၏အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုပုံစံသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေတို့ကို ထင်ဟပ်သည့်ကိုယ်ပိုင်ပုံစံသာဖြစ်သင့်ပါသည်။ အရေးကြီးသည်မှာ အဆိုပါကိုယ်ပိုင်ပုံစံသည် တိုင်းရင်းသားလူမျိုးတို့၏ ကိုယ့်ကံကြမ္မာ ကိုယ်ပြဋ္ဌာန်းပိုင်ခွင့်နှင့် ပြည်ထောင်စုတစ်ရပ်လုံး၏ ဘုံအကျိုးစီးပွားတို့ကို ဒီမိုကရေစီနည်းလမ်းတကျ သဟဇာတရှိရှိ ပေါင်းစည်းနိုင်ရေးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ပါသည်။ ဒီမိုကရေစီနည်းလမ်းတကျ သဟဇာတရှိရှိပေါင်းစည်းနိုင်ရေးကို မဖန်တီးနိုင်ပါက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကိုထူထောင်နိုင်မည်မဟုတ်ပါ။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု မထူထောင်နိုင်ပါက အချုပ်အခြာအာဏာပိုင်ပြည်ထောင်စု၏တည်ရှိမှုပင် ခြိမ်းခြောက်ခံရမည်ဖြစ်ကြောင်း လေးစားစွာနှိုးဆော်တင်ပြအပ်ပါသည်။ ။

## စာပေမြင့်မှ လူမျိုးတင့်မည်




## ကျေးလက်ရေပေးရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

မော်လမြိုင် ဇန်နဝါရီ ၂၅

မော်လမြိုင်မြို့နယ်အတွင်းရှိ ကော့ပေါက်ကျေးရွာနှင့် ကော့တွန်ကျေးရွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ကျေးလက်ရေပေးရေးအတွက် တွင်းနက်တူးဖော်ခြင်း၊ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (မော်လမြိုင်) နိုင်သောင်းညွန့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင်နှင့် ဦးအေးမင်းဟန်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ မော်လမြိုင်မြို့နယ် ကျေးလက်ဦးစီးဌာနဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ရက်အတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

ဝေဝေ

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေဆိုင်ရာနှင့် မြန်မာ့ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်မှုဆိုင်ရာများဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၅

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်ပြည်ထောင်စုအခြေစိုက် General Electric (GE) ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဂျွန်ဂျိရိုက်စ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အားယနေ့ညနေ ၃ နာရီက နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်(I-1) ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

**အမြင်ချင်းဖလှယ်ဆွေးနွေး**



တွေ့ဆုံစဉ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေဆိုင်ရာကိစ္စရပ်များ၊ လျှပ်စစ်၊ စွမ်းအင်၊ ကျန်းမာရေးနှင့် လေကြောင်းပို့ဆောင်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ကူညီမှုများ၊ မြန်မာ့ဒီမိုကရေစီဖြစ်ပေါ်တိုးတက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကိုကိုနိုင်၊ ဦးမောင်တိုး၊ ဦးသိန်းလွင်၊ ဦးကြည်သာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၅-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၅၁ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၁ ・ ၉၄ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ ・ ၈၇ |
| တရုတ် | တစ်ယွမ် | ၁၉၆ ・ ၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄ ・ ၃ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူလူထုအနေဖြင့် သည်းခံသင့်သည့်နေရာတွင် သည်းခံ၊ တွန်းအားပေးသင့်သည့်နေရာတွင် တွန်းအားပေး

❄ *ရှေ့ဖုံးမှ*

ဆက်လက်၍ ကိုယ်ဝန်ဆောင်မိခင်များ၊ “ပက်”အပြည့်ပြည့်ဆိုင်ရာ အသေးစား ငွေရေးကြေးရေးဝန်ဆောင်မှုရန်ပုံငွေအဖွဲ့ အသင်းဝင်များနှင့် တွေ့ဆုံပြီး ဒေသ၏ ပညာရေး၊ကျန်းမာရေးအခြေအနေများကို မေးမြန်းဆွေးနွေးသည်။

**ကျန်းမာရေးအခြေအနေ မေးမြန်း**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စံပြကြီးကျေးရွာအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် ၂ နှစ်အောက်ကလေးငယ်များ၏ နေအိမ်များသို့ သွားရောက်၍ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ပညာရေးနှင့် ကျန်းမာရေးအခြေအနေများကို မေးမြန်းသည်။

**လာရောက်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် စံပြကြီးကျေးရွာနှင့် ယင်းရွာအနီးရှိ ဒေသခံများအား မဟာဝိသုဒ္ဓါရာမ ကျော်ဇောဦးကျောင်းဝင်းအတွင်း တွေ့ဆုံ၍ ယခုလာရောက်သည့် အဓိကရည်ရွယ်ချက်မှာ ကလေးငယ်များ အာဟာရပြည့်ဝရေးအတွက် ဆောင်ရွက်နေသည့် စီမံကိန်းအခြေအနေကို သိရှိနိုင်ရန် လာရောက်ကြည့်ရှုခြင်း ဖြစ်ပါကြောင်း။

**တာဝန်သိသည့်စိတ်**

ကလေးများ၏ အာဟာရပြည့်ဝရေးဆိုသည်မှာ ကလေးများ၏ တစ်သက်တာအတွက်ဖြစ်ကြောင်း၊ အသက် ၂ နှစ်အောက်ကလေးများသည် အာဟာရပြည့်ဝပါက ပိုမိုဦးနှောက်ဖွံ့ဖြိုးမှုရှိသည်ကို သုတေသနမှတ်တမ်းများအရ သိရှိရကြောင်း၊ သားသမီးများ ပြုစုပျိုးထောင်ရေးကို မိခင်များ၏အလုပ်ဟု သတ်မှတ်နေကြပါကြောင်း၊ မိသားစုတစ်စု၏ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးသည် မိသားစုဝင်တိုင်းတွင် တာဝန်ရှိပါကြောင်း၊ မိဘများက တာဝန်သိသည့်စိတ်ရှိမှ သားသမီးများသည် တာဝန်သိသည့်စိတ်နှင့် ကြီးပြင်းလာမည်ဖြစ်ပါကြောင်း။

**အရေးကြီးသည့်ကာလဖြစ်**

မိဘများအနေဖြင့် မိမိတို့၏ သားသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတတ်နိုင်ဆုံး ကြိုးစားလုပ်ဆောင်နေသကဲ့သို့ အစိုးရအနေဖြင့်လည်း ပံ့ပိုးပေးရမည့်တာဝန် ရှိပါကြောင်း၊ ယင်းပံ့ပိုးမှုများကို အကောင်းဆုံးဖြစ်အောင် အသုံးချနိုင်ရေးသည် ပြည်သူလူထု၏ တာဝန်ဖြစ်ပါကြောင်း၊ မိမိတို့သည် ရေရှည်အမြင်ဖြင့် အရာအားလုံးကိုကြည့်ရန် လိုအပ်ပါကြောင်း၊ ယခုအခါ ကလေးတစ်ယောက် ပိုမိုဖွံ့ဖြိုးနိုင်ရန် အာဟာရပြည့်ဝရေး အစီအစဉ်ကို လုပ်ဆောင်နေပါကြောင်း၊ မိခင်ဝမ်းထဲ၌ သန္ဓေတည်သည့်အချိန်မှစ၍ အသက် ၂ နှစ်အရွယ်အထိ အချိန်ကာလသည် ကလေး၏ ဦးနှောက်နှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် အင်မတန်မှ အရေးကြီးသည့် ကာလဖြစ်ပါကြောင်း။

**လူထုပူးပေါင်းပါဝင်မှု အရေးကြီး**

မိသားစုတစ်စု ဖွံ့ဖြိုးတိုးတက်ရန် မိသားစုဝင်တိုင်း ပါဝင်ရမည်ဖြစ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် ပြည်သူလူထုပူးပေါင်းပါဝင်မှုသည် အရေးကြီးဆုံးဖြစ်ပါကြောင်း၊ ပြည်သူလူထုပါဝင်မှ လုပ်သမ္မကိစ္စများ အောင်မြင်မည်ဟု ထပ်တလဲလဲ ပြောကြားခဲ့ပါကြောင်း၊ အားလုံးအတူတူလုပ်ဆောင်ပါက မိမိတို့လိုချင်သည့်ပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ မျှော်လင့်ချက်ကို အမြဲရှင်သန်အောင် ထားရန်လိုပြီး ယင်းမျှော်လင့်ချက်ပြည့်ဝရန် အလုပ်ဖြင့်သာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

**အားလုံးဝိုင်းပြီးကူညီ**

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိမိတို့အစိုးရသည် မွေးကင်းစတောင် မဟုတ်သေးဘူးဟု ပြော၍ရပါကြောင်း၊ သို့ရာတွင် အလုပ်လုပ်ရန်အတွက် မနှောင့်နှေးပါကြောင်း၊ အားလုံး၏ ကျေနပ်မှုရရန် မိမိတို့ ကြိုးစားမည်ဖြစ်ပါကြောင်း ပြောကြားပြီး “ပြည်သူလူထုကလည်း ပြောသင့်တာကို ပြောပါ၊ ကိုယ်လုပ်သင့်တာကိုလည်း လုပ်ပါ၊ ဒါပေမယ့် သည်းခံသင့်တဲ့နေရာမှာလည်း သည်းခံပါ၊ သည်းမခံသင့်တဲ့နေရာမှာတော့ သည်းမခံပါနဲ့၊ သည်းမခံသင့်တဲ့နေရာမှာ သည်းခံပါက ဝန်ကြီးချုပ်ကြီး ပျင်းလာဦးမယ်၊ အားလုံးက တွန်းအားပေးသင့်တဲ့နေရာမှာ တွန်းအားပေးကြပါလို့ ကျွန်မအနေနဲ့ အားလုံး ဝိုင်းပြီးတော့ ကူညီဖို့အတွက် မေတ္တာရပ်ခံပါတယ်”ဟု ပြောကြားခဲ့သည်။



စံပြကြီးကျေးရွာရှိ မဟာဝိသုဒ္ဓါရာမ ကျော်ဇောဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇမ္ဗုပိယအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖူးမြော်ကြည်ညိုစဉ် (သတင်းစဉ်)

> “ပြည်သူလူထုကလည်း ပြောသင့်တာကို ပြောပါ၊ ကိုယ်လုပ်သင့်တာကိုလည်း လုပ်ပါ၊ ဒါပေမယ့် သည်းခံသင့်တဲ့နေရာမှာလည်း သည်းခံပါ၊ သည်းမခံသင့်တဲ့နေရာမှာတော့ သည်းမခံပါနဲ့၊ သည်းမခံသင့်တဲ့နေရာမှာ သည်းခံပါက ဝန်ကြီးချုပ်ကြီး ပျင်းလာဦးမယ်၊ အားလုံးက တွန်းအားပေးသင့်တဲ့နေရာမှာ တွန်းအားပေးကြပါလို့ ကျွန်မအနေနဲ့ အားလုံး ဝိုင်းပြီးတော့ ကူညီဖို့အတွက် မေတ္တာရပ်ခံပါတယ်”



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စံပြကြီးကျေးရွာရှိ နေအိမ်တစ်အိမ်၌ ၂ နှစ်အောက်ကလေးငယ်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ် (သတင်းစဉ်)

**သေသေချာချာ မှတ်ထားရန်လို**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်တစ်ဦးသည် ပြည်သူလူထုက မဲပေးပြီး ရောက်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူလူထုက ခိုင်းပိုင်ခွင့်ရှိသည်ကို သေသေချာချာ မှတ်ထားရန် လိုပါကြောင်းလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ တွေ့ဆုံရှင်းလင်းပွဲများသို့ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒေါက်တာအောင်သူ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဒေါက်တာအောင်မိုးညိုတို့ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## မြန်မာ-တရုတ် နယ်စပ်ဒေသငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

(၁၄)ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နိုင်ငံခြားရေးဝန်ကြီးဌာန၌ မြန်မာနိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန နယ်စပ်ရေးရာနှင့် သမုဒ္ဒရာရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာ အိုးရန်ယွိကျင်းတို့က ပူးတွဲသဘာပတိအဖြစ် ဦးဆောင်၍ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စီမံခန့်ခွဲရေး၊ နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



# အာဟာရပြည့်ဝရေးအစီအစဉ်ကို အကောင်အထည်ဖော်နေသည့် ဌာနများအနေဖြင့် ကျေးရွာသူ ကျေးရွာသားများ၏ အမြင်ကိုလေ့လာ၍ ထည့်သွင်းစဉ်းစားရမည်

နေပြည်တော် ဇန်နဝါရီ ၂၅

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၁၁ နာရီက မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ကျင်းပသည့် အမျိုးသားအာဟာရဆိုင်ရာ မဟာဗျူဟာနှင့်ပတ်သက်သည့် ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားအာဟာရဆိုင်ရာ မဟာဗျူဟာနှင့်ပတ်သက်သည့် ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်

အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အာဟာရပြည့်ဝရေး ဆောင်ရွက်ချက်သည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသဖြစ်ပါကြောင်း၊ ကလေးများ၏ ကျန်းမာရေး၊ အာဟာရပြည့်ဝရေးသည် မိဘများ၏ အခြေအနေနှင့်လည်း များစွာသက်ဆိုင်နေပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များသည် တစ်ခုနှင့်တစ်ခု ဆက်နွယ်မှုရှိနေသည်ကို သတိပြုရန်လိုကြောင်း။

**ထိထိရောက်ရောက်လုပ်ဆောင်**

ကလေးများ အာဟာရပြည့်ဝရေး၊ မိခင်များ အာဟာရပြည့်ဝရေးကိစ္စသည် ဖခင်များနှင့်လည်း များစွာသက်ဆိုင်ပါကြောင်း၊ ဖခင်များလည်း ပါဝင်ရမည်ဖြစ်ကြောင်း၊ ဒေသတစ်နှင့် တစ်ခု လိုအပ်ချက်မတူညီပါကြောင်း၊ ထို့ကြောင့် အာဟာရပြည့်ဝရေး အစီအစဉ်ကို အကောင်အထည်ဖော်နေသည့် ဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များအနေဖြင့် ကျေးရွာသူ ကျေးရွာသားများ၏ အမြင်ကို လေ့လာ၍ ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း တစ်ဖက်သတ်ဖြစ်နေပါက ဖွံ့ဖြိုးမှုသည် တိုးတက်သင့်သလောက် တိုးတက်မည်မဟုတ်ပါကြောင်း၊ မိမိတို့၏ ပြည်သူပြည်သားများကို လေးစားရန်လိုကြောင်း၊ ပြည်သူပြည်သားများကို လေးစားပြီးတန်ဖိုးထားမှ ပြည်သူပြည်သားများ၏ တိုးတက်ရေးကို ထိထိရောက်ရောက် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း။

လုပ်ငန်းများ အကောင်အထည်ဖော်ရာ၌ ဒေသနှင့်သင့်လျော်သည့် နည်းစနစ်များအသုံးပြုရန် လိုအပ်ပါကြောင်း၊ မိမိတို့၏နိုင်ငံတွင် အာဟာရချို့တဲ့မှုမည်သည့် အခြေအနေတွင်ရှိနေသည်ကို သိရှိထားရန်လိုအပ်ပါကြောင်း၊ အာဟာရဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ သုတေသနလုပ်ဆောင်ထားခြင်း မရှိသေးသည်ကို တွေ့ရပါကြောင်း၊ ရှေ့လုပ်ငန်းများကို မည်သည့်ပုံစံဖြင့် အကောင်အထည်ဖော်သွားမည်ကို ဆုံးဖြတ်နိုင်ရန် ယခုကဲ့သို့ အစည်းအဝေးများ မကြာခဏကျင်းပရန် လိုအပ်ပါကြောင်း၊ အာဟာရပြည့်ဝမှုနှင့် ပတ်သက်သည့် အခြေအနေကို မှန်မှန်ကန်ကန်သိရှိမှသာ လိုအပ်သည့် နေရာများကို အမှန်တကယ် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာအောင်မိုးညို၊ ဒေါက်တာဇော်မြင့်မောင်နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ အာဟာရအခြေအနေနှင့် လာမည့်နှစ်များတွင် အာဟာရနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြီး မြန်မာနိုင်ငံ၏ အာဟာရဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ စာရင်းများ တိကျစွာကောက်ယူပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးမှာကြားသည်။

(သတင်းစဉ်)

# လွှတ်တော်ရေးရာနှင့် ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

ဗြိတိန်နိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယမန်နေ့ညနေ ၄ နာရီက ဗြိတိန်နိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌ Rt. Hon. Mr. John Bercow နှင့် Westminster ရှိ အောက်လွှတ်တော်ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး၊ လွှတ်တော်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးဝင်းမြင့်နှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစော၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဇော်ဝင်း၊ လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ဦးစိုင်းစန်သိန်း၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီအဖွဲ့ဝင် ဒေါက်တာ ဒေါ်ရွှေပုံ၊ ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညနေပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Alok Sharma နှင့် FCO Minister ရုံး၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစောနှင့် ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်းတို့ တက်ရောက်ကြသည်။

**ဆွေးနွေး**

ထို့ပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် နံနက် ၁၁ နာရီခွဲတွင် ဗြိတိန်နိုင်ငံအောက်လွှတ်တော် Portcullis House ၌ ဗြိတိန်နိုင်ငံအောက်လွှတ်တော်မှ Rt.Hon. Mr. David Evennett, MP နှင့် Principal Private Secretary to the Government Chief Whip, Mr. Roy Stone တို့နှင့် လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ဗြိတိန်နိုင်ငံအောက်လွှတ်တော် Procedure Committee ဥက္ကဋ္ဌ Rt. Hon. H.E. Mr. Charles Walker, MP နှင့်လည်းကောင်း တွေ့ဆုံ၍ လွှတ်တော်ရေးရာနှင့် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

(သတင်းစဉ်)



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗြိတိန်နိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌ Rt. Hon. Mr. John Bercow တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

## သံအမတ်ကြီး ဦးမြင့်ဆွေ တောင်အာဖရိကသမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၆**

တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးဦးမြင့်ဆွေသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၄ ရက်က ပရီတိုးရီးယားမြို့၌ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျေးကော့ဘ် ကဲလေယိလုဲကိဆာ ဇူးမားထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

## သံအမတ်ကြီး ဦးမောင်မောင်လင်းအား ဆိုက်ပရပ်စ်နိုင်ငံဆိုင်ရာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဇန်နဝါရီ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အစ္စရေးနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမောင်မောင်လင်းအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဆိုက်ပရပ်စ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမင်းချစ်ဦး ကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ကျောင်းအုပ်ကြီးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း နိုင်ငံခြားဧည့်သည်အဖွဲ့များအား လက်ခံတွေ့ဆုံ



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Inter-Parliamentary Union(IPU) မှ Technical Cooperation, Program Manager, Ms. Norah Babic အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၂၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် အမေရိကန်ပြည်ထောင်စု အခြေစိုက် General Electric (GE) ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ မစ္စတာဂျွန်ဂျီရိုက်စ်နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် GE ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသော လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှု နည်းပညာကဏ္ဍ၊ ကျန်းမာရေးဝန်ဆောင်မှု အထောက်အကူပြုပစ္စည်းများ ထုတ်လုပ်မှုကဏ္ဍများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

မွန်းလွဲ ၁ နာရီတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် Inter-Parliamentary Union(IPU) မှ Technical Cooperation, Program Manager, Ms. Norah Babic အား လက်ခံ တွေ့ဆုံသည်။

တွေ့ဆုံစဉ် IPU ၏ လွှတ်တော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီပေးရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး တရုတ်နိုင်ငံသို့ သွားရောက်ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၅

**တရုတ်နိုင်ငံ သစ်တောဌာန State Forest Administration (SFA) ၏ ဖိတ်ကြားချက်အရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့်အဖွဲ့သည် တရုတ်နိုင်ငံ၏ သစ်အခြေခံစက်မှုလုပ်ငန်းများ လေ့လာရေးနှင့် သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးအတွက် ဇန်နဝါရီ ၁၈ ရက်မှ ၂၃ ရက်အထိ သွားရောက်ခဲ့ကြောင်း သိရသည်။** (အောက်ပုံ)



ခရီးစဉ်အတွင်း တရုတ်နိုင်ငံ State Forest Administration (SFA) မှ ဌာနအကြီးအကဲ Mr. Zhang Jianlog နှင့်အဖွဲ့အား ပေကျင်းမြို့ SFA ရုံးချုပ်၌ တွေ့ဆုံ၍ တရုတ်သစ်တောဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာတစ်ခု ရေးထိုးနိုင်ရေး၊ တရားမဝင်သစ်ထုတ်မှုများနှင့် ရောင်းဝယ်မှုများ တိုက်ဖျက်ခြင်း၊ နှစ်နိုင်ငံနယ်စပ် တောမီးတားဆီးထိန်းချုပ်ခြင်း၊ သစ်တောများစီမံအုပ်ချုပ်ခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ သစ်အခြေခံစက်မှုလုပ်ငန်းများ၊ ဝါးနှင့်ကြိမ်ထိန်းသိမ်းခြင်း၊ စနစ်တကျအသုံးချခြင်းနှင့် ဈေးကွက်ဖော်ဆောင်ခြင်း၊ သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ခြင်း လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးခဲ့သည်။

ထို့နောက် တရုတ်နိုင်ငံ State Power Investment Cooperation (SPIC)မှ ဥက္ကဋ္ဌ Mr.WANG Binghua နှင့် အဖွဲ့အား The Westin ဟိုတယ်၌ လက်ခံတွေ့ဆုံ၍ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးအရ တာဝန်ယူမှုလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် ဆွေးနွေးခဲ့သည်။

ယင်းနောက် ပေကျင်းမြို့အခြေစိုက် အပြည်ပြည်ဆိုင်ရာ ဝါးနှင့်ကြိမ် ဗဟိုဌာန (International Centre for Bamboo and Rattan-ICBR) နှင့် အပြည်ပြည်ဆိုင်ရာ ဝါးနှင့် ကြိမ်ကွန်ရက် (International Network for Bamboo and Rattan-INBAR) သို့သွားရောက်၍ ဥက္ကဋ္ဌ Dr. Jiang Zehui နှင့် တွေ့ဆုံပြီး ဝါးနှင့်ကြိမ် ထိန်းသိမ်းရေး၊ ခေတ်မီနည်းပညာများ အသုံးပြု၍ ဝါးနှင့်ကြိမ်တန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရေး၊ ဈေးကွက်တိုးချဲ့ဖော်ဆောင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ဝါးနှင့်ကြိမ် သုတေသနနှင့်စွမ်းဆောင်ရည်မြှင့်မားရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ပြီး INBAR ၏ ဝါးနှင့်ကြိမ်ပြခန်း၌ ခင်းကျင်းပြသထားသည့် ဝါးနှင့်ကြိမ်ထုတ်ကုန်ပစ္စည်းအမျိုးမျိုးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အာရှနှင့်ပစိဖိတ်ဒေသ သစ်တောများ ပြန်လည်တည်ထောင်ရေးကွန်ရက် (Asia Pacific Network for Forest Rehabilitation and Sustainable Forest Management-APFNet) မှ ဥက္ကဋ္ဌ Dr. Zhao Shucong နှင့် APFNet ရုံး၌ မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သစ်တောများ စဉ်ဆက်မပြတ် စီမံအုပ်ချုပ်ရေးနှင့် သစ်တောများ ပြန်လည်တည်ထောင်ရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ရေဝေရေလဲဒေသစီမံအုပ်ချုပ်ရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများနှင့် မဟာသိပ္ပံဘွဲ့နှင့် ပါရဂူဘွဲ့ ပညာသင်ဆုများ ချီးမြှင့်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ပေကျင်းမြို့၌ China Forestry Group Corporation ၏ အထွေထွေမန်နေဂျာ Mr. Song Quanli နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ထိုမှတစ်ဆင့် ပူတင် (Putian) မြို့သို့ သွားရောက်ကာ ဒုတိယမြို့တော်ဝန် Mr. Hu Guo Fang နှင့် သစ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ဆက်လက်၍ ရှန်ဟိုင်းမြို့သို့ ထွက်ခွာခဲ့ပြီး တိုင်ကန် (Taicang) ဆိပ်ကမ်းသို့ သွားရောက်ကာ ဆိပ်ကမ်း၌ ပြည်ပမှ ရောက်ရှိလာသော သစ်လုံးများ ထားသိုမှု၊ စီမံခန့်ခွဲမှု၊ သစ်လုံးပိုးမွှားနှင့် ရောဂါစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုလေ့လာပြီး ရှန်ဟိုင်းမြို့ သစ်လုံးနှင့် သစ်အချောထည်ပစ္စည်းများ လက်ကားရောင်းဝယ်ရေး ဈေးကွက်သို့ သွားရောက်လေ့လာ ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

● *ကျောဖုံးမှ*

လှည်းခြင်း၊ မြက်ခင်းများအတွင်း မြက်ရိတ်ခြင်း၊ ရေဖျန်းခြင်းတို့အပြင် နှင်းထုထပ်စွာကျဆင်းတဲ့ ဒေသတွေမှာ နှင်းခွဲခြင်းစတဲ့ အလုပ်တွေကိုလုပ်ပေးနိုင်မှာဖြစ်ပါတယ်။ ယာဉ်မောင်းတစ်ဦးတည်းက သန့်ရှင်းရေးအလုပ်တွေကို လုပ်နိုင်မှာဖြစ်တဲ့အတွက် လူအင်အားသုံးပြီး လုပ်ရတဲ့အလုပ်တွေကို အချိန်တိုအတွင်းမှာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်''ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ခေတ်မီသန့်ရှင်းရေးယာဉ်များတင်သွင်းမှု တင်ဒါအောင်မြင်ခဲ့သော အောင်ကမ္ဘာကုမ္ပဏီမှ ဈေးကွက်မန်နေဂျာ ဦးထိန်လင်းက ရှင်းပြသည်။

အဆိုပါ ခေတ်မီသန့်ရှင်းရေးယာဉ်များကို ဂျာမနီနိုင်ငံ HAKO Group က တင်သွင်းလာခြင်းဖြစ်ကြောင်း၊ တန်ဖိုးအားဖြင့် တစ်စီးငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိကြောင်း၊ လောလောဆယ် တစ်ခရိုင်တစ်စီးနှုန်းဖြင့် လေးစီးတင်သွင်းလာကြောင်း၊ ယာဉ်တစ်စီးရှစ်နာရီလျှင် အကျယ်အဝန်း ၁၄၄၀၀၀ စတုရန်းမီတာကို သန့်ရှင်းရေးပြုလုပ်နိုင်ကြောင်း၊ တစ်ခရိုင်လျှင် လေးစီးနှုန်း အသုံးပြုပါက ခရိုင်တစ်ခုလုံး လူအင်အားသုံးစရာမလိုတော့ဘဲ သန့်ရှင်းရေးပြုလုပ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယာဉ်တစ်စီး၏ လုပ်ကိုင်နိုင်စွမ်းသည် လူ ၂၀၀ အသုံးပြုမှုနှင့် ညီမျှကြောင်း၊ သန့်ရှင်းရေးယာဉ်များသည် လမ်းပေါ်ရှိ အမှိုက်သရိုက်အမျိုးမျိုး၊ ပုလင်းနှင့်ဘူးအမျိုးမျိုး၊ ခဲလုံးများ၊ လမ်းများပေါ်တင်ကျန်နေသော ရေများကို စုပ်ယူသိမ်းဆည်းပေးသွားနိုင်မည်ဖြစ်ကြောင်း၊ ယာဉ်လေးစီး၏စွမ်းဆောင်မှုသည် သန့်ရှင်းရေး၊ အမှိုက်လှည်းဝန်ထမ်းတစ်ထောင်ခန့်နှင့် ညီမျှကြောင်း သိရသည်။

ယင်းကဲ့သို့ သန့်ရှင်းရေးယာဉ်များကို နိုင်ငံပေါင်း ၁၀၀ ၌ အသုံးပြုလျက်ရှိကြောင်း၊ မလေးရှား၊ ထိုင်း၊ စင်ကာပူနှင့် ဗီယက်နမ်တို့ပြီးလျှင် မြန်မာနိုင်ငံသည်လည်း စတင်အသုံးပြုလာနိုင်သည့် နိုင်ငံဖြစ်ကြောင်း၊ ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် သုံးစွဲမှုအများဆုံး နိုင်ငံများဖြစ်ကြောင်း၊ ယခုတင်သွင်းသည့် အမျိုးအစားမှာ City Master 1250 ဖြစ်ပြီး ဆီစားသက်သာသည့် ဒီဇယ်အင်ဂျင်အမျိုးအစားဖြစ်ကြောင်း၊ အီးယူ၏ စံသတ်မှတ်ချက်နှင့်အညီ အသံဆူညံမှုနှင့် မီးခိုးထွက်မှု အနည်းဆုံးဖြစ်ကြောင်း သိရသည်။ ထိုယာဉ်များကို ဟိုတယ်နှင့် ဂေါက်ကွင်းများ၊ အပန်းဖြေစခန်း၌လည်း အသုံးပြုနိုင်ကြောင်း သိရသည်။

သန့်ရှင်းရေးယာဉ်များက စုပ်ယူသိမ်းဆည်းလိုက်သော အမှိုက်များကို အမှိုက်ကားများပေါ်သို့ တင်ပို့ပေးနိုင်သော ဟိုက်ဒရောလစ်စနစ်လည်း ပါရှိကြောင်း၊ ထိုယာဉ်များသည် လမ်းများပေါ်ရှိ ကွမ်းတံတွေးများကိုပင် သန့်ရှင်းပေးနိုင်စွမ်းရှိကြောင်း သိရသည်။

❄ *ကျောဖုံးမှ*

ခဲ့သော်လည်း ပြည်တွင်းနည်းပြ ဦးဌေးမြင့်က ပွဲတိုင်းအနိုင်ရအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး အုပ်စုပထမနေရာရခဲ့သောကြောင့် ဗိုလ်လုပွဲသို့ ပထမဆုံး တက်ရောက်ရန် အခွင့်အရေးကောင်းသွားခဲ့သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (က) ၌ လက်ရှိချန်ပီယံထိုင်းက ခြောက်မှတ်ဖြင့် ပထမ၊ တီမောက သုံးမှတ်ဖြင့် ဒုတိယ၊ အုပ်စု (ခ)၌ မြန်မာက ကိုးမှတ်ဖြင့် ပထမ၊ မလေးရှားက ခြောက်မှတ်ဖြင့် ဒုတိယဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇန်နဝါရီ ၂၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့်တီမော၊ ထိုင်းနှင့်မလေးရှားတို့ တွေ့ဆုံလျက်ရှိသည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်သို့ ဒုတိယအကြိမ်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

# စီမံကိန်းသုံးခုအတွက် ဂျပန်အစိုးရက အမေရိကန်ဒေါ်လာ ၃၉၀၀၀၀ ကျော် ထောက်ပံ့ကူညီမည်

**နေပြည်တော် ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီးအတွင်း လမ်းနှစ်လမ်းနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း စာသင်ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ရန် စီမံကိန်းသုံးခုအတွက် ဂျပန်အစိုးရက အမေရိကန်ဒေါ်လာ ၃၉၈၇၉၅ ဒေါ်လာကို ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်း ဂျပန်သံရုံးက ဇန်နဝါရီ ၂၄ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါ စီမံကိန်းသုံးခုထောက်ပံ့ရေးအတွက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E.Mr.Tateshi HIGUCHI နှင့် မကွေးတိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးများ ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌတို့ ဇန်နဝါရီ ၂၄ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ယင်းသို့ထောက်ပံ့ခြင်းသည် ဂျပန်အစိုးရအနေဖြင့် ၎င်း၏ အသေးစားစီမံကိန်း ထောက်ပံ့ရေးအစီအစဉ်အရ ထောက်ပံ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်းများမှာ ဧရာဝတီတိုင်းဒေသကြီး ပါးရိုက်အခြေခံပညာအလယ်တန်းကျောင်းခွဲဆောက်လုပ်ရေးစီမံကိန်း (အမေရိကန်ဒေါ်လာ ၁၂၀၆၆၃ ဒေါ်လာ)၊ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ဆတ်ဆူဝကျေးရွာ လမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း (အမေရိကန်ဒေါ်လာ ၁၄၅၈၇၀) နှင့် အောင်လံမြို့နယ် ကရင်စမ်းကျေးရွာလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း(အမေရိကန်ဒေါ်လာ ၁၃၂၂၆၂ ဒေါ်လာ) တို့ဖြစ်ကြကြောင်း သိရသည်။

ပါးရိုက်အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ လက်ရှိကျောင်းဆောင်တစ်ဆောင်တွင် စာသင်ခန်းများလုံလောက်မှုမရှိသဖြင့် စာသင်ခန်းတစ်ခန်း၌ ကျောင်းသားများ ကျဉ်းကျပ်စွာ ပညာသင်ကြားနေရမှုကြောင့် သံကူကွန်ကရစ်နှစ်ထပ်စာသင်ကျောင်းဆောင်တစ်ဆောင်ဆောက်လုပ်ပေးမည်ဖြစ်သည်။

ဆတ်ဆူဝလမ်းသည် မိုးရာသီတွင် ရွှံ့ဗွက်ထူပြီး ဒေသခံပြည်သူများသွားလာရေးအတွက် အခက်အခဲများကြုံရသဖြင့် ဂျပန်အစိုးရက မြေအောက်မြောင်းနှစ်ခုအပါအဝင် အရှည် ၄ ဒသမ ၈ ကီလိုမီတာရှိသောလမ်းကို အဆင့်မြှင့်တင်သွားမည်ဖြစ်သည်။

ကရင်စမ်းကျေးရွာလက်ရှိလမ်းသည် အနီးဝန်းကျင်ရှိမြို့သို့သွားရာ အဓိကဆက်သွယ်သည့်လမ်းဖြစ်ကာ မိုးရာသီတွင် ရွှံ့ဗွက်ထူပြီး သွားလာရခက်ခဲမှုကြောင့် ဒေသခံပြည်သူများ အသက်အန္တရာယ်ဆုံးရှုံးရသည်အထိ ဒုက္ခမျိုးစုံခံစားခဲ့ကြရသဖြင့် ဂျပန်အစိုးရက ယင်းစီမံကိန်းအတွက် မြေအောက်မြောင်းအပါအဝင် အရှည် ၄ ဒသမ ၃ ကီလိုမီတာရှိလမ်းကို အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်သည်။

ဂျပန်အစိုးရ၏ အဆိုပါကူညီထောက်ပံ့မှုများသည် လက်ရှိ မြန်မာ-ဂျပန်နှစ်နိုင်ငံ ချစ်ကြည်ရေးကို ပိုမိုတိုးတက်ခိုင်မာလာစေမည်ဟု မျှော်လင့်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

**(မြန်မာ့အလင်း)**

# ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူး လုပ်ငန်းစဉ်သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၂၅**

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူး လုပ်ငန်းစဉ်လက်တွေ့ပို့ချမှုသင်တန်းကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ဖွင့်လှစ်သည်။

ဖွင့်ပွဲ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အသုံးပြုရန် မဲရုံမှူး၊ ဒုတိယ မဲရုံမှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းလက်စွဲစာအုပ်ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ၎င်းလက်စွဲစာအုပ်ကို သုံးသပ်ပြင်ဆင်၍ ၂၀၁၇ ကြားဖြတ် ရွေးကောက်ပွဲအတွက် အသုံးပြုမည်ဖြစ်ပြီး ယခုသင်တန်းတွင်လည်း အဆိုပါစာအုပ်ကို အခြေခံ၍ ပို့ချသွားမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲတစ်ခုအောင်မြင်စေရန် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ရွေးကောက်ပွဲနေ့တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းများဟူ၍ နှစ်ပိုင်းရှိကြောင်း၊ ယင်းနှစ်ပိုင်း ဟန်ချက်ညီမှ ရွေးကောက်ပွဲအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ကော်မရှင်ခွဲအဆင့်ဆင့် ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် သင်တန်းဖွင့်လှစ်ပြီးဖြစ်ရာ ယနေ့တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

လွတ်လပ်ပြီး အများယုံကြည်သည့် ရွေးကောက်ပွဲများကို ကျင်းပရာတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ အားထုတ်ကြိုးပမ်းမှုအပြင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ၏ ကြိုးပမ်းမှုနှင့် မှန်ကန်စွာဆောင်ရွက်မှုများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် မဲရုံမှူး လက်စွဲအတိုင်း တိကျစွာ ဆောင်ရွက်နိုင်မှု မရှိခဲ့သဖြင့် အားနည်းချက်များ ရှိခဲ့ကြောင်း၊ ထို့ကြောင့်သင်တန်းတွင် အကောင်းဆုံးပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင် ၂ ဒသမ ၁၅ သန်းရှိပြီး ကြားဖြတ်ရွေးကောက်ပွဲကို မြို့နယ် ၂၂ မြို့နယ်တွင် လစ်လပ်နေရာ ၁၉ နေရာအတွက် ကျင်းပပေးမည်ဖြစ်သည်။ ကြားဖြတ်ရွေးကောက်ပွဲအတွက် လက်ရှိ



မဲရုံပေါင်း ၂၀၀၀ အတွက် ဆင့်ပွားသင်တန်းများအနေဖြင့် မဲရုံမှူး ၂၀၀၀၊ ဒုတိယမဲရုံမှူး ၂၀၀၀ စုစုပေါင်း ၄၀၀၀ ခန့်ကို သင်တန်းများပို့ချမည် ဖြစ်သည်။

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူး လုပ်ငန်းစဉ်လက်တွေ့ပို့ချမှု သင်တန်းကို အုပ်စုနှစ်စုခွဲ၍ နှစ်ကြိမ် သင်ကြားပို့ချသွားမည်ဖြစ်ပြီး ယနေ့ဖွင့်လှစ်သည့် ပထမအကြိမ်သင်တန်းသို့ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ကိုယ်စားပြုသင်တန်းသား ၄၆ ဦး တက်ရောက်ကြပြီး ဒုတိယအကြိမ်ဖွင့်လှစ်မည့် သင်တန်းသို့ ကိုယ်စားပြုသင်တန်းသား ၄၀ တက်ရောက်မည်ဖြစ်သည်။

သင်တန်းတွင် ကြားဖြတ်ရွေးကောက်ပွဲနှင့်ဆိုင်သော အခြေခံဗဟုသုတများကို အကဲဖြတ်ခြင်း၊ သင်တန်းပို့ချမှုပုံစံနှင့် သင်ခန်းစာများ၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ မဲရုံပုံစံချမှတ်ခြင်းနှင့် ကြိုတင်ပြင်ဆင်မှုများ၊ မဲရုံဖွင့်ခြင်းနှင့် ပိတ်ခြင်း၊ မဲဆန္ဒပေးခြင်းလုပ်ငန်းစဉ်နှင့် မဲဆန္ဒရှင်များ မဲရုံသို့ စည်းကမ်းရှိစွာ တန်းစီဝင်ထွက်နိုင်ရန် ကြိုးကြပ်ခြင်း၊ ခိုင်လုံမဲနှင့် ပယ်မဲများ၊ ဆန္ဒမဲရေတွက်ခြင်းနှင့် မဲရေတွက်ပြီးနောက် ဆောင်ရွက်ရမည်များ စသည်ဖြင့် ခေါင်းစဉ်များသတ်မှတ်ကာ ဆွေးနွေးပို့ချသွားမည်ဖြစ်သည်။

ထို့ပြင် သင်တန်းတက်ရောက်သူများသည် မတ်လအတွင်း မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များကို ပြန်လည်ပို့ချရမည်ဖြစ်၍ သင်တန်းကာလတွင် လက်တွေ့သရုပ်ပြသင်ကြားပို့ချခြင်း၊ မဲရုံဆိုင်ရာလုပ်ငန်းစဉ်များ လက်တွေ့လေ့ကျင့်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တရားမဝင်ကုန်စည်များပြည်တွင်းတွင် ဖြန့်ဖြူးရောင်းချနေမှုကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူရမည်ဖြစ်

**နေပြည်တော် ဇန်နဝါရီ ၂၅**

တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ဆောင်ရွက်မည့်အစီအမံများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၌ကျင်းပရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**



ပြည်ထောင်စုဝန်ကြီးက တရားမဝင်ကုန်စည်များ သယ်ဆောင်ရောင်းဝယ်မှုကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများ နှစ်ပေါင်းများစွာ ကြီးမားသော ပမာဏဖြင့် နစ်နာဆုံးရှုံးလျက်ရှိကြောင်း၊ တရားမဝင်ကုန်စည်များတွင် ပြည်သူများစားသုံးရန် မသင့်သော၊ ကျန်းမာရေးကို ထိခိုက်စေသော ကုန်စည်များ၊ အရည်အသွေးညံ့ဖျင်းသော ကုန်စည်များ ပါရှိနေကြောင်း၊ တရားမဝင်ကုန်စည်များ ဝင်/ထွက်မှုကြောင့် ပြည်တွင်းလုပ်ငန်းရှင်များ၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ထိခိုက်နစ်နာလျက်ရှိကြောင်း၊ တရားမဝင်ကုန်စည်များနှင့်အတူ မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများစသည့် တစ်မျိုးသားလုံး လုံခြုံရေးနှင့် စာရိတ္တကိုထိခိုက်စေမည့် ပစ္စည်းများလည်း ပါဝင်နိုင်ကြောင်း၊ တရားမဝင် ကုန်စည်များ တားဆီးရေးသည် နိုင်ငံတော်အနေဖြင့် မဖြစ်မနေ လုပ်ဆောင်သင့်သည့် အစီအစဉ်တစ်ခုဖြစ်၍ ယခင် ဆောင်ရွက်ခဲ့သည့် အစီအမံများကိုသင်ခန်းစာယူ၍ စနစ်တကျ အစီအမံကောင်းကောင်းနှင့် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အကောက်ခွန် ဦးစီးဌာနနှင့် အတူ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ မိတ်ဖက်ဌာနများ အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ပါက စီမံချက်အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်တွင် ရေပူစစ်ဆေးရေးဂိတ်နှင့် မွန်ပြည်နယ်တွင် မရမ်းချောင်စစ်ဆေးရေးဂိတ် ဖွင့်လှစ်လိုသည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်နိုင်ကြောင်း၊ ပုပ်သိုးလွယ်သောကုန်စည်များ ထိခိုက်ပျက်စီးနိုင်ကြောင်း၊ လာဘ်ပေးလာဘ်ယူမှုများလည်း ရှိနိုင်ကြောင်း စသည်ဖြင့် ထောက်ပြပြောကြားမှုများရှိကြောင်း၊ ထိုသို့ထောက်ပြ၊ ဝေဖန်မှုများကို ဖြေရှင်းနိုင်သည့် အစီအစဉ်များ ပြုလုပ်စီမံထားကြောင်း၊ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေး စစ်ဆေးရေးဂိတ်များတွင် စစ်ဆေးရေးအဖွဲ့တစ်ခုအစား လိုသလို ဖွဲ့စည်းစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ သတင်းစာများ၊ မီဒီယာများမှ နေ့စဉ်သတင်းထုတ်ပြန်ပေးခြင်း၊ CCTV များဖြင့် မှတ်တမ်းတင်ခြင်း၊ MobileX-Ray စက်များ အသုံးပြုခြင်း၊ ပုပ်သိုးကုန်တင်ဆောင်သည့် ယာဉ်များအား ပစ္စည်းအတင်အချ ပြုလုပ်သည့် နေရာ၌စစ်ဆေးခြင်း၊ လမ်းကြောင်းတစ်လျှောက် စစ်ဆေးမှုမပြုဘဲ သတင်းအရ အသေးစိတ်စစ်ဆေးခြင်း၊ လာဘ်ပေးလာဘ်ယူမှုများ မဖြစ်စေရေးအတွက် စစ်ဆေးရေးအဖွဲ့များအား သတ်မှတ်နေရာ၌ စစ်ဆေးစေခြင်း၊ သတင်းမီဒီယာများအား စစ်ဆေးရေးဂိတ်တွင် နေရာယူစောင့်ကြည့်ခွင့်ပြုခြင်း၊ တရားမဝင် ကုန်စည်များ ဖမ်းဆီးရမိခြင်းကို နေ့စဉ်သတင်းထုတ်ပြန်ခြင်း၊ ထုခွဲရောင်းချမှုတန်ဖိုးအပေါ်တွင် သတင်းပေးသူများနှင့် ဖမ်းဆီးသူများအား ၅၀ရာခိုင်နှုန်းထိ ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ရန် စီစဉ်ခြင်း၊ ၎င်းလုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုပြီးသည်နှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျိုက်ထီးရိုးဘုရားဖူး ယာဉ်များအား သတင်းအရ စစ်ဆေးခြင်းမှလွဲ၍ စစ်ဆေးမှုပြုမည် မဟုတ်ကြောင်း၊ အခွန်ပေးဆောင်ထားခြင်းမရှိသည့် တရားမဝင်ကုန်စည်များပြည်တွင်းတွင် ဖြန့်ဖြူးရောင်းချနေမှုကိုလည်း အခွန်ဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူရမည်ဖြစ်ပါကြောင်းနှင့် လိုက်နာမှုမရှိသည့် ကုန်သည်များကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာဘ်ပေးလာဘ်ယူမှုများတွင် ဝန်ထမ်းများ ပါဝင်ပတ်သက်မှုရှိပါက ပြင်းထန်စွာအရေးယူမည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်သည့် ဌာနများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် စီမံချက်အောင်မြင်ရေးအတွက် ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန်၊ နိုင်ငံတော်အတွက် အလေးထားဆောင်ရွက်ရမည့်လုပ်ငန်းအဖြစ် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။ ညှိနှိုင်းအစည်းအဝေးသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်ဝန်ကြီးများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



## ကြိုဆိုနှုတ်ဆက်

**ဇန်နဝါရီ ၂၅ ရက်က ဩစတြေးလျနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားတက်ရောက်လာကြသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်သန်းအေးတို့အား မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီးH.E.Mr. Nicholas Coppel ကြိုဆိုနှုတ်ဆက်စဉ်**

(သတင်းစဉ်)

# ဆုတောင်းပြည့် လုဒ်မယ်တော် သခင်မပွဲတော်ကြီး ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ဆုတောင်းပြည့်လုဒ်မယ်တော်သခင်မပွဲတော်ကြီးကို ခရစ်ယာန်ဘုရားကျောင်းတော်ကြီး၌ ဖေဖော်ဝါရီ ၃ ရက်မှ ၁၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုဒ်မယ်တော်သခင်မပွဲတော်ကြီးတွင် မြန်မာနိုင်ငံဆိုင်ရာ ရဟန်းအမတ်ကာဒီနယ်ချားလ်စ်ဘိုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဂိုဏ်းအုပ်/ဂိုဏ်းချုပ်ဆရာတော်ကြီးများ ကြွရောက်ကြမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းမှစတင်၍ တိုင်းရင်းသားဘာသာပေါင်းစုံဖြင့် ဝတ်ပြုကိုးကွယ်မှုများနှင့် ဖေဖော်ဝါရီ ၁၂ ရက် နံနက်တွင် ကချင်မနောအကများဖြင့်လည်းကောင်း၊ ကျင်းပမည်ဖြစ်ပြီး ရပ်နီးရပ်ဝေး ဓမ္မမိတ်ဆွေများကို ဖိတ်ကြားထားကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်၏ဒွေးတော် ရှေးဟောင်းပုဂံဘုရားများအား လှည့်လည်ဖူးမြော်



**နေပြည်တော် ဇန်နဝါရီ ၂၅**

ဘူတန်နိုင်ငံဘုရင်မင်းမြတ်၏ ဒွေးတော်ဖြစ်သူ ယခင်ဘူတန်ဘုရင်၏ ပထမမြောက်မိဖုရား Her Majesty the Queen Mother Ashi Dorji Wangmo Wangchuck သည် ယနေ့တွင် ပုဂံမြို့၏ရှုခင်းများကို လှည့်လည်ကြည့်ရှုလေ့လာပြီး ပုဂံမြို့ရှိ ရှေးဟောင်းဘုရားများသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်၏ ဒွေးတော်သည် ၎င်း၏မိသားစုဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုဂံမြို့၏ ရှုခင်းများကို မီးပုံးပျံစီး၍ ကြည့်ရှုလေ့လာသည်။ **(ယာပုံ)**

မွန်းလွဲပိုင်းတွင် ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်၏ဒွေးတော်နှင့်မိသားစုသည် ရွှေစည်းခုံဘုရားသို့ သွားရောက်ဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုး၍ ဘုရားဂေါပကထံသို့ အလှူငွေ ပေးအပ်သည်။ ယင်းနောက် ရွှေဆံတော်ဘုရားနှင့် အလိုတော်ပြည့်ဘုရားတို့ကို သွားရောက်ဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**

# ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (တနင်္သာရီတိုင်းဒေသကြီး) ကျင်းပပြီးစီး



**ထားဝယ် ဇန်နဝါရီ ၂၅**

ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (တနင်္သာရီတိုင်းဒေသကြီး)ကို ဇန်နဝါရီ ၂၃ ရက်မှစ၍ ထားဝယ်တက္ကသိုလ်၌ ကျင်းပလျက်ရှိရာ ဆွေးနွေးပွဲတတိယနေ့ ကို ယနေ့နံနက် ၉ နာရီက စတင်ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပရေး ကြီးကြပ်မှုကော်မတီဝင် ငါးဦးက သဘာပတိအဖြစ် နေရာယူကြပြီး တက်ရောက်လာကြသူ အားလုံးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

အစီအစဉ်အရ တနင်္သာရီတိုင်းဒေသကြီး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးစောလုကာက အမှာစကား ပြောကြားရာတွင် ငြိမ်းချမ်းရေးသည် တိုင်းရင်းသားပြည်သူတို့၏ ပန်းတိုင်ဖြစ်ကြောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများက နိုင်ငံရေးဆွေးနွေးပွဲများကို အတူတကွပါဝင်ကြရန် လိုအပ်ကြောင်း၊

ပြည်ထောင်စုငြိမ်းချမ်းရေး နိုင်ငံရေး လမ်းပြမြေပုံပါ အချက်များအားလုံးသည် လိုက်နာနိုင်သော အချက်များပင်ဖြစ်ကြောင်း၊ ထိုဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ခဲ့သော လုပ်ငန်းကော်မတီအသီးသီးမှ ပုဂ္ဂိုလ်များ၊ ဝင်ရောက်ဆွေးနွေးကြသူများ၊ တက်ရောက်ကြသူများ အားလုံးကို ကျေးဇူးတင် မှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲပထမနေ့က စုစည်းတင်သွင်းခဲ့သော နိုင်ငံရေး ကဏ္ဍဆိုင်ရာစာတမ်း၊ စီးပွားကဏ္ဍဆိုင်ရာစာတမ်းနှင့် မြေယာနှင့်သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စာတမ်းများအပေါ် ဆွေးနွေးပွဲ ဒုတိယနေ့တွင် ဖြည့်စွက်ဆွေးနွေးထားသော စာတမ်းများကို စာတမ်းပြုစုရေးကော်မတီ ရှစ်ဦးတို့က ဖတ်ကြားကြသည်။

ဆွေးနွေးပွဲဒုတိယပိုင်း အစီအစဉ်တွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အောင်မြင်ရန် စာတမ်းဖြစ်ပေါ်အောင် ဆောင်ရွက်ပေးသူအားလုံးကို ကျေးဇူးတင်ပါကြောင်း၊ ငြိမ်းချမ်းရေးဆိုသည်မှာ ကွဲပြားကြပါကြောင်း၊ စစ်မက်မဖြစ်ပွားရုံဖြင့် ငြိမ်းချမ်းရေးမရပါကြောင်း၊ တိုင်းရင်းသားပြည်သူတို့၏ နေ့စဉ်ဘဝ လုံခြုံမှု၊ အသက်လုံခြုံမှုရှိမှသာ ငြိမ်းချမ်းမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ပြည်သူ့ဘဝ ဖွံ့ဖြိုးရေးဆိုသည်မှာ တူညီသော မျှော်လင့်ချက်ဖြစ်ပါကြောင်း ပြောကြားသည်။

ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက တနင်္သာရီတိုင်းဒေသကြီး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲသည် အရေးကြီးပါကြောင်း၊ အဆိုပါ ဆွေးနွေးပွဲများသည် (NCA) စာချုပ်ပါ အပိုဒ်(၃)ကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဆွေးနွေးပွဲတွင် စေတနာဖြင့် ဒေသအသံ၊ ပြည်သူ့ဆန္ဒ လိုအပ်ချက်များ ဆွေးနွေးကြသည်ကို တွေ့ရကြောင်း၊ မိမိဒေသအပါအဝင် တစ်နိုင်ငံလုံးအတွက် အလွန်အရေးကြီးသော ဆွေးနွေးပွဲဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး ဆွေးနွေးပွဲကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။ ယနေ့တွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ UPDJC ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ငြိမ်းချမ်းရေးကော်မရှင် အဖွဲ့ဝင်များ၊ ဒေသအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီဝင်များ၊ JMCS အဖွဲ့ဝင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ KNUအဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ စုစုပေါင်းအင်အား ၇၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## လိုင်စင်မဲ့ယာဉ် အသုံးပြုသူများအား အသိပေးကြေညာ

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တွင်း၌ ယာဉ်ကြောကျပ်တည်းရမှုတွင် တရားမဝင် လိုင်စင်မဲ့ မော်တော်ယာဉ်များသည် နံပါတ်အနီ/အနက်များ တပ်ဆင် မောင်းနှင်လျက် ရှိသည့်အပြင် ဒုစရိုက်လုပ်ငန်းများပါ ဆောင်ရွက်နိုင်သောကြောင့် တရားဥပဒေ စိုးမိုးရေးကို အဟန့်အတား ဖြစ်ပေါ်စေခြင်းနှင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေများလည်း နစ်နာဆုံးရှုံးမှုရှိနေခြင်းများကြောင့် တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် အသုံးပြုနေသူများကို ပြဋ္ဌာန်းဥပဒေများနှင့်အညီ ထိရောက်စွာစစ်ဆေးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# လက်ဝှေ့သမားများကို အသည်းရောင်အသားဝါ (ဘီပိုး)အခမဲ့စစ်ဆေးကုသပေး

**ရန်ကုန် ဇန်နဝါရီ ၂၅**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး နီနီခါတ်ခွဲခန်း၊ အသည်းဖောင်ဒေးရှင်းနှင့် မြန်မာမီဒီယာဂရု(ပ်)တို့ ပူးပေါင်းပြီး ပြည်တွင်းမြန်မာ့ရိုးရာလက်ဝှေ့ကလပ်များမှ လက်ဝှေ့သမားများ၊ နည်းပြများနှင့် အဖွဲ့ဝင်များအား အသည်းရောင်အသားဝါ(ဘီပိုး) စစ်ဆေးပေးခြင်း၊ အသည်းဖောင်ဒေးရှင်းက ကာကွယ်ဆေး ထိုးပေးခြင်းများကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ ရိုးရာလက်ဝှေ့အားကစားရုံ၌ ယနေ့နံနက် ၉ နာရီက အခမဲ့ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

"ရိုးရာလက်ဝှေ့ကစားနည်းဆိုတာ ပင်ပန်းပါတယ်။ ချွေးထွက်တယ်။ သွေးထွက်သံယိုရှိတယ်။ ဒီအချိန်မှာ အသည်းရောင်အသားဝါ(ဘီပိုး)ဆိုတာ ကကူးစက်လွယ်တာကြောင့် အားကစားသမားတစ်ယောက်မှာဖြစ်ရင် နောက်တစ်ယောက်ကို ကူးစက်မှာစိုးတယ်။ ဒါကြောင့် ပြည်တွင်းရိုးရာလက်ဝှေ့ကလပ်တွေကိုဖိတ်ကြားပြီးတော့ အခုလိုလုပ်ပေးတာဖြစ်ပါတယ်။ နီနီခါတ်ခွဲခန်းက ဘီပိုးရှိ/မရှိစစ်ဆေးပေးတယ်။ အသည်းဖောင်ဒေးရှင်းက ကာကွယ်ဆေးထိုးပေးပြီး မြန်မာမီဒီယာဂရု(ပ်)က အရပ်ရပ်က လာတဲ့ လက်ဝှေ့ကလပ်တွေကို ခရီးစရိတ်ရယ်၊ စားစရိတ်ရယ် ထုတ်ပေးပါတယ်။ ဒီသုံးဖွဲ့ကအားလုံးကို အကုန်အကျခံပြီး အခမဲ့လုပ်ပေးတာဖြစ်ပါတယ်"ဟု ပြည်တွင်းပြည်ပ ရိုးရာလက်ဝှေ့ပွဲများကို စီစဉ်ဆောင်ရွက်သူ ဦးဝဏ္ဏ(မာဂျေ) က ပြောကြားသည်။

ယနေ့ပြုလုပ်ပေးသော အသည်းရောင်အသားဝါ အခမဲ့စစ်ဆေးပေးခြင်း၊ ကာကွယ်ဆေး ထိုးပေးခြင်းများသည် မြန်မာ့ရိုးရာလက်ဝှေ့လောကတွင် ပထမဆုံးအကြိမ်ပြုလုပ်ပေးခြင်းဖြစ်ပြီး ကနဦးနေ့တွင် ပြည်တွင်းကလပ်ပေါင်း ၁၄ ခုမှ ကစားသမား ၁၂၀ ကျော် လာရောက်စစ်ဆေးမှုခံယူခဲ့ရာ အသည်းရောင်အသားဝါ (ဘီပိုး) တွေ့ရှိသူ ကစားသမားလေးဦးစမ်းသပ်တွေ့ရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ကစားသမားလေးဦးအနေဖြင့် ရောဂါပိုးတွေ့ရှိသော်လည်းဆေးသောက်ကာ ရိုးရာလက်ဝှေ့ကိုဆက်လက်ကစားနိုင်ပြီး အခြားကစားသမားများကို ကူးစက်မှုမရှိရန် ဆေးကို ငါးနှစ်ဆက်တိုက် ပုံမှန်သောက်သုံးရမည်ဖြစ်သည်။ ယင်းဆေးဖိုးကုန်ကျငွေများကို မြန်မာမီဒီယာဂရု(ပ်)က အကုန်အကျခံ ကုသပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

မြန်မာမီဒီယာဂရု(ပ်)မှ ဦးဝဏ္ဏ(မာဂျေ)က "အားကစားသမားတွေအပြင် နည်းပြတွေ၊ ဒိုင်လူကြီးတွေနဲ့ အဖွဲ့ဝင်တွေပါ ဒီနေ့ လာရောက်စစ်ဆေးမှုခံယူ ကြပါတယ်။ တွံတေးကလပ်၊ ပဲခူး၊ သာစည်နဲ့ရန်ကုန်က ကလပ်တွေစုစုပေါင်း ၁၄ခုက ကစားသမားတွေ စစ်ဆေးမှုခံယူ ကြတယ်။ ဒီအသည်းရောင်အသားဝါ (ဘီပိုး)ဟာ ကုသတဲ့နေ့ကစပြီး ဆေးသောက်ရင် သူများကို မကူးစက်နိုင်ပါဘူး။ ဆေးတော့ ပုံမှန်သောက်ဖို့ လိုတယ်။ ကလပ်နည်းပြတွေအနေနဲ့လည်း ကိုယ့်ကစားသမားတွေကို ဆေးပုံမှန်တိုက်ဖို့တော့ လိုတာပေါ့။ တစ်လဆေးဖိုးငွေကျပ် ၂၅၀၀၀ ကုန်ပါမယ်။ ဒါတွေအားလုံး ငါးနှစ်စာကို ကျွန်တော်ကပဲ အကုန်အကျခံကုသပေးမှာပါ။ ကာကွယ်ဆေးထိုးပေးထားတဲ့သူတွေကိုလည်း သုံးကြိမ်ပြည့်သည်အထိ အကုန်အကျခံဆေးထိုးပေးသွားမှာပါ"ဟု ဆိုသည်။

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး နီနီခါတ်ခွဲခန်း၊ အသည်းဖောင်ဒေးရှင်းနှင့် မြန်မာမီဒီယာဂရု(ပ်)တို့သည် ရန်ကုန်မြို့၌ ယခုပထမအကြိမ်ကဲ့သို့ လာမည့် ဖေဖော်ဝါရီလတွင်လည်း အထက်မြန်မာပြည်လက်ဝှေ့သမားများကို မန္တလေးမြို့၌ အခြေပြုကာ ဆက်လက်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**



# ဘူးသီးတောင်မြို့နယ်အတွင်းရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများအား ကာကွယ်ဆေး ၁၀ မျိုး ထိုးနှံပေးလျက်ရှိ

ဘူးသီးတောင် ဇန်နဝါရီ ၂၅

**ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကာကွယ်ဆေး ၁၀ မျိုး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။**

"ဘူးသီးတောင်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနတွေမှာ ကလေးတွေနဲ့ ကိုယ်ဝန်ဆောင်မိခင်တွေကို ကာကွယ်ဆေး ၁၀ မျိုး ထိုးနှံပေးလျက်ရှိပါတယ်။ အဲဒီ ကာကွယ်ဆေး ၁၀ မျိုးကတော့ တီဘီ၊ ပိုလီယို၊ အသည်းရောင်အသားဝါ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ ဂျိုက်သိုး၊ ဝက်သက်ရောဂါ ကာကွယ်ဆေးတွေနဲ့ ပြင်းထန်အအေးမိအဆုတ်ရောဂါနှစ်မျိုးကို ကာကွယ်ပေးနိုင်တဲ့ဆေးတွေဖြစ်ပါတယ်" ဟု ဘူးသီးတောင်မြို့နယ်ဆရာဝန် ဒေါက်တာသန်းထွန်းကျော်က ပြောသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများ ဘူးသီးတောင်မြို့နယ်အတွင်းရှိ စေတီတောင်ကျေးရွာနှင့် ညောင်ချောင်းကျေးရွာတို့၌ ဆောင်ရွက်လျက်ရှိသည့် ကာကွယ်ဆေးထိုးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုသည့်ခရီးစဉ်အတွင်း အဆိုပါမြို့နယ်ဆရာဝန်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ မြို့နယ်အတွင်းမှာရှိတဲ့ နှစ်ဖက်သောလူ့အဖွဲ့အစည်းတွေကို ကာကွယ်ဆေးတွေ လိုက်လံထိုးနှံပေးနေတာဖြစ်ပါတယ်။ တစ်မြို့နယ်လုံးကို တစ်ပြိုင်နက်တည်း ထိုးနှံပေးခြင်းဖြစ်ပါတယ်၊ ကာကွယ်ဆေးကို ဘာကြောင့်ထိုးသင့်တယ်၊ ကာကွယ်ဆေးထိုးမှ ရောဂါကို ကာကွယ်နိုင်မယ်၊ ကာကွယ်ဆေးထိုးနှံဖို့ဟာ အလွန်အရေးကြီးတယ်ဆိုတာတွေကို ရှင်းလင်းပြောကြားခဲ့တယ်။ အဲဒီလို ကာကွယ်ဆေးထိုးနှံဖို့ ကျေးလက်ဒေသတွေမှာရှိတဲ့ ဘာသာရေးခေါင်းဆောင်တွေ၊ ရပ်မိရပ်ဖတွေ၊ လူမှုရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ကြတယ်" ဟု ဒေါက်တာသန်းထွန်းကျော်က ဆက်လက်ပြောကြားသည်။

**မောင်ဇော်(သတင်းစဉ်)**



**ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ ဘူးသီးတောင် မြို့နယ်အတွင်း ကာကွယ်ဆေးထိုး လုပ်ငန်းအား ကြည့်ရှုစစ်ဆေးစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများ၏လိုအပ်ချက်များအားဖြည့်ဆည်းနိုင်ရန် ကွင်းဆင်းလေ့လာ

**စစ်တွေ ဇန်နဝါရီ ၂၅**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းသည် ရခိုင်ပြည်နယ် ပညာရေးညွှန်ကြားရေးမှူး ဦးအောင်ကျော်ထွန်းနှင့် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၅ ရက် ညနေ ၃ နာရီက စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲသို့ သွားရောက်ခဲ့သည်။



အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများမှစာသင်ကျောင်းများတွင် ဆရာ ဆရာမများ လုပ်ခလစာ အချိန်မီရရှိရေး၊ ကျောင်းသားကျောင်းသူများ ကောင်းမွန်စွာပညာသင်ကြားနိုင်ရေး၊ ကျောင်းအဆောက်အအုံများ ကောင်းမွန်ရေးနှင့် ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ပေးနိုင်ရေးတို့အတွက် လိုအပ်ချက်များအားဖြည့်ဆည်းနိုင်ရန် ကွင်းဆင်းလေ့လာခြင်းဖြစ်ကြောင်း သိရသည်။ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက် အလယ်တန်းကျောင်းခွဲတွင် ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံပြီး ကျောင်းအတွက် လိုအပ်ချက်များကို မေးမြန်းရာ ကျောင်းသားမိဘများက ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်နိုင်ရေးနှင့် ကျောင်းမြေနေရာရရှိရေးတို့ကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားနေမှုအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် စစ်တွေမြို့နယ် သက္ကယ်ပြင်ကျေးရွာအထက(ခွဲ)နှင့် လုမချေကျေးရွာအမက (လွှန်)စာသင်ကျောင်းများရှိ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုနှင့် ကျောင်းအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး သွားရောက်ကြည့်ရှုခဲ့သည်။ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့နယ်မှ IDP စခန်းများအပြင် ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ ပေါက်တော၊ ကျောက်ဖြူနှင့် ရမ်းဗြဲမြို့များရှိ IDP စခန်းများမှ စာသင်ကျောင်းများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ကွင်းဆင်းလေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# သံတွဲ - ရန်ကုန် ပြေးဆွဲသည့် အဝေးပြေးယာဉ်များပေါ်တွင် ခရီးသည်များ အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**သံတွဲ ဇန်နဝါရီ ၂၅**

သံတွဲ-ရန်ကုန်ပြေးဆွဲသည့် အဝေးပြေးမော်တော်ယာဉ်များပေါ်တွင် လိုက်ပါခရီးသွားကြသည့်ခရီးသည်များ အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ လက်တွေ့သရုပ်ပြ ဟောပြောခြင်းကို ဇန်နဝါရီ ၂၅ ရက်က အမှတ်(၆၈) သစ်စက်စစ်ဆေးရေးဂိတ်မှနေ၍ သံတွဲမှ ရန်ကုန်သို့ထွက်မည့် အဝေးပြေးကားများပေါ်တွင် အမှတ်(၂၄) ယာဉ်ထိမ်းရဲတပ်ဖွဲ့စု (သံတွဲ)၊ သံတွဲခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီ၊ သံတွဲမြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေး စသည့်ပူးပေါင်းအဖွဲ့က လက်တွေ့သရုပ်ပြဟောပြောခြင်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**လက်တွေ့သရုပ်ပြ**

ထိုသို့ဆောင်ရွက်ရာတွင် အမှတ်(၂၄)ယာဉ်ထိမ်းရဲတပ်ဖွဲ့စု (သံတွဲ) တပ်ဖွဲ့စုမှူး ရဲအုပ်သန်းစိုးအောင်က မော်တော်ယာဉ်မောင်းနှင့်လိုက်ပါစီးနင်းသူအားလုံး အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်စီးနင်းကြရေး၊ အရေးပေါ်ထွက်ပေါက်အသုံးပြုပုံများကို လက်တွေ့သရုပ်ပြဆောင်ရွက်ပြီး မြို့နယ်မီးသတ်ဦးစီးဌာန တပ်ကြပ်ကြီး ကျော်စိုးနိုင်က မော်တော်ယာဉ်များပေါ်တွင် မီးသတ်ဆေးဘူးဆောင်ထားမှု ရှိမရှိ စစ်ဆေးခြင်း၊ ခရီးသည်များအား အရေးပေါ် မီးသတ်ဆေးဘူးအသုံးပြုပုံတို့ကို လက်တွေ့သရုပ်ပြသပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရှိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ပဋိပက္ခများကြောင့်ထိခိုက်ခဲ့ရသည့် ပြည်သူများကိုကူညီပံ့ပိုးပေးရန် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) အား အကူအညီဒေါ်လာငါးသန်း တိုးမြှင့်ပေးမည်

**ရန်ကုန် ဇန်နဝါရီ ၂၅**

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ ပဋိပက္ခများကြောင့် ထိခိုက်ခဲ့ရသည့် ပြည်သူများကို ကူညီပံ့ပိုးပေးရန်အတွက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)အား အကူအညီအသစ်များအဖြစ် ဒေါ်လာငါးသန်းတိုးမြှင့်ပေးအပ်ရန် အမေရိကန်ပြည်ထောင်စု နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ၏ ငြိမ်းချမ်းရေးအတွက် စားနပ်ရိက္ခာရုံး (USAID) က သဘောတူညီလိုက်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက သတင်းထုတ်ပြန်လိုက်သည်။

ယခု ပေးအပ်လိုက်သောအကူအညီသည် အဆိုပါဒေသများအတွင်းရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီလိုအပ်နေသည့် လူပေါင်း ၁၇၂၀၀၀ အတွက် အသက်ကယ်စားနပ်ရိက္ခာအကူအညီများ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းရှိ ကာလကြာရှည်နေပြီဖြစ်ပြီး ပြန်လည်၍ ဖြစ်ပွားနေသော ပဋိပက္ခများ ဆက်လက်တိုးမြှင့်ဖြစ်ပွားနေမှုကြောင့် နေရပ်စွန့်ခွာထွက်ပြေးနေသည့် ပြည်သူအရေအတွက်မှာ တိုးပွားလျက်ရှိကြောင်း၊ အရေးပေါ်အကူအညီများလည်း လိုအပ်လျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ပြည်သူ ၃၈၃၅၀၀ ခန့်မှာ အစားအသောက်နှင့် အသက်မွေးဝမ်းကျောင်းအကူအညီများ လိုအပ်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်နှင့် မိမိတို့၏ ကာလရှည်ကြာ မိတ်ဖက်လက်တွဲဖော်အဖြစ် ဆက်လက်ရပ်တည်ရသည့်အတွက်သာမက လိုအပ်လျက်ရှိသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီလိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန်ထားရှိသည့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ သန္နိဋ္ဌာန်အတွက် အမေရိကန်ပြည်ထောင်စုအစိုးရအနေဖြင့် ဂုဏ်ယူကြောင်း ဖော်ပြထားသည်။

**မှန်းဦးနဒီ**

# ဝိုင်းမော်မြို့နယ် ဆဒုံးနှင့် မိုင်းနားကျေးရွာသို့ ထပ်မံရောက်ရှိလာသော စစ်ဘေးရှောင်မိသားစုများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မြစ်ကြီးနား ဇန်နဝါရီ ၂၅**

ဝိုင်းမော်မြို့နယ်အတွင်းရှိ စစ်ဘေးရှောင်စခန်းများသို့ ထပ်မံ ပြောင်းရွှေ့ရောက်ရှိလာသော စစ်ဘေးရှောင်မိသားစုများအား ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမင်းသိန်း၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများက ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။ **(ယာပုံ)**



ရှေးဦးစွာ ဆဒုံးမြို့သို့ လုံထန်၊ ပရန်ဘွမ်၊ ဇိုင်းအောင်၊ မိုင်တိုင်(၈)နှင့် ခါရှန်ကျေးရွာတို့မှ ထပ်မံရောက်ရှိလာသည့် စစ်ဘေးရှောင်မိသားစု ၁၁၅ စုတို့ကို ယာယီစခန်းဖွင့်လှစ်၍ နေရာချထားပေးသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြည်နယ်လူမှုရေးဝန်ကြီးက တွေ့ဆုံအားပေးစကားပြောကြားကာ ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သော ဆန် ၃၉ အိတ်၊ အနွေးထည် ၃၃၉ ထည်၊ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ပစ္စည်းကိုးမျိုးပါ ကယ်ဆယ်ရေးပစ္စည်း ၁၁၅ ပုံးနှင့် ဆန်ဖိုး သုံးရက်စာအတွက် ငွေကျပ် ၅၁၄၀၀၀၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဆေးပစ္စည်းမျိုးစုံနှင့် UNFPA က အမျိုးသမီးသုံးတစ်ကိုယ်ရေသန့်ရှင်းရေးအိတ် (Female Dignity Kit) ၁၁၀ တို့ကို ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် မိုင်းနား ကချင်နှစ်ခြင်းခရစ်ယာန် (KBC) စခန်း၌ ဇိုင်းအောင်၊ မဂါယန်၊ ဝေကြိုင် ယာယီခိုလှုံရေးစခန်းများမှ ထပ်မံရောက်ရှိလာသည့် စစ်ဘေးရှောင်မိသားစု ၂၆ စုတို့အတွက် ပြည်နယ်အစိုးရအဖွဲ့က ဆန်ခြောက်အိတ်နှင့် အနွေးထည် ၇၀၊ ပြည်နယ်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက ပစ္စည်းကိုးမျိုးပါ ကယ်ဆယ်ရေးပစ္စည်း ၂၆ ပုံးနှင့် ဆန်ရိက္ခာသုံးရက်စာအတွက် ငွေကျပ် ၉၂၇၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ အစိုးရထိန်းချုပ်နယ်မြေမဟုတ်သောဒေသများမှ စစ်ဘေးရှောင်မိသားစုများသည် ဇန်နဝါရီလ အစောပိုင်းမှစတင်၍ ဝိုင်းမော်မြို့နယ်အတွင်းရှိ မိုင်းနား KBC ၊ မိုင်းနားကက်သလစ်အသင်းတော်၊ လီဆူနှစ်ခြင်းအသင်းတော်၊ မဒိန်စစ်ဘေးရှောင်စခန်းများနှင့် သဂရသရက်တောရကျောင်းတို့၌ အိမ်ထောင်စု ၆၀ ကျော်ရောက်ရှိ၍ ယာယီနေထိုင်လျက်ရှိကြရာ ဇန်နဝါရီ ၂၁ ရက်က စစ်ဘေးရှောင်စခန်းလေးခုတွင် ထပ်မံရောက်ရှိလာသော အိမ်ထောင်စု ၂၈ စုအတွက် ပြည်နယ်အစိုးရအဖွဲ့က ဆန်အိတ်များ၊ အနွေးထည်များနှင့် ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနက တစ်အိမ်ထောင်လျှင် ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးပါ တစ်ပုံးစီနှင့် ဆန်ရိက္ခာသုံးရက်စာအတွက် ငွေကျပ် ၁၁၁၆၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

# နမ့်ခမ်းမြို့နယ်၌ ဒေသခံပြည်သူတစ်ဦး လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်ဆေးရုံ၌ လက်နက်ငယ်ကျည် ထိမှန်ဒဏ်ရာဖြင့် တက်ရောက်ကုသနေသည့် အမျိုးသမီးလူနာ၏ လက်မောင်းအတွင်းမှ ကျည်ဆန်ထိပ်ဖူးမှာ လက်နက်ကိုင်အဖွဲ့ (စိစစ်ဆဲ)များ ကိုင်ဆောင်အသုံးပြုသည့် ကျည်ဆန်အမျိုးအစားဖြစ်ကြောင်း သိရသည်။

နမ့်ခမ်းမြို့နယ် ပြည်သူ့ဆေးရုံ၌ လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာဖြင့် အမျိုးသမီးလူနာတစ်ဦး တက်ရောက်ကုသနေကြောင်း သတင်းအရ နယ်မြေလုံခြုံရေးဆောင်ရွက်နေသောတပ်မတော်စစ်ကြောင်းမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက ယမန်နေ့နံနက် ၉ နာရီခန့်တွင် ဆေးရုံသို့သွားရောက်ကြည့်ရှုအားပေးစကားပြောကြားခဲ့ရာ ၎င်းသည် နမ့်ခမ်းမြို့နယ် ကျူဆိုင်းကျေးရွာနေ ဒေါ်ယားမုံဖြစ်ကြောင်း၊ ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က တစ်ရွာတည်းနေ ဒေါ်မာရေးအောင်ခမ်း၊ ဒေါ်အီမွန်တို့နှင့်အတူ ကျေးရွာအနီးရှိ ၎င်း၏တောင်ယာခင်း၌ ကြံစိုက်ပျိုးရန် မြေပြုပြင်နေစဉ် သေနတ်သံတစ်ချက်ကြားခဲ့ပြီး ၎င်း၏ဝဲဘက်လက်မောင်း၌လည်း လက်နက်ငယ် ကျည်ထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းဒဏ်ရာအား နေအိမ်၌ကုသသော်လည်း မသက်သာ၍ ဇန်နဝါရီ ၂၂ ရက်တွင် နမ့်ခမ်းမြို့နယ်ဆေးရုံသို့ တက်ရောက်ကုသခဲ့ခြင်းဖြစ်ကြောင်းသိရှိရသည်။ ဒဏ်ရာကို ခွဲစိတ်ကုသရာ ၎င်း၏ လက်မောင်းအတွင်းမှ အမ် ၂၂ ကျည်ဆန်ထိပ်ဖူးတစ်ခုတွေ့ရှိခဲ့ပြီး ၎င်းမှာ စိစစ်ဆဲ လက်နက်ကိုင်အဖွဲ့များ ကိုင်ဆောင်သည့် ကျည်ဆန်အမျိုးအစားဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

သို့ဖြစ်၍ တပ်မတော်စစ်ကြောင်းများက ဖြစ်စဉ်ဖြစ်ပွားရာနေရာနှင့် အနီးတစ်ဝိုက်ကို နယ်မြေရှင်းလင်းရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**



လက်နယ်ငယ်ကျည် ထိမှန်ဒဏ်ရာရရှိသည့် အမျိုးသမီးကို တွေ့ရစဉ်

# တပ်မတော်စစ်ကြောင်းနှင့် KIA လက်နက်ကိုင်အဖွဲ့တို့ တိုက်ပွဲဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ ကြူကုတ်(ပန်ဆိုင်း)မြို့အနီး၌ ယမန်နေ့ နံနက်ပိုင်းက တပ်မတော်စစ်ကြောင်းနှင့် KIA လက်နက်ကိုင်အဖွဲ့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားပြီး လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းသည် ကြူကုတ်(ပန်ဆိုင်း) မြို့အနီး၌ နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ယမန်နေ့ နံနက် ၈ နာရီခွဲခန့်က ဖိုင်ကောင်းကျေးရွာ၏တောင်ဘက် မီတာ ၂၀၀၀ ခန့်၌ KIA လက်နက်ကိုင်အင်အား ၁၀ ဦးခန့်နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ရာ တပ်မတော်စစ်ကြောင်းမှ စစ်သည်တစ်ဦးဒဏ်ရာရရှိခဲ့ပြီး KIA လက်နက်ကိုင်အဖွဲ့ထံမှ အာပီဂျီဒုံးပစ်လောင်ချာတစ်လက်နှင့် ယင်းဒုံးသီး ငါးလုံး၊အမ်-၂၂ သေနတ်လေးလက်၊ ယင်းကျည်အိမ် ၁၈ ခုနှင့် ယင်းကျည် ၁၄၂၂ တောင့်၊ လက်ပစ်ဗုံး ၁၃ လုံးနှင့် နင်းမိုင်း(အကြီး)တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်းနှင့် အဆိုပါ နေရာတစ်ဝိုက်ကို တပ်မတော်စစ်ကြောင်းက ဆက်လက်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွာသားတစ်ဦး တိုက်မိုင်းတစ်လုံး တိုက်မိပေါက်ကွဲ၍ ဒဏ်ရာရ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုင်းဝေ့မြို့နယ်အတွင်း ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက ရွာသားတစ်ဦး တိုက်မိုင်းတစ်လုံး တိုက်မိပေါက်ကွဲပြီး မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

မိုင်းဝေ့မြို့နယ် ပန်ဟူးကျေးရွာနေ စိုင်းငွေလင်းသည် ဇန်နဝါရီ ၂၃ ရက် နံနက် ၁၁ နာရီခွဲခန့်က ကွန်ခါကျေးရွာမှ ဆိုင်ကယ်ဖြင့်ပြန်လာစဉ် လွယ်ပျက်ကျေးရွာအနီး၌ စိစစ်ဆဲ လက်နက်ကိုင်အဖွဲ့က ထောင်ထားသည့် တိုက်မိုင်းတစ်လုံးကို တိုက်မိပေါက်ကွဲပြီး မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် ၎င်းမိုင်းထိလူနာကို ကျောက်မဲမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးပြီး ဆေးကုသမှုခံယူလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# TNLA လက်နက်ကိုင်အဖွဲ့များထောင်ထားသည့် လက်လုပ်မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ နမ္မတူမြို့အနီး၌ ယမန်နေ့ နံနက်ပိုင်းက တပ်မတော်စစ်ကြောင်းသည် လက်လုပ်မိုင်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းသည် နမ္မတူမြို့အနီး၌ လုံခြုံရေးဆောင်ရွက်စဉ် ယမန်နေ့ နံနက် ၁၀ နာရီခန့်က မြို့၏ အနောက်မြောက်ဘက် ခြောက်မိုင်ခန့်၌ TNLA လက်နက်ကိုင်အဖွဲ့များက အဝေးထိန်းစနစ်ဖြင့် ထောင်ထားသော လက်လုပ်မိုင်း ခြောက်လုံး၊ စနက်တံ ခြောက်ခု၊ ၁၂ ဗို့ဘက်ထရီအိုးတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိသဖြင့် ရှင်းလင်းခဲ့ရာ မိုင်းများကို သက်မဲ့ပြုလုပ်၍ ရှင်းလင်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ နေရာတစ်ဝိုက်ကို တပ်မတော်စစ်ကြောင်းများက ဆက်လက်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## တရားမဝင် ဝင်ရောက်လာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားကို ပြန်လည်လွှဲပြောင်းပေးအပ်

**မောင်တော ဇန်နဝါရီ ၂၅**

မြန်မာနိုင်ငံသို့ တရားမဝင် ဝင်ရောက်လာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား မာမတ်တာရက်အား ယနေ့နံနက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ တာဝန်ရှိသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်သည်။

အဆိုပါဘင်္ဂလားဒေ့ရှ်နိုင်ငံသားသည် လူဝင်မှုကြီးကြပ်ရေးဥပဒေအရ ဘူးသီးတောင်အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံခဲ့ပြီး ယနေ့ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် မောင်တောမြို့ အမှတ်(၁)ဝင်ထွက်စခန်း (POE) ၌ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန မောင်တောမြို့နယ် ဦးစီးအရာရှိ ဦးအောင်ကျော်စိန် ဦးဆောင်သောအဖွဲ့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ် (၁၂) နယ်ခြားစောင့်တပ်၊ တက္ကနပ်စခန်းမှူး A bul Russel Siddique, addldir ဦးစီးအဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။
**ဇော်နေ(သတင်းစဉ်)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်၌ ယနေ့ အများအားဖြင့် သာယာမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံး၌ အများအားဖြင့် သာယာမည်။ **(မိုး/ဇလ)**

## ထရန့်၏ ဖိအားပေးမှုများရှိနေသော်လည်း လွတ်လပ်သောကုန်သွယ်ရေးစာချုပ်စည်းမျဉ်းများကို မက္ကဆီကို ဆွေးနွေးမည်

**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၂၅**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဖိအားပေးမှုများ လုပ်ဆောင်နေသော်လည်း မက္ကဆီကိုသည် ကုန်သွယ်ရေးကိစ္စရပ်နှင့် ပတ်သက်၍ ပြိုကွဲပျက်စီးမှုများ ဖြစ်သွားစေနိုင်မည့် အမေရိကန်နှင့် ထိပ်တိုက်ယှဉ်ပြိုင်တွေ့ဆုံမှုကို ရှောင်ရှားရန်ကြိုးပမ်းသည့် အနေဖြင့် ကုန်သွယ်ရေးစည်းမျဉ်းစည်းကမ်းဆိုင်ရာ အပြောင်းအလဲများကို ဆွေးနွေးသွားရန်ရှိကြောင်း သိရသည်။

အမေရိကန်နှင့် မက္ကဆီကို နှစ်နိုင်ငံတို့သည် ခက်ခဲသောဆက်ဆံရေးအသစ်တစ်ရပ်ကို ကြုံတွေ့ရလျက်ရှိသည်ဖြစ်ရာ မက္ကဆီကို၊ အမေရိကန်နှင့် ကနေဒါကို ချည်နှောင်ထားသည့် မြောက်အမေရိက လွတ်လပ်သောကုန်သွယ်မှုစာချုပ် (NAFTA) ၏ မူလစည်းမျဉ်းစည်းကမ်းများအပေါ်တွင် ထရန့်အနေဖြင့် လက်ခံနိုင်သည့် ဖြစ်နိုင်ခြေများကို မက္ကဆီကိုက တွေ့မြင်ထားသည်ဟု သတင်းရင်းမြစ်များစွာက ဖော်ပြသည်။

ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းအပြောင်းအလဲများသည် မက္ကဆီကိုအား အမေရိကန်ကုန်ထုတ်လုပ်ငန်းများကို မြှင့်တင်မည့် ထရန့်၏ စက်မှုဆိုင်ရာနည်းဗျူဟာများနှင့် ချိန်ညှိပေးနိုင်မည်ဖြစ်ကာ မြောက်အမေရိက ယှဉ်ပြိုင်သူများကို ပိုမိုခိုင်မာအောင် အားဖြည့်လိုသည့် မက္ကဆီကိုအစိုးရ၏ တောင်းဆိုမှုနှင့်လည်း အံဝင်ခွင်ကျဖြစ်နိုင်မည် ဖြစ်ကြောင်း သိရသည်။ **(ရိုက်တာ)**






## ဘရာဇီးအကျဉ်းထောင်တစ်ခုအတွင်း ဆူပူမှုဖြစ် အကျဉ်းသား ၁၅၀ ထက်မနည်း ထွက်ပြေးလွတ်မြောက်

**ရီယိုဒီဂျနေရိုး ဇန်နဝါရီ ၂၅**

ဘရာဇီးနိုင်ငံတောင်ပိုင်း ဆော်ပေါလိုပြည်နယ် ဘော်ရူမြို့ရှိ အကျဉ်းထောင်တစ်ခု၏ အစိတ်အပိုင်းတစ်ခုကို မီးတင်ရှို့သဖြင့် ယမန်နေ့က ထောင်တွင်းဆူပူမှုဖြစ်ပွားပြီးနောက် အကျဉ်းသား ၁၅၀ ထက်မနည်း ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ထွက်ပြေးလွတ်မြောက်သွားသည့် အကျဉ်းသားများအနက် ၁၀၀ ခန့်ကို ရဲတပ်ဖွဲ့ဝင်များက ပြန်လည်ဖမ်းဆီးနိုင်ခဲ့ကြောင်း ပြည်နယ်အကျဉ်းဦးစီးဌာန၏ ပြောကြားချက်အရ သိရသည်။

ဗိုလ်မှူးကြီး ဖလာဗီရိုကစ်တာဇူမီးက ယခုဖြစ်ပွားခဲ့သည့် ထောင်တွင်းဆူပူမှုသည် ယခင်ဖြစ်ပွားခဲ့သော ထောင်တွင်းဆူပူမှုများနှင့် သက်ဆိုင်ခြင်းမရှိကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ် အစောပိုင်းမှစကာ အကျဉ်းထောင်အတွင်း ဆူပူမှုများကြောင့် အကျဉ်းသား ၁၃၀ ကျော်သေဆုံးခဲ့ပြီး ယင်းဆူပူမှုများနှင့်ပတ်သက်၍ အာဏာပိုင်များက ရာဇဝတ်ဂိုဏ်းများအပေါ် အပြစ်တင်ခဲ့ကြသော်လည်း လေ့လာစောင့်ကြည့်သူများက အကျဉ်းထောင်များအတွင်း လူဦးရေထူထပ်နေခြင်းအပေါ် အပြစ်တင်ခဲ့ကြသည်။

သို့သော် ဘော်ရူမြို့ရှိ အကျဉ်းထောင်မှာ အခြားသောအကျဉ်းထောင်များကဲ့သို့ လူဦးရေမထူထပ်ဘဲ အကျဉ်းသားဦးရေ ၁၁၂၄ ဦးအတွက် ရည်ရွယ်တည်ဆောက်ထားပြီး အဆောက်အအုံ၌ အကျဉ်းသား ၁၄၂၇ ဦးကို ထိန်းသိမ်းထားခြင်းဖြစ်ကြောင်း အင်န်ဂျီဒါ ဘရာဇီးသတင်းဌာနက ဖော်ပြခဲ့သည်။ **(ဆင်ဟွာ)**

## ဆိုမာလီမြို့တော် ဟိုတယ်အသေခံဗုံးခွဲမှု သတင်းထောက်ငါးဦး ဒဏ်ရာရ

**မိုဂါဒစ်ရှူး ဇန်နဝါရီ ၂၅**

ဆိုမာလီနိုင်ငံ၏ မြို့တော်ရှိ ဟိုတယ်တစ်လုံး၌ ဇန်နဝါရီ ၂၅ ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူငါးဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

ဒါယာဟိုတယ် ဝင်ပေါက်၌ ဗုံးများတပ်ဆင်ထားသည့် ကားဖြင့် အသေခံဗုံးဖောက်ခွဲခဲ့ပြီးနောက် သေနတ်သမားများက ဒါယာဟိုတယ်ကို အပြင်းအထန်ပစ်ခတ်ခဲ့ကြောင်း မိုဟာမက်အလီဆိုသော ရဲအရာရှိက ပြောခဲ့သည်။

ထိုသို့ဖြစ်ပြီး မိနစ်အနည်းငယ်အကြာတွင် အခြားကားဗုံးတစ်ခု ထပ်မံပေါက်ကွဲခဲ့ပြီး ထိခိုက်မှုများ ပိုများလာခဲ့ကြောင်း၊ အနားရှိ စားသောက်ဆိုင်ထဲမှ လူငါးဦးလည်း သေဆုံးခဲ့ပြီး စားသောက်ဆိုင်လည်း ပျက်စီးသွားကြောင်း ၎င်းရဲအရာရှိက ပြောကြားခဲ့သည်။



ဒုတိယအကြိမ် ပေါက်ကွဲမှုတွင် နိုင်ငံခြားသတင်းထောက် ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းထောက်တစ်ဦးက ပြောကြားခဲ့သည်။

ဟိုတယ် တိုက်ခိုက်ခံရချိန်တွင် ဟိုတယ်အတွင်း ဥပဒေပြုအမတ်များနှင့် အစိုးရတာဝန်ရှိသူများရှိနေကြောင်း သိရသည်။ ဆိုမာလီအခြေစိုက် စစ်သွေးကြွအဖွဲ့ဖြစ်သော အယ်လ်ရှာဘတ်အဖွဲ့သည် အစိုးရကို ဖြုတ်ချရန် ဆယ်စုနှစ်ကြာအောင် တိုက်ခိုက်နေသည့်အဖွဲ့ဖြစ်ပြီး ယနေ့တိုက်ခိုက်မှုသည်လည်း ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

## အီတလီအလယ်ပိုင်း၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျ၊ ခြောက်ဦးသေဆုံး

**ရောမ ဇန်နဝါရီ ၂၅**

အီတလီနိုင်ငံအလယ်ပိုင်း လက်ကွီလာပြည်နယ်၌ ယမန်နေ့က တောင်တန်းများကြားတွင် ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ လူခြောက်ဦးသေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ရဟတ်ယာဉ်သည် အာဘရူဇိုဒေသရှိ ကမ်ဘိုဖီးလစ် စကိတ်စီးစခန်းအနီး မွန်တီကက်ဖုန်းတောင်တွင် မီတာ ၆၀၀ ခန့်အမြင့်မှ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြပါရှိသည်။

အခင်းဖြစ်ချိန်တွင် မြူခိုးများ ထူထပ်စွာကျဆင်းနေမှုကြောင့် ပျက်ကျရာနေရာအနီးတစ်ဝိုက်ကို မမြင်နိုင်ခဲ့ကြောင်း၊ နံနက် ၁၂ နာရီထိုးပြီး မိနစ်အနည်းငယ်အကြာတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပျက်ကျရဟတ်ယာဉ်နှင့်အတူ လိုက်ပါသွားသည့်သူများအနက် ခြောက်ဦးသေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း ကယ်ဆယ်ရေးသမားများက ပြောသည်။

ရဟတ်ယာဉ်ပျက်ကျရာနေရာသို့ စုံစမ်းစစ်ဆေးသူများကို စေလွှတ်ထားကြောင်း၊ မတော်တဆဖြစ်ပွားရသည့်အကြောင်းကို ထုတ်ပြန်သွားမည်ဖြစ်ကြောင်း အီတလီ အမျိုးသားလေကြောင်း လုံခြုံရေးအာဏာပိုင်က ပြောကြားသည်။

ရာသီဥတုအခြေအနေဆိုးရွားသည့်အတွက် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးခဲ့ရကြောင်း၊ ပျက်ကျပြီး နာရီများစွာအကြာ ရဟတ်ယာဉ်တည်နေရာနှင့် အပျက်အစီးများအား တွေ့ရှိခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ပြိုကျပျက်စီးသွားသည့် ဟိုတယ်အောက်၌ သေဆုံးသူအလောင်းများ ထပ်မံတွေ့ရှိ

**ရောမ ဇန်နဝါရီ ၂၅**


တောင်ပေါ်မှ နှင်းခဲများ ပြိုကျလာမှုကြောင့် ပျက်စီးနစ်မြုပ်ခဲ့သည့် အီတလီရှိ အပန်းဖြေဟိုတယ်၏ အပျက်အစီးများအောက်၌ နောက်ထပ်သေဆုံးသူ အလောင်းများကို ထပ်မံတွေ့ရှိရသဖြင့် ဗုဒ္ဓဟူးနေ့တွင် ကယ်ဆယ်ရှာဖွေရေးအဖွဲ့များက အပျက်အစီးများအောက်မှ ဆွဲထုတ်ခဲ့ရကြောင်း သိရသည်။

တောင်ပေါ်မှ နှင်းခဲများ ပြိုကျလာခဲ့ပြီး တစ်ပတ်အကြာတွင် ရီဂိုပီယာနို အပန်းဖြေဟိုတယ်၏ အပျက်အစီးပုံများအောက်မှ နောက်ထပ်လူသေအလောင်း ခြောက်လောင်းကို ကယ်ဆယ်ရေးအဖွဲ့များက မြေတူးစက်များအသုံးပြု၍ ဆွဲထုတ်ခဲ့ရသည်။ သေဆုံးသူအရေအတွက်သည် ယခုအခါ ၂၄ ဦးအထိ မြင့်တက်သွားခဲ့ပြီဖြစ်သည်။

နှင်းမုန်တိုင်းများကျဆင်းခြင်းနှင့် အင်အားပြင်းငလျင်များ လှုပ်ခတ်ခဲ့ခြင်း၏ နောက်ဆက်တွဲ သက်ရောက်မှုကြောင့် ဇန်နဝါရီ ၁၈ ရက်က တောင်ပေါ်မှ နှင်းခဲများ အရှိန်အဟုန်ဖြင့် ကျဆင်းခဲ့ရာ ဟိုတယ်အတွင်းရှိ လူအများအပြား သေဆုံးခဲ့ရပြီး လူငါးဦးမှာ ယခုတိုင် ပျောက်ဆုံးနေဆဲဖြစ်သည်။

အီတလီဝန်ကြီးချုပ် ပိုလိုဂျန်တီလိုနီက လာမည့်ရက်သတ္တပတ်တွင် အရေးပေါ်ဥပဒေတစ်ရပ် ထုတ်ပြန်မည်ဖြစ်ပြီး ပြီးခဲ့သည့်နှစ်က ကြောက်မက်ဖွယ် ငလျင်ဒဏ်ခံခဲ့ရသည့် ဒေသများကို ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် ငွေကြေးထပ်မံဖြည့်စွက်သုံးစွဲသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(ရိုက်တာ)**



# မန္တလေးမြို့၌ကျင်းပမည့် ကလေးစာပေပွဲတော် ပြင်ဆင်မှုလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီး

**မန္တလေး ဇန်နဝါရီ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပမည့် ကလေးစာပေပွဲတော်အတွက် ပြင်ဆင်မှုလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ပြောကြားသည်။

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့သတင်းအချက်လက်နည်းပညာတက္ကသိုလ် MIIT ၌ ဇန်နဝါရီ ၂၇ ရက် မှ ၂၉ ရက်အထိ ကျင်းပမည့် ကလေးစာပေပွဲတော်အတွက် ပြင်ဆင်မှုလုပ်ငန်းများ အပြီးသတ်ညှိနှိုင်းအစည်းအဝေးကို နံနက် ၁၀ နာရီခွဲက အဆိုပါတက္ကသိုလ်၌ ကျင်းပခဲ့ရာ အစည်းအဝေးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက "ပြင်ဆင်မှုလုပ်ငန်းတွေကတော့ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီလို့ ပြောလို့ရပါတယ်။ အခုအစည်းအဝေးက လုပ်ငန်းတွေအားလုံးရဲ့လိုအပ်ချက်တွေကို အပြီးသတ် ညှိနှိုင်းဆွေးနွေးကြတာပါ"ဟု ပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် ပွဲတော်အတွင်းဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သော သန့်ရှင်းရေး၊ ကား၊ ဆိုင်ကယ် နေရာချထားရေး၊ လုံခြုံရေးနှင့် တက်ရောက်ကြမည့် ကျောင်းသားကျောင်းသူများအတွက် နေရာချထားရေးကိစ္စများကို သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းပေးခဲ့သည်။

ထို့အပြင် ကျောင်းအသီးသီးရှိ ဖျော်ဖြေရေးအဖွဲ့များကလည်း ပွဲတော်ကျင်းပမည့် အဆိုပါတက္ကသိုလ်သို့ လာရောက်၍ အပြီးသတ်လေ့ကျင့်ပြင်ဆင်မှုများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**






# ရဲအရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၂၅**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အစီအစဉ်ဖြင့်ပြုလုပ်သည့် ရဲအရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က အလုပ်ရုံသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် ရဲလုပ်ငန်းစနစ်ကို ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ပြောင်းလဲကျင့်သုံးရာတွင် လူ့အခွင့်အရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်းသားရဲအရာရှိများအနေဖြင့် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာ၌ လူ့အခွင့်အရေးများကို မထိခိုက်စေဘဲ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားရန်ပြောကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် အရာရှိကြီးများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သတင်းမီဒီယာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားအရာရှိများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းကို ဖွင့်လှစ်ရခြင်းမှာ ရဲတပ်ဖွဲ့ဝင်များ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့်အညီ အချိုးညီစွာ ကျင့်သုံးဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သင်တန်းသားအရာရှိ ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၂၅ ရက်မှ ၂၆ ရက်အထိဖြစ်ကြောင်း သိရသည်။

**ကိုရဲ**

# ပျော်ရွှင်စရာပွဲတော်အဖြစ် အမှတ်တရရှိစေဖို့ ကလေးစာပေပွဲတော်ကို ဆင်နွှဲစို့

မန္တလေး ဇန်နဝါရီ ၂၅

**မန္တလေးမြို့ မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၌ ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ ပျော်ရွှင်စွာဆင်နွှဲကြမည့် ကလေးစာပေပွဲတော်ကျင်းပရန် နီးကပ်လာသည်နှင့်အမျှ ပြင်ဆင်လေ့ကျင့်မှုများကို အပြီးသတ်ဆောင်ရွက်လျက်ရှိရာ ပွဲတော်ကျင်းပရေးအဖွဲ့များ ပြခန်းတာဝန်ယူဆောင်ရွက်နေသူများက ကလေးများသာမက မိဘပြည်သူများပါ အမှတ်တရရှိစေရန်အတွက် လာရောက်ဆင်နွှဲကြရန် ဖိတ်ခေါ်သံများကိုလည်း ယခုလိုကြားသိခဲ့ရသည်။**



ဦးမောင်ဖေ



ဦးသန်းထွန်းအောင်



ဒေါက်တာဒေါ်ဝင်းအေး



ဒေါ်နှင်းနှင်းမော်

**ဦးမောင်ဖေ (ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)**

မန္တလေးမှာ ကလေးစာပေပွဲတော် ကျင်းပနိုင်ဖို့ လွန်ခဲ့တဲ့ သုံးလကျော်ကတည်းက ကျွန်တော်တို့ပြည်ထောင်စုဝန်ကြီးနဲ့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ တိုင်ပင်ထားခဲ့ကြတာပါ။ နေပြည်တော်မှာ တစ်ရက်တည်းလုပ်နိုင်တာဖြစ်လို့ မန္တလေးမှာ သုံးရက်လုပ်မယ်ဆိုပြီး စီစဉ်ခဲ့ပါတယ်။ ဒီနေ့မှာ ကလေးစာပေပွဲတော်အတွက် ပြင်ဆင်မှုလုပ်ငန်းတွေ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပါပြီ၊ ရန်ကုန်ကလာဖွင့်ကြမယ့် စာအုပ်ဆိုင်တွေပဲ ခင်းကျင်းဖို့ ကျန်ပါတော့တယ်။ မန္တလေးမှာ ဒီပွဲတော်ကျင်းပရတာ အဖွဲ့ပေါင်းစုံက ညီညီညွတ်ညွတ်နဲ့ စေတနာပါပါ ပူးပေါင်းဆောင်ရွက်ပေးကြတဲ့အတွက် တကယ်ကို အားရကျေနပ်ပါတယ်။ အပြင်အဆင်တွေကလည်း မြင်လိုက်တာနဲ့ ပျော်ရွှင်စရာပွဲတော်ကြီးမှန်း သိသာနေပါတယ်။ ကျွန်တော့်အနေနဲ့ ပြောရရင် တကယ်ကို ပျော်ရွှင်စရာကောင်းမယ့် ပွဲတော်ကြီးတစ်ခုဖြစ်မယ်ဆိုတာ ယုံကြည်တဲ့အတွက် အမှတ်တရဖြစ်စေဖို့ မန္တလေးမှာရှိတဲ့ မိဘတွေ မိမိတို့ရဲ့သားသမီးတွေကို လိုက်ပို့ပေးကြပါ။ ကလေးတွေကလည်း ဒီပွဲတော်ကို မရောက် ရောက်အောင် ဖေဖေလည်း လိုက်ပို့ပါ၊ မေမေလည်း လိုက်ပို့ပါလို့ ပူဆာကြဖို့ ပြောလိုပါတယ်။

**ဒေါက်တာ ဒေါ်ဝင်းအေး (ပါမောက္ခချုပ်၊ မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ်)**

ကျွန်မတို့ကျောင်းမှာ ကျင်းပမယ့် ကလေးစာပေပွဲတော်မှာ စီစဉ်ထားတဲ့ ကဏ္ဍတွေက ကလေးတွေရဲ့ဉာဏ်ပညာ ထက်မြက်ဖို့ တီထွင်ဖန်တီးနိုင်မှုနဲ့ စာပေဖတ်ရှုချင်စိတ်ကို ရရှိစေမယ့်အပြင် နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့လည်း ဆောင်ရွက်နေတဲ့ အစီအစဉ်လည်း ဖြစ်ပါတယ်။ ဒီပွဲတော်မှာ ကျွန်မတို့ကျောင်းက ပထမနှစ်၊ ဒုတိယနှစ်နဲ့ ဒီပလိုမာသင်တန်းတွေ တက်ရောက်နေတဲ့ ကျောင်းသား ကျောင်းသူ ၁၅၀ က ဒီပွဲတော်မှာ လုပ်အားပေးအနေနဲ့ ကူညီဆောင်ရွက်ပေးမှာပါ။ အထူးသဖြင့် ဒီပွဲတော်ရဲ့ ပြိုင်ပွဲတွေမှာ ကလေးတွေအတွက် ဘယ်လို တီထွင်နိုင်မလဲဆိုတဲ့ စိတ်ကူးတွေရနိုင်ကြမယ်။ ကလေးအရွယ်ကစပြီး စာပေဖတ်ရှုလေ့လာချင်စိတ်တွေ ဖြစ်ပေါ်လာနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ကလေးရှိတဲ့ မိဘတွေရော ကလေးတွေရော ဒီပွဲတော်ကို လာရောက်ခြင်းအားဖြင့် ဗဟုသုတတွေနဲ့ ပျော်ရွှင်မှုတွေကို ရရှိစေမှာဖြစ်ပါတယ်။

**ဒေါ်နှင်းနှင်းမော် (ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်း)**

ဒီပွဲတော်မှာ ကျွန်မတို့ ကိုယ်ပိုင်ကျောင်းတွေအနေနဲ့ သိပ္ပံပြခန်း၊ သင်္ချာနဲ့ အင်္ဂလိပ်စာပြခန်းဆိုပြီး အပိုင်းသုံးပိုင်းနဲ့ ပြသမှာပါ။ သိပ္ပံပြခန်းမှာ ကျောင်းတွေမှာ သင်ကြားရတဲ့ သိပ္ပံဘာသာရပ်များမှ လက်တွေ့ လုပ်ပြတဲ့အပိုင်းတွေပါတယ်။ ဒါ့အပြင် သင်ထောက်ကူပစ္စည်းတွေနဲ့ ကလေးတွေ ယှဉ်ပြိုင်မှုလည်း ပါဝင်ပါတယ်။ သင်္ချာနဲ့ပတ်သက်ရင်လည်း ပုံဆက်တာလေးတွေ၊ အင်္ဂလိပ်စာနဲ့ပတ်သက်ပြီး အရေးအပြောအားလုံး ပါဝင်ပါတယ်။ စာပေအနုပညာနဲ့ ဓာတ်ပုံပြခန်းလည်း ပြသမှာပါ။ အိမ်တွင်းမှုနဲ့ စွန့်ပစ်ပစ္စည်းတွေကို ပြန်ပြီးအသုံးချနိုင်တဲ့ အကြောင်းအရာလေးတွေကို ကလေးတွေ ဗဟုသုတနဲ့ပျော်ရွှင်မှုတွေ ပေးနိုင်အောင် စီစဉ်ထားပါတယ်။ ဒီစာပေပွဲတော် ကျင်းပပေးတာကို ဝမ်းမြောက်စွာ ကြိုဆိုပါတယ်။ အခုလေ့ကျင့်နေတဲ့ အတောအတွင်းမှာကို ကလေးတွေက ပျော်ရွှင်တက်ကြွနေပါတယ်။ ဒါကြောင့် ကျောင်းသားကျောင်းသူတွေ၊ လူငယ်တွေ၊ ကလေးတွေအားလုံး ဒီစာပေပွဲတော်ကို ပျော်ပျော်ရွှင်ရွှင်နဲ့ လာရောက်ဆင်နွှဲကြဖို့နဲ့ ဒီလိုလာရောက်ခြင်းအားဖြင့် စိတ်ဝင်စားစရာ ဗဟုသုတတွေ အများကြီးရရှိလာမှာဖြစ်လို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဦးသန်းထွန်းအောင် (ဘ/က ကျောင်းများကိုယ်စား ပြခန်းစီစဉ်သူ)**

ကျွန်တော်တို့ ဘ/ကကျောင်းတွေက ပြန်ကြားရေးဌာနက သတ်မှတ်ထားတဲ့ ဖျော်ဖြေရေး၊ ပုံပြောနဲ့ကျပန်းစကားပြောပြိုင်ပွဲဆိုပြီး ကဏ္ဍသုံးခုစလုံးမှာ ပါဝင်မှာပါ။ အလွတ်တန်းပြိုင်ပွဲ အနေနဲ့ကတော့ ပန်းချီပြိုင်ပွဲနဲ့ ကာတွန်းပြိုင်ပွဲတွေမှာလည်း ပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ဒီပွဲတော်မှာ မန္တလေးမှာရှိတဲ့ အခြေခံပညာကိုယ်ပိုင်ကျောင်းနဲ့ ဘ/က ကျောင်းအသီးသီးမှာ တက်ရောက်နေတဲ့ ကလေးတွေအားလုံး ပါဝင်ဆင်နွှဲခွင့်ရတဲ့အတွက် အလွန်ဝမ်းမြောက်ပါတယ်။ ကလေးစာပေပွဲတော်ဆိုတာ မြန်မာနိုင်ငံသမိုင်းမှာ အရင်ကမရှိခဲ့ဖူးသေးတဲ့ ပွဲတော်တစ်ခုပါ။ ကလေးတွေက သူတို့ကိုယ်တိုင် ပါဝင်ပြသကြ၊ သီဆိုရေးဆွဲကြရတဲ့အတွက် စာဖတ်မှုစွမ်းရည်တွေ မြင့်တက်လာပြီး ကလေးတွေရဲ့ စာဖတ်ချင်စိတ်ကို ဆွဲဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒီပွဲတော်ကို ကလေးတွေအားလုံး စုစုစည်းစည်းနဲ့ လာရောက်ပျော်ရွှင်နိုင်ဖို့၊ မိဘတွေအားလုံးကလည်း ပူးပေါင်းပါဝင်ကြဖို့ တိုက်တွန်းလိုပါတယ်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ညအပူချိန်များမှာ ကယားပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် တောင်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့ပါသည်။ ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ (မိုး/ဇလ)

# တရားမဝင် ပျဉ်းကတိုးသစ်ခွဲသားများ သိမ်းဆည်းရမိ

**သထုံ ဇန်နဝါရီ ၂၅**

မွန်ပြည်နယ် ပေါင်မြို့နယ် မိုးနိုင်းရပ်ကွက်၌ ရန်ကုန်မှ မော်လမြိုင်သို့ မောင်းနှင်လာသော ၁၂ ဘီးယာဉ် တစ်စီးကို ဇန်နဝါရီ ၂၂ ရက်က သတင်းအရရှာဖွေရာ တရားမဝင် ပျဉ်းကတိုး သစ်ခွဲသားများ သိမ်းဆည်းရမိကြောင်း သိရသည်။ **(ယာပုံ)**

သထုံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ ခေါင်းဆောင် ရဲအုပ်အောင်သူနှင့် အဖွဲ့သည် ပေါင်မြို့နယ် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပေါင်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးသန်းဝင်း ဦးစီးအဖွဲ့တို့သည် ပေါင်မြို့နယ် မိုးနိုင်းရပ်ကွက် လမ်းမတန်း၌ ရန်ကုန်မှ မော်လမြိုင်လမ်းအတိုင်း ယာဉ်မောင်း



အာကာမင်း မောင်းနှင်လာသည့် ၁၂ ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရာ ပျဉ်းကတိုးသစ်ခွဲသားဆိုက်စုံ ရှစ်တန်ခန့် တွေ့ရှိရသဖြင့် ပေါင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

**နန္ဒကျော်စွာ**

# ၂၂ ဘီးယာဉ် ဆက်သွယ်ရေးကေဘယ်ကြိုးနှင့်ဗြို ဖုန်းတိုင်များ ကျိုးကျပျက်စီး

**အင်းတော် ဇန်နဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးကျေးရွာ၌ ဇန်နဝါရီ ၂၅ ရက်က ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီးအတိုင်း တောင်မှ မြောက်သို့ ရန်နိုင်ကျော် ဝမ်းတွင်းမြို့နယ်နေသူ မောင်းနှင်လာသည့် ၂၂ဘီးတွဲယာဉ်သည် မိုင်တိုင်အမှတ် (၁၆၂/၀-၁)ကြား မော်လူးအထကကျောင်းရှေ့ကိုဖြတ်၍ သွယ်တန်းထားသော ဆက်သွယ်ရေးကေဘယ်ကြိုးကို ဆွဲချိတ်မိရာ တယ်လီဖုန်းကွန်ကရစ်တိုင် သုံးတိုင်နှင့် သစ်သားတိုင်နှစ်တိုင်တို့ ကျိုးကျပြီး လမ်းနှစ်ခုဖြတ်ကူးထားသည့် တယ်လီဖုန်းအလုံး ၅၀ ကေဘယ်ကြိုးနှင့် မြေအောက်တယ်လီဖုန်းလိုင်း အလုံး ၁၀၀ ကေဘယ်ကြိုးတို့ ပြတ်တောက်ခဲ့သဖြင့် မော်လူးမြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအော်တိုအိတ်ချိန်းတာဝန်ခံ ဦးစောကုလမောင်က အရေးယူပေးရန် မော်လူး ရဲစခန်းသို့ တိုင်တန်းခဲ့ရာ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ ရန်နိုင်ကျော်ကို မော်လူးနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၁၅၆)

# ဂက်(စ်)မီးခြစ်ကို ကလေးငယ်ဆော့ကစားရာမှ မီးလောင်

**နေပြည်တော် ဇန်နဝါရီ ၂၅**

မွန်ပြည်နယ် သထုံမြို့နယ် ကျုံပါကျေးရွာ၌ ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားရာ သထုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူတို့၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ၁၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။

စစ်ဆေးချက်အရ အဆိုပါကျေးရွာနေ ဒေါ်ဝင်းကြည်(၆၀ နှစ်)သည် ကျေးရွာအတွင်းဈေးဝယ်သွားစဉ် နေအိမ်၌ ကျန်ခဲ့သည့် မြေးဖြစ်သူ မောင်ကောင်းခန့်ဦး (ငါးနှစ်)က ဂက်(စ်)မီးခြစ်ဖြင့် ဆော့ကစားရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အုပ်ထိန်းသူ ဒေါ်ဝင်းကြည်ကို သထုံမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# တရားမဝင်သစ်ခွဲသားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပျဉ်းမနားမြို့နယ် သစ်တွန်ကျေးရွာအုပ်စု ဖလောင်းရွာနှင့် စလူရွာသို့ သွားရာ လမ်းမပေါ်နှင့် စလူရွာ၏ မြောက်ဘက်တောစပ်နေရာ၌ ဇန်နဝါရီ ၂၄ ရက်က ပျဉ်းမနားမြို့မ ရဲစခန်းမှူး ဒုရဲမှူးတင်ဌေးနှင့် တပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့



သည် ပိုင်ရှင်မဲ့ တရားမဝင်သစ်ခွဲသားများနှင့် သစ်တင်လိုင်စင်မဲ့ ဆိုင်ကယ်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့မှ ပျဉ်းမနားမြို့ သစ်တွန်ကျေးရွာအုပ်စု ဇီးရိုင်းကြိုးပြင်တော ဖလောင်ရွာမှ စလူရွာသို့ သွားသည့် လမ်းမပေါ်၌ ဆိုင်ကယ်တစ်စီးပေါ်မှ ကျွန်းခွဲသား လေးချောင်းကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ သစ်တွန်ကျေးရွာအုပ်စု စလူရွာသို့ သွားရောက်စစ်ဆေးရာ စလူရွာမြောက်ဘက် မဲဟော်ကြိုးပြင်တောစပ်၌ သစ်ကိုင်းများဖြင့် ဖုံးအုပ်ထားသော ပိတောက်ခွဲသား ၁၇ ချောင်းနှင့် အခြားခွဲသား တောင်တမာသစ် ရှစ်ချောင်းတို့ကို ပိုင်ရှင်မဲ့ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**ရဲရဲ(ပျဉ်းမနား)**

# မူဆယ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ငါးသောင်းကျော် ဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ဇန်နဝါရီ ၂၄ ရက်က မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့ ကောင်းမှုလွယ်ရပ်နေ မချိန်ချီအေ၏ နေအိမ်ကိုရှာဖွေရာ နေအိမ် အိပ်ခန်းအတွင်း မှန်တင်ခုံပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၀၊ ကော်ပုံးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၄၇၀ စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၅၄၄၅၀၊ ဘိန်းဖြူဘလောက်တုံး နှစ်တုံး အလေးချိန် ၇၀၀ ဂရမ်တို့ကို သိမ်းဆည်းရမိသဖြင့် မချိန်ချီအေ(၂၁ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဆေးလိပ်မီးမှ သုသာန်ကွင်း မီးလောင်မှုဖြစ်ပွား

**သရက်ချောင်း ဇန်နဝါရီ ၂၅**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ညောင်ဇင်စံပြကျေးရွာ၌ ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က ပေါ့ဆစွာ ပစ်ချခဲ့သောဆေးလိပ်မီးမှ သုသာန်ကွင်း မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ သရက်ချောင်းမြို့နယ်မှ မီးသတ်ယာဉ်ငါးစီးနှင့် ကျေးရွာပြည်သူ နှစ်ရာကျော်ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြရာ မွန်းတည့် ၁၂ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်ရာတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ မရှိဘဲ မြက်ခြောက်၊ ရိုးပြတ်၊ ချုံနွယ်များသာ မီးစွဲလောင်ခြင်းဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူးထံမှ သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**










## ဖခင်အမည်မှန်

ပန်းတောင်းမြို့နယ်၊ အထက ဥဿျစ်ပင်မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် သတ္တမတန်းမှ မောင်ပိုင်ပိုင်ဖြိုး၏ဖခင်အမည်မှန်မှာ ဦးနေလင်းထွေး ၇/ပတန(နိုင်)၀၉၆၅၀၀ဖြစ်ပါကြောင်း။

**ဦးနေလင်းထွေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၅၈၀၁၈ Adixin 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းမြင့်ဇော် ၉/မဟမ(နိုင်)၀၆၀၃၅၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃/ညောင်ပင်ဝိုင်း၊ မြေကွက်အမှတ် ၉၀၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးညွန့်ဝင်း အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်သင်းသင်းမြတ် ၂/လကန(နိုင်)၀၀၅၁၇၉ (ဘ) ဦးတင်လုံးမှ မြေပေးမိန့်မူရင်း၊ နှစ်ဦးသဘောတူ အရပ်ကတိအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုဇယား၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# အထူးဝမ်းမြောက်ဂုဏ်ယူပါသည်ဘုရား

လောကီ၊ လောကုတ္တရာ အကျိုးတရားများ တိုးပွားအောင် ဆောင်ရွက်တော်မူလျက်ရှိသော သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ရွှေကျင်နိကာယ တွဲဖက်ရွှေကျင်သာသနာပိုင် ကျေးဇူးတော်ရှင် **သီတဂူဆရာတော်ကြီး**၏ စေတနာ၊ သဒ္ဓါတရား၊ ဝီရိယအားတို့ကို ပူဇော်ဂုဏ်ပြုသောအားဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇ ဖြင့် သာသနာတော်ဆိုင်ရာ အမြင့်ဆုံးဂုဏ်ပြုဘွဲ့တံဆိပ်တော်ဖြစ်သော **အဘိဓဇမဟာရဋ္ဌဂုရု** ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

ဆရာတော်ကြီး၏ စေတနာ၊ သဒ္ဓါတရား၊ ဝီရိယအားတို့နှင့် ထိုက်တန်သော ပူဇော်ဂုဏ်ပြုမှုအတွက် သီတဂူတပည့်များက အထူးဝမ်းမြောက် ဂုဏ်ယူရပါသည်ဘုရား။

သီတဂူတပည့်များ

၁။ သီတဂူ ဦးစိုးဝင်း (အထွေထွေအုပ်ချုပ်ရေးမှူး)

၂။ သီတဂူ လက်သမားဆရာကြီး ဦးအောင်ဆန်း

၃။ သီတဂူ ပန်းရံဆရာကြီး ဦးလွန်းမောင်

၄။ သီတဂူ ပန်းရံဆရာ ဦးစိန်မြိုင်

၅။ သီတဂူ ပန်းရံဆရာ ဦးကျော်နိုင်ဦး

၆။ သီတဂူ သံချိုသံကွေးဆရာ ကိုချိုင်း

၇။ သီတဂူပရိဘောဂဆရာ ကိုအေးမင်း

၈။ သီတဂူ ဆေးသုတ်ဆရာ ကိုညွန့်ဝေ

၉။ သီတဂူ ပရိဘောဂဆေးသုတ်ဆရာ ကိုသိန်းမြင့်ဦး

၁၀။ သီတဂူ ပန်းပုဆရာ ကိုသန်းဌေး

၁၁။ သီတဂူ လျှပ်စစ်မီးဆရာ ကိုအေးလွင်

# မြန်မာ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အနာဂတ်

**မောင်ပါဝါ**

*ဇန်နဝါရီ ၂၄ ရက်မှ အဆက်*

စီမံကိန်းတစ်ခုချင်းစီကို အကျဉ်းချုပ် ဖော်ပြသွားပါမည်။

**(က) သူ့ဌေးရေအားလျှပ်စစ်စီမံကိန်း**

သံတွဲမြို့နယ်အတွင်း သူ့ဌေးချောင်းပေါ်တွင် တမံအမြင့် ၂၉၈ ပေ၊ စက်တပ်ဆင်အင်အား ၁၁၁ မဂ္ဂါဝပ်ရှိ ဇုန်အမျိုးအစားကျောက်ဖြည့်တမံနှင့် ဆက်စပ်ရေအားလျှပ်စစ်အဆောက်အအုံများကို (၂၀၀၈-၂၀၀၉) ခုနှစ်မှ စတင်ဆောင်ရွက်လာခဲ့ရာ ဘဏ္ဍာနှစ်အလိုက်လိုအပ်ရန်ပုံငွေနှင့် ပံ့ပိုးမှုများမရရှိခဲ့၍ ယနေ့အထိ စီမံကိန်းကာလ ကိုးနှစ်ခန့်ကြာမြင့်ခဲ့ပြီဖြစ်ပြီး ရပ်နားထားရန် မဖြစ်နိုင်သော စီမံကိန်းဖြစ်ပါသည်။ (၂၀၂၀-၂၀၂၁) ခုနှစ်တွင် ပြီးစီးရန်လျာထားကြောင်း သိရှိရပါသည်။

**(ခ) ရွှေလီ (၃) ရေအားလျှပ်စစ်စီမံကိန်း**

မိုးမိတ်မြို့နယ်အတွင်း တမံအမြင့် ၃၉၄ ပေ၊ စက်တပ်ဆင်အင်အား ၁၀၅၀ မဂ္ဂါဝပ်ရှိ Roller Compacted Concrete တမံ (RCC Dam) နှင့် ဆက်စပ်ရေအားလျှပ်စစ်အဆောက်အအုံများကို ရွှေလီ (၁) စီမံကိန်းအောက်ဘက် ၇၆ မိုင်ခန့်အကွာ ရွှေလီမြစ်ပေါ်တွင် အဆင့် (၃) စီမံကိန်း (Cascaded Project) အဖြစ် ၂၀၀၉- ၂၀၁၀ ပြည့်နှစ်မှ စတင်ဆောင်ရွက်လာခဲ့ပါသည်။ ဘဏ္ဍာနှစ်အလိုက်လိုအပ်ရန်ပုံငွေနှင့် ပံ့ပိုးမှုများ မရရှိခဲ့၍ ယနေ့အထိ စီမံကိန်းမှာ ရှစ်နှစ်ခန့်ကြာမြင့်ခဲ့ပြီး ရပ်နားထားရန် မဖြစ်နိုင်သော စီမံကိန်းဖြစ်ပါသည်။ လက်ရှိ ရဲရွာစီမံကိန်း ၇၉၀ မဂ္ဂါဝပ်ထက် စက်တပ်ဆင်အင်အား ပိုမိုများပြားသဖြင့် မြန်မာနိုင်ငံတွင် အကြီးမားဆုံးရေအားလျှပ်စစ်စီမံကိန်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ တတိယမြောက် RCC တမံဖြစ်ရာ၊ ရဲရွာစီမံကိန်းအတွက် ပုပ္ပါးဒေသတွင် တည်ထောင်ထားသော "သဘာဝပိုဇိုလန်စက်ရုံ" သည်လည်း ပြန်လည်အသက်ဝင်လည်ပတ်နိုင်မည် ဖြစ်သဖြင့် နိုင်ငံအတွက် အကျိုးဖြစ်ထွန်းနိုင်မည်ကို တွေ့ရှိရပါသည်။ ယင်းစီမံကိန်းဆိုင်ရာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့အပေါ်သက်ရောက်မှု လေ့လာဆန်းစစ်ချက်များကို ဖိလစ်ပိုင်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခုမှ ပညာရှင်များ (Environmentalists) က ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး (၂၀၂၀-၂၀၂၁) ခုနှစ်တွင် ပြီးစီးရန် လျာထားကြောင်း သိရှိရပါသည်။

**(ဂ) အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း**

သီပေါမြို့နယ်အတွင်း မြစ်ငယ်မြစ် (ဒုဋ္ဌဝတီ) ပေါ်တွင် တမံအမြင့် ၃၁၈ ပေ စက်တပ်ဆင်အင်အား ၂၈၀ မဂ္ဂါဝပ်ရှိ RCC Dam နှင့် ဆက်စပ်ရေအားအဆောက်အအုံများကို လက်ရှိရဲရွာစီမံကိန်းအထက်ဘက် ၉၃ မိုင်ခန့်အကွာတွင် စီမံကိန်းအဆင့်ဆင့်ပုံစံ (Cascaded Project) အဖြစ် ၂၀၀၉-၂၀၁၀ ခုနှစ်မှ စတင်ဆောင်ရွက်လာခဲ့ပါသည်။ ယနေ့အထိ စီမံကိန်းမှာ ရှစ်နှစ်ခန့်ကြာမြင့်လာခဲ့ပြီး ဆိုင်းငံ့ထားခြင်း သို့မဟုတ် လုံးဝရပ်ဆိုင်းခြင်း မဖြစ်နိုင်ပါ။ လိုအပ် ရန်ပုံငွေ၊ ပံ့ပိုးမှုများရရှိပါက (၂၀၁၉-၂၀၂၀) ပြည့်နှစ်ကုန်တွင် ဓာတ်အားပေးစက်ရုံစတင်လည်ပတ် လျှပ်စစ်ထုတ်ယူနိုင်မည် ဖြစ်ပါသည်။

**(ဃ) အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း**

မိုးနဲမြို့နယ်အတွင်း တမံအမြင့် ၁၉၀ ပေ၊ စက်တပ်ဆင်အင်အား ၅၁ မဂ္ဂါဝပ်ရှိ မြေသားတမံနှင့် ဆက်စပ်ရေအားအဆောက်အအုံများကို လက်ရှိဆောင်ရွက်ပြီး ကျိုင်းတောင်းစီမံကိန်း(ရေတံခွန်)၏ အထက်ဘက် ၁၀ မိုင်ခန့်အကွာ နမ့်တိန်ချောင်းပေါ်တွင်ပင် အဆင့်ဆင့်စီမံကိန်းပုံစံ (Cascaded Project) အဖြစ် (၂၀၀၈-၂၀၀၉) ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါသည်။ ကိုးနှစ်ခန့်ကြာမြင့်ခဲ့ပြီး ရပ်ဆိုင်းထားရန် မဖြစ်နိုင်၍ ဘဏ္ဍာနှစ်အလိုက် လိုအပ်ရန်ပုံငွေ ပံ့ပိုးမှုများရရှိရန် လိုအပ်ပါသည်။ ယင်းစီမံကိန်းအတွက် တရုတ်နိုင်ငံ CDB ချေးငွေဖြင့် ဓာတ်အားပေးစက်ရုံတွင် တပ်ဆင်မည့် စက်မှုနှင့်လျှပ်စစ်ပစ္စည်းများ ရောက်ရှိသည်မှာ ကြာပြီဖြစ်၍ စက်ရုံအမြန်ဆုံး ပြီးစီးရန် လိုအပ်ပါသည်။ ယင်းစီမံကိန်းမှာ အလတ်စားစီမံကိန်းဖြစ်၍ ဘဏ္ဍာရန်ပုံငွေ လိုအပ်ချက်ကို ရရှိပါက (၂၀၁၈-၂၀၁၉) ခုနှစ်ကုန်တွင် စက်ရုံလည်ပတ်ဓာတ်အားထုတ်လုပ်နိုင်ကြောင်း သိရှိရပါသည်။

**(င) အလယ်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း**

ပျဉ်းမနားမြို့နယ်အတွင်း တမံအမြင့် ၂၇၂ ပေ၊ စက်တပ်ဆင်အင်အား ၁၀၀ မဂ္ဂါဝပ်ရှိ ကွန်ကရစ်တမံနှင့်ရေအားအဆောက်အအုံများကို ပေါင်းလောင်းစက်ရုံမှ ၁၆ မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင်ပင်(၂၀၁၄-၂၀၁၅) ခုနှစ်မှ စတင်ပြီး အဆင့်သုံးအဖြစ် ဆောင်ရွက်သည့်စီမံကိန်း(Cascaded Project)ဖြစ်ပါသည်။ လက်ရှိတွင် တိုင်းရင်းသားကုမ္ပဏီတစ်ခုအား BOTစနစ်ဖြင့်ဆောင်ရွက်ရန် (၃/၂၀၁၇) လတွင် သက်တမ်းကုန်ဆုံးမည့် MoU ကိုခွင့်ပြုထားကြောင်းသိရှိရပါသည်။ FSR တင်ပြနိုင်ခြင်း မရှိသေးပါ။ ယင်းကုမ္ပဏီက တွန်းတွန်းတိုက်တိုက် လုပ်ကိုင်ခြင်းမရှိလျှင် နေပြည်တော်ကောင်စီနယ်မြေအတွင်း သွားလာဆက်သွယ်ရေး၊ လုံခြုံရေးမှအစ အလုံးစုံအဆင်ပြေချောမွေ့သည့်အတွက် ဦးစီးဌာန၏ အတွေ့အကြုံရှိ ဝန်ထမ်းအင်အားနှင့် အတော်များများရပ်နားထားရသော စက်ယန္တရား/ယာဉ်များကို အကျိုးရှိစွာအသုံးချလျက် ဘဏ္ဍာရန်ပုံငွေ ဦးစားပေးဆောင်ရွက်ပါက (၂၀၁၉-၂၀၂၀) ခုနှစ်ကုန်တွင် ပြီးစီးရန် မျှော်မှန်းနိုင်ကြောင်း သိရှိရပါသည်။

**(စ) ဒီးဒုတ်ရေအားလျှပ်စစ်စီမံကိန်း**

ကျောက်ဆည်မြို့နယ်အတွင်း မြစ်ငယ်မြစ်ပေါ်တွင် တမံအမြင့် ၈၇ ပေ၊ စက်တပ်ဆင်အင်အား ၆၆ မဂ္ဂါဝပ်ရှိ ရေအားနိမ့်တမံအမျိုးအစား (Low-head Dam) Run-of-the-river Dam ကို (၂၀၁၅-၂၀၁၆) ခုနှစ်တွင် တိုင်းရင်းသားကုမ္ပဏီတစ်ခုနှင့် နိုင်ငံခြားကုမ္ပဏီတစ်ခုတို့ ပူးပေါင်းလျက် BOT စနစ်ဖြင့် ဆောင်ရွက်လုပ်ကိုင်ရန် ခွင့်ပြုခဲ့ပါသည်။ ရဲရွာရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားထုတ်ပြီးနောက် ထွက်ရှိရေကို တစ်ဖန် အောက်ဘက် ၁၂ မိုင်ခန့်အကွာတွင် တမံအနိမ့်တည်ဆောက်လျက် အကျိုးရှိစွာ ထပ်ဆင့်ဓာတ်အားထုတ်ယူသည့် စီမံကိန်းဖြစ်ပါသည်။ (၂၀၁၉-၂၀၂၀) ပြည့်နှစ်တွင် စီမံကိန်းပြီးစီးရန်နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် လျာထားကြောင်း သိရှိရပါသည်။

**ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်ယူသုံးစွဲမှု အကျဉ်းချုပ်ဖော်ပြချက်**

မြန်မာ့ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များ (Renewable Energy Resources) သုံးစွဲနိုင်မှုနှင့် ဆက်စပ်ပြီး လက်ရှိနိုင်ငံတကာတွင် ဖြစ်ထွန်းလျက်ရှိသော အခြေအနေများနှင့် မြန်မာ့လျှပ်စစ်ကဏ္ဍတို့ကို ရှေ့ပိုင်းတွင်ဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် အမျိုးအစားတစ်ခုချင်းစီကို ဆန်းစစ်သုံးသပ်နိုင်ကြပါရန် အကျဉ်းချုပ် ပြန်လည်ဖော်ပြလိုပါသည်။

**(က) နေရောင်ခြည်စွမ်းအင်** (Solar Power)

၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့စက်တပ်ဆင်အင်အား ၁၇၈၃၉၁ မဂ္ဂါဝပ်ရှိ၍ ၃ ဒသမ ၃ ရာခိုင်နှုန်းဖြစ်ပါသည်။ Rooftop Solar pV မှာ ၈၃ ရာခိုင်နှုန်းအထိရှိ၍ ထိန်းသိမ်းမှုဝန်ကျဉ်းသည့်အပြင် ကာဗွန်ထုတ်လွှတ်မှုကင်းစင်၍ ဆွဲဆောင်မှုရှိနေပါသည်။ သို့ရာတွင် နေရောင်ခြည်လုံလောက်စွာရရှိမှုအပေါ်မူတည်သဖြင့် တစ်နေ့လျှင် ၇ နာရီခန့်သာ လျှပ်စစ်ရရှိခြင်း၊ တိမ်တိုက်များဖုံးအုပ်ခြင်း၊ မိုးအုံ့ဆိုင်းခြင်း၊ မိုးရွာသွန်းခြင်းစသည့် အခြေအနေများတွင် ထုတ်လုပ်မှု ၅၀ ရာခိုင်နှုန်းအထိကျဆင်းနိုင်ပါသည်။ ဓာတ်အားစနစ်နှင့် ချိတ်ဆက် ဓာတ်အားဖြန့်ဖြူးရာတွင် ဝင်လိုက်/ထွက်လိုက် သဘာဝဖြစ်၍ ထွက်ခွာချိန်အတွက် အရန်ဓာတ်အားစနစ် ရှိရန်လိုအပ်ပါသည်။ ကုန်ကျစရိတ် မြင့်မားခြင်း၊ အပူလှိုင်းကိုဖြတ်ကျော်ပို့သန်းသည့် ဝှက်တိရစ္ဆာန်များ သေကျေမှုများရှိခြင်း၊ စက်တပ် ဆင်အင်အား ရာဂဏန်း/ထောင်ဂဏန်းမရရှိနိုင်သည့်အပြင် ဈေးကွက်တွင် ယှဉ်ပြိုင် နိုင်စွမ်းမရှိခြင်းတို့ကို တွေ့ရှိရပါသည်။ အမျိုးသားစွမ်းအင် ကော်မတီ၏ နှစ် ၂၀ လျှပ်စစ်မဟာစီမံချက်အရ (၂၀၂၀ - ၂၀၂၁) ခုနှစ်ကုန်တွင် နေရောင်ခြည်စွမ်းအင်ကို ၃၀၀ မဂ္ဂါဝပ် ပါဝင်ထည့်သွင်းထားပါသည်။

**နိုင်ငံကြီးများကိုအားကျပြီး ကောင်းနိုးရာရာများ ထောက်ပြနေကြရုံဖြင့် တစ်လုံးတစ်ခဲတည်းလျှပ်စစ်မရရှိနိုင်ပါ။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့အပေါ် သက်ရောက်ထိခိုက်မှုများ အသက်သာဆုံးဖြစ်စေမည့် ကုစားမှုအစီအမံများ (Mitigation Measures) ဖြင့် အချိန်ဖင့်နွှဲခြင်းမရှိစေဘဲ (ယခုပင် နောက်ကျနေပြီ ဖြစ်သည်) မလွဲမသွေချက်ချင်း ဦးစားပေးဆောင်ရွက်လုပ်ကိုင်မှသာလျှင် နိုင်ငံသားများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ လူမှုစီးပွားသုံးစသည်တို့အတွက် လိုအပ်ချက် လွန်စွာမြင့်မားနေသော လျှပ်စစ်ကို စက်တပ်ဆင်အင်အား ရာဂဏန်း / ထောင်ဂဏန်းမဂ္ဂါဝပ်တို့ဖြင့် အချိန်မီဖြည့်ဆည်းပေးနိုင်မည်ဖြစ်**

**(ခ) လေစွမ်းအင်** (Wind Energy)

၂၀၁၃ ခုနှစ်အကုန်အထိ ကမ္ဘာ့စက်တပ်ဆင်အင်အား ၃၁၈၀၀၀ မဂ္ဂါဝပ် ၁၂ ဒသမ ၂ ရာခိုင်နှုန်းရှိပါသည်။ ကာဗွန်ထုတ်လုပ်မှုကင်းစင်၍ သဘာဝပတ်ဝန်းကျင်နှင့် မိတ်ဖက်ဖြစ်ပါသည်။ သို့ရာတွင် ခလုတ်အဖွင့်၊ အပိတ်ဖြင့် ချက်ချင်းတပ်ဆင်လေစွမ်းအင် အသုံးပြုရန်/ ရပ်နားရန် လုပ်ဆောင်နိုင်ခြင်းမရှိပါ။ လေတိုက်ခတ်နှုန်း နည်းလွန်း၊ များလွန်းသော အခြေအနေများတွင် အလုပ်မလုပ်နိုင်ပါ။ WWEA အစီရင်ခံစာအရ လျှပ်စစ်ထုတ်လုပ် အသုံးပြုကုန်ကျစရိတ်မှာ US Cent 4.3- 7.5/ kWh ရှိပါသည်။ ကုန်းတွင်းပိုင်း၊ ကမ်းလွန်ပိုင်းတို့တွင် ၅ မဂ္ဂါဝပ်အထိရှိ လေစွမ်းအင် တည်ဆောက်မှု ကုန်ကျစရိတ်မှာ USD 7.5 - 12 million ဖြစ်၍ ကုန်ကျစရိတ်ကြီးမားပါသည်။ စက်တပ်ဆင်အင်အား ၅၀ မဂ္ဂါဝပ်၊ ၁၀၀ မဂ္ဂါဝပ်အထိရရှိရန်ခက်ခဲပါသည်။ Wind Farms များကြောင့် သဘာဝပတ်ဝန်းကျင် အနှောင့်အယှက်ဖြစ်စေ၍ လေရဟတ်ဒလက်များကို ဖြတ်ကျော်ပျံသန်းငှက်များ သေကျေပျက်စီးနိုင်ပါသည်။ NEMC ၏ မြန်မာ့စွမ်းအင်စီမံချက် နှစ် ၂၀ လျှပ်စစ်မဟာဗျူဟာတွင် ထည့်သွင်းပါဝင်ခြင်း မရှိပါ။

**(ဂ) ဘူမိအပူစွမ်းအင်** (Geothermal)

ကမ္ဘာ့စက်တပ်ဆင်အင်အား ၁၂၀၀၀ မဂ္ဂါဝပ် ၀ ဒသမ ၇ ရာခိုင်နှုန်းခန့်သာရှိပါသည်။ ၂၄ နာရီ စဉ်ဆက်မပြတ်လျှပ်စစ်ထုတ်ယူနိုင်ခြင်း၊ လယ်ယာမြေများ၊ ရေလွှမ်းမိုးမှုမရှိခြင်း၊ အခြေခံဝန်အားအဖြစ် အသုံးပြုနိုင်ခြင်း၊ ကာဗွန်ထုတ်လွှတ်မှုမရှိခြင်းတို့ကြောင့် ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံကြီးတချို့တွင် တပ်ဆင်အသုံးပြုလျက်ရှိပါသည်။ သို့ရာတွင် စီးပွားဖြစ်အသုံးပြုရန် အရွယ်အစားရရှိမှု ခက်ခဲ၍ မြေအောက် ပေ ၁၅၀၀၊ ပေ ၂၀၀၀ စသည်အထိ နက်ရှိုင်းစွာတူးဖော်ရသည့် စိန်လွန်တွင်း (Drill Holes) တစ်တွင်းမှာ တစ်ခုကုန်ကျစရိတ် USD 2.8 - 7.0 million အထိ ကုန်ကျစရိတ်မြင့်မားပါသည်။ နိုင်ငံတကာတွင် ယင်းစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးမပြုကြသေးပါ။ စိန်လွန်တွင်း တူးဖော်ရာမှ အန္တရာယ်ဖြစ်စေသော ဓာတ်ငွေ့များထွက်ရှိနိုင်ပါသည်။ မြန်မာနိုင်ငံဒေသအနှံ့တွင် ၉၃ နေရာကို စူးစမ်းလေ့လာခဲ့ရာ သဘာဝရေပူစမ်းများအဖြစ်သာ တွေ့ရှိရ၍ စီးပွားဖြစ် လျှပ်စစ်ထုတ်ယူရရှိရန် မဖြစ်နိုင်သေးဘဲ NEMC ၏ မြန်မာ့စွမ်းအင်စီမံချက် နှစ် ၂၀ လျှပ်စစ်မဟာဗျူဟာ တွင်လည်း ထည့်သွင်းပါဝင်ခြင်း မရှိပါ။

**(ဃ) ရေလှိုင်းနှင့် ဒီရေစွမ်းအင်** (Wave and Tidal Power)

ကမ္ဘာ့ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စက်တပ်ဆင်အင်အား၏ ၁၁၇၆ : ၁ သာရှိပါသည်။ ကာဗွန်ကင်းစင်၍ သဘာဝပတ်ဝန်းကျင်နှင့် မိတ်ဖက်ဖြစ်သော်လည်း ပင်လယ်ကမ်းရိုးတန်း၊ ပင်လယ်ပြင်နှင့် ဆက်စပ်ဒေသများတွင် ရေလှောင်ကန်များ ဖန်တီးတည်ဆောက်ရ၍ ကုန်ကျစရိတ်များပြားသဖြင့် နိုင်ငံ အတော်များများမှ စိတ်ဝင်စားမှုမရှိပါ။ ပြင်သစ်နှင့် ဗြိတိန်(UK) နိုင်ငံတို့တွင်သာ စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ရာဂဏန်း၊ ထောင်ဂဏန်းတို့ဖြင့် တစ်ခုစ၊ နှစ်ခုစ တည်ဆောက်နိုင်ပါသည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံအနေဖြင့် ဘဏ္ဍာငွေကြေးအရလည်းကောင်း၊ ကျွမ်းကျင်မှုပိုင်းအရ လည်းကောင်း စဉ်းစားနိုင်ရန် လောလောဆယ်ဖြစ်နိုင်စွမ်းရှိမည် မဟုတ်ပါ။ အမျိုးသားစွမ်းအင်ကြီးကြပ်မှုကော်မတီ (NEMC) ၏ မြန်မာ့စွမ်းအင် စီမံချက် နှစ် ၂၀ လျှပ်စစ်မဟာဗျူဟာတွင် ထည့်သွင်းပါဝင်ခြင်း မရှိပါ။

**(င) ဇီဝပစ္စည်းလောင်စာစွမ်းအင်** (Electricity from Biomass)

ကမ္ဘာ့စက်တပ်ဆင် အင်အား၏ ၈ ရာခိုင်နှုန်းမျှသာရှိသဖြင့် နိုင်ငံအသီးသီးတွင် ဇီဝပစ္စည်းအသုံးပြုလျှပ်စစ်ထုတ်ယူမှု အလွန်နည်းပါးပါသည်။ မြန်မာနိုင်ငံတွင် ဇီဝပစ္စည်းတချို့ကို စက်မှု၊ လက်မှု လုပ်ငန်းသုံးနှင့် နေ့စဉ်လူမှုဘဝရှင်သန်ရန် ထုတ်ယူအပူ (Heat)အဖြစ်သာ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ မြန်မာနိုင်ငံ ကျေးလက်ဒေသများတွင် တိရစ္ဆာန်များမှ စွန့်ပစ်အညစ်အကြေး (Waste) အသုံးပြု လျှပ်စစ်မီးလင်းရေးအတွက် တစ်ပိုင်တစ်နိုင်သုံးလုပ်ရှားမှုဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် ပျောက် ကွယ်သလောက်ရှိနေပြီဖြစ်ပါသည်။

**(စ) ရေအားလျှပ်စစ်** (Hydroelectric Power)

မြန်မာနိုင်ငံ၏ လက်ရှိရောစပ်စွမ်းအင် (Energy Mix) အရ လည်းကောင်း၊ ရောစပ်ထုတ်လုပ်ဖြန့်ဖြူးမှု (Generation Mix) အရ လည်းကောင်း ရေအားလျှပ်စစ်သည် ၆၅ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ တာဝန်ယူထားပါသည်။ အာဆီယံ ၁၀ နိုင်ငံအတွင်း လျှပ်စစ်ကဏ္ဍတွင် ဒုတိယအနိမ့်ကျဆုံး ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပါသည်။ ရေအားလျှပ်စစ်အရင်းအမြစ်များ(Hydropower Resources) ကိုလက်ရှိထုတ်ယူသုံးစွဲမှုမှာဖြစ်မြောက် ထုတ်ယူနိုင်စွမ်းရှိသည့်ပမာဏ၏ ၈ ဒသမ ၄ ရာခိုင်နှုန်းသာရှိပါသည်။ နိုင်ငံကြီးများကိုအားကျပြီး ကောင်းနိုးရာရာများ ထောက်ပြနေကြရုံဖြင့် တစ်လုံးတစ်ခဲတည်းလျှပ်စစ်မရရှိနိုင်ပါ။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့အပေါ် သက်ရောက်ထိခိုက်မှုများ အသက်သာဆုံးဖြစ်စေမည့် ကုစားမှုအစီအမံများ (Mitigation Measures) ဖြင့် အချိန်ဖင့်နွှဲခြင်းမရှိစေဘဲ (ယခုပင် နောက်ကျနေပြီ ဖြစ်သည်) မလွဲမသွေချက်ချင်း ဦးစားပေးဆောင်ရွက်လုပ်ကိုင်မှသာလျှင် နိုင်ငံသားများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ လူမှုစီးပွားသုံးစသည်တို့အတွက် လိုအပ်ချက် လွန်စွာမြင့်မားနေသော လျှပ်စစ်ကို စက်တပ်ဆင်အင်အား ရာဂဏန်း၊ ထောင်ဂဏန်းမဂ္ဂါဝပ်တို့ဖြင့် အချိန်မီ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။ ဥပမာ-နိုင်ငံပိုင်ငွေကြေးဖြင့် ဆောင်ရွက်ဆဲ ရေအားလျှပ်စစ်စီမံကိန်း လေးခု (သူ့ဌေး/ ရွှေလီ (၃)/ အထက်ရဲရွာ/ အထက် ကျိုင်းတောင်း) မှ စက်တပ်ဆင်အင်အား ၁၄၉၂ မဂ္ဂါဝပ်၊ BOT စီမံကိန်းနှစ်ခု (အလယ်ပေါင်းလောင်း/ ဒီးဒုတ်)တို့မှ ၁၆၆ မဂ္ဂါဝပ် စုစုပေါင်း စက်တပ်ဆင်အင်အား ၁၆၅၈) မဂ္ဂါဝပ်၊ JV/ BOT စီမံကိန်း အထက်သံလွင် (ကွမ်းလုံ) ၁၄၀၀ မဂ္ဂါဝပ် (JVA လက်မှတ်ရေးထိုးပြီး) စုစုပေါင်း ဆောင်ရွက်ဆဲ စီမံကိန်း ခုနစ်ခုတို့သည် (၂၀၁၉-၂၀၂၀) ပြည့်နှစ်ကုန်နှင့် (၂၀၂၀-၂၀၂၁) နှစ်ကုန်တွင် ငွေကြေးပစ္စည်းပံ့ပိုးမှု ဦးစားပေးပါက ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများဖြစ်ကြောင်း သုံးသပ်နိုင်ပါသည်။ အဆိုပါစီမံကိန်း ခုနစ်ခုအနက် လေးခုမှာ ရပ်ဆိုင်း၍ မရနိုင်ဘဲ ဆောင်ရွက်ဆဲ လမ်းခုလတ်သို့ ခရီးအတော်ရောက်ရှိနေပြီဖြစ်ပါသည်။ တမံများတည်ဆောက်မှုနှင့် ရေဝပ်ဧရိယာများဖုံးလွှမ်းမှုကြောင့် လူနေအိမ်ရာများ၊ စီးပွားရေးအခြေခံအဆောက်အအုံများမှာ အများစုဆန့်ကျင်နေသလိုမဟုတ်ဘဲ ထိခိုက်ပျက်စီးမှု မရှိသလောက်ပင်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီ (NEMC) ၏ Myanmar Energy Master Plan အရ ရေအားလျှပ်စစ်ကဏ္ဍ၌ ၂၀၂၀ ပြည့်နှစ်ကုန်တွင် ၄၄၆၂ မဂ္ဂါဝပ်သည်လည်းကောင်း၊ ၂၀၃၀ ပြည့်နှစ်ကုန်တွင် ရေအားလျှပ်စစ်မှ ၇၄၅၀ မဂ္ဂါဝပ် (အရန်မျှော်မှန်းဓာတ်အားမပါ)နှင့် ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့၊ နေရောင်ခြည်နှင့် မျှော်မှန်းအရန်ဓာတ်အားတို့ အပါအဝင် စုစုပေါင်း စက်တပ်ဆင်အင်အား ၁၄၉၈၀ မဂ္ဂါဝပ် သည်လည်းကောင်း အမှန်လက်တွေ့ဖြစ်နိုင်ခြေရှိသော ပမာဏဖြစ်သည်ကို ခန့်မှန်းတွေ့ရှိရပါသည်။ အရေးကြီးသည်မှာ စီမံချက် အောင်မြင်အောင် ဖြည့်ဆည်းပေးရန်သာ လိုအပ်ပါသည်။

**မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍနှင့် သဘာဝဓာတ်ငွေ့**

မြန်မာနိုင်ငံ၏ အမျိုးသားလျှပ်စစ်မဟာစီမံချက်အရ (၂၀၃၀-၂၀၃၁) ခုနှစ်ကုန် ရရှိနိုင်မည့် ၁၄၉၈၀ မဂ္ဂါဝပ် ရောစပ်လျှပ်စစ်စက်တပ်ဆင်အင်အား (Generation Mix) တွင် နေရောင်ခြည် (Solar)၊ သဘာဝဓာတ်ငွေ့ (Natural Gas)၊ ရေနံ (Oil/ Gas)၊ ကျောက်မီးသွေး (Coal)နှင့် ရေအားလျှပ်စစ် (Hydropower) တို့ပါဝင်လျက် ရှိကြသည့်အနက် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် နေရောင်ခြည်/ ရေအားလျှပ်စစ်တို့သည် ၅၁ ဒသမ ၇ ရာခိုင်နှုန်းပါဝင်ကြောင်း တွေ့ရှိရပါသည်။ ဦးစွာ မြန်မာနိုင်ငံ၏ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို သဘာဝဓာတ်ငွေ့နှင့်ပါဆက်စပ်ပြီး လေ့လာသိရှိကြရန် လိုအပ်မည်ဖြစ်ပါသည်။

*ဆက်လက်ဖော်ပြပါမည်*

# မဆိုင်တဲ့အပေါက် ဂလိုင်နဲ့မခေါက်ပါနဲ့

**မောင်ငြိမ်းအေး**

**သတင်းမီဒီယာသမား သတင်းရေးသားသူတွေဟာ အများပြည်သူအကျိုးငှာ မှန်ရာကိုထုတ်ဖော်ရေးသားခွင့်ရှိသလို လွတ်လပ်စွာ သဘောကွဲလွဲ ဝေဖန်ရေးသားခွင့်ရှိပါတယ်။ အလားတူပဲ သတင်းမီဒီယာသမား အယ်ဒီတာတွေဟာလည်း ရေးသားလာတဲ့စာမူတွေကို မှန်၏၊ မမှန်၏။ အထောက်အထား ခိုင်လုံမှုရှိ၊ မရှိ။ ယုတ္တိတန်မှုရှိ၊ မရှိ။ ရေးသားတင်ပြပုံ ကောင်း၊ မကောင်း။ မိမိတို့ရဲ့မူဝါဒနဲ့ကိုက်ညီမှု ရှိ၊ မရှိ စသည်ဖြင့် ရွေးချယ်စိစစ်တည်းဖြတ်ပြီးမှ ဖော်ပြရပါတယ်။**

သတင်းအချက်အလက်မှန်၏၊ မမှန်၏ဆိုရာမှာ သက်ဆိုင်ရာသတင်းဌာနက အသိအမှတ်ပြုလက်ခံတဲ့ သတင်းရေးသူ၊ စာရေးသူတစ်ယောက်ဟာ မိမိရေးလိုက်တဲ့သတင်း၊ စာမူကို အမှန်ကန်ဆုံးဖြစ်အောင် အထောက်အထားပြည့်ပြည့်စုံစုံနဲ့ ခိုင်ခိုင်မာမာပြုလုပ်ပြီး ကိုယ်ရေးတဲ့သတင်း၊ စာမူကို အထပ်ထပ်စစ်ဆေးပြီး သေချာပြီလို့ယုံကြည်ပြီးမှ မိမိသတင်း၊ စာမူမှန်ကန်ကြောင်း တာဝန်ယူမှုနဲ့အတူ သက်ဆိုင်ရာအယ်ဒီတာတွေဆီ ပို့ရပါတယ်။ အယ်ဒီတာတွေကလည်း သတင်း၊ စာမူဟာ အများပြည်သူနဲ့သက်ဆိုင်ခြင်း ရှိ၊ မရှိ၊ စိတ်ဝင်စားမှု ရှိ၊ မရှိ၊ အများပြည်သူအကျိုး ရှိ၊ မရှိ၊ မှန်ကန်မှု ရှိ၊ မရှိ အထပ်ထပ်စစ်ဆေးတည်းဖြတ်ပြီးမှ ဖော်ပြရပါတယ်။

ဒီနေရာမှာ မူရင်းသတင်း၊ စာမူ မှန်ကန်ခြင်းရှိ မရှိဆိုတဲ့နေရာမှာ အယ်ဒီတာတွေဟာ အတွေ့အကြုံ၊ အတွေးအခေါ်၊ အမြော်အမြင်၊ ဗဟုသုတရှိ မရှိဆိုတဲ့အပေါ်မှာ အဓိကကျသလို သတင်းရေးသူ၊ စာမူရေးသူဟာ ပိုပြီးရှေးဦးအရေးကြီးတယ်လို့ ဆိုချင်ပါတယ်။ သတင်းရေးသူ၊ စာရေးသူက မတိကျ၊ မမှန်ကန်ခဲ့တာကို အယ်ဒီတာက မဖမ်းနိုင်ခဲ့ရင် ပြဿနာတက်တော့တာပါပဲ။ ဒါကြောင့် ဦးစွာရေးသားကြသူတွေဟာ ခိုင်ခိုင်မာမာရေးဖို့ လိုသလို စာနယ်ဇင်းနဲ့ပတ်သက်တဲ့ ကျင့်ဝတ်စည်းမျဉ်း၊ စည်းကမ်းတွေကိုလည်း သိရှိထားဖို့လိုပါတယ်။

အကယ်၍ ကိုယ်ရေးလိုက်တဲ့ သတင်း၊ စာမူ၊ ကိုယ်ဖော်ပြလိုက်တဲ့သတင်း၊ စာမူတစ်ခုဟာ မှားယွင်းသွားခဲ့မယ်ဆိုရင် မှားယွင်းသွားခဲ့တဲ့အချက်ကို မည်သို့မှားယွင်းသွားကြောင်း သက်ဆိုင်ရာနဲ့စာဖတ်သူတို့ကို လေးစားသောအားဖြင့် အလျင်အမြန်ဝန်ခံပြီး အမှားပြင်ဆင်ချက်ထည့်ပေးတာတို့၊ လိုအပ်လျှင် ဝန်ခံတောင်းပန်တာတို့ကို မလွဲမသွေပြုလုပ်ရပါတယ်။ မိမိဟာ သတင်းမီဒီယာ ပရော်ဖက်ရှင်နယ်ပီသတယ်ဆိုရင် အမှားရှိရင် ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်ရမှာဖြစ်ပါတယ်။

မိမိရေးလိုက်တဲ့ သတင်း၊ စာမူနဲ့ပတ်သက်ပြီး ပဋိပက္ခဖြစ်ခဲ့ရင် ဒါမှမဟုတ် တစ်ဦးနဲ့တစ်ဦး စွပ်စွဲပြစ်တင်ပြီး သူမှန်၊ ကိုယ်မှန် အငြင်းပွားခဲ့ရင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို တင်ပြတိုင်ကြားပြီး ပြဋ္ဌာန်းထားတဲ့ သတင်းမီဒီယာ ဥပဒေ၊ နည်းဥပဒေ၊ သတင်းမီဒီယာကျင့်ဝတ်တွေနဲ့အညီ အဆုံးအဖြတ်ခံယူ ဖြေရှင်းကြရမှာဖြစ်ပါတယ်။ အဲဒီကမှ မကျေနပ်သေးဘူးဆိုရင်တော့ သက်ဆိုင်ရာ တရားရုံးကို ဦးတိုက်လျှောက်ထားပြီး တရားစွဲတာတို့၊ အမှုဖွင့်တာတို့ လုပ်နိုင်ကြပါတယ်။

လက်ရှိအခြေအနေမှာ သတင်းမီဒီယာနဲ့ပတ်သက်ပြီး ပြဿနာတွေ ပေါ်ပေါက်လာတဲ့အခါ လုပ်သင့်လုပ်ထိုက်တဲ့ ပြဿနာဖြေရှင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်တွေကနေ သွေဖည်ပြီး သတင်းမီဒီယာသမားချင်း ဖြစ်စေ၊ သတင်းမီဒီယာနဲ့ အဖွဲ့အစည်းချင်းဖြစ်စေ စွပ်စွဲပြစ်တင်တာတွေ၊ အမှုဖွင့်တာတွေ၊ တရားစွဲတာတွေကို မြင်တွေ့လာရတဲ့အတွက် စိတ်မကောင်းဖြစ်ရပါတယ်။

မကြာသေးမီကာလက ပြင်ပသတင်းထောက်နှစ်ဦး သတင်းဆောင်းပါး ရေးသားမှုနဲ့ပတ်သက်ပြီး အပြန်အလှန်အမှုဖွင့်တိုင်ကြားပြီး ပြဿနာတွေ ဖြစ်ခဲ့ပြီးတဲ့နောက် နှစ်ဦးသဘောတူကျေအေးပြီးမှ ပြန်ကြားရေးဝန်ကြီးဌာန အပေါ် ပုတ်ခတ်ရေးသားလာတာကို တွေ့လိုက်ရပါတယ်။ ဒီလိုရေးသားလာတဲ့ အတွက် သတင်းထောက်နှစ်ဦးဖြစ်ခဲ့တဲ့ပြဿနာနဲ့ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ဆိုင်၊ မဆိုင် စောကြောမိပါတယ်။

ဖြစ်စဉ်မှာ နိုင်ငံတော်အစိုးရရဲ့ ရက် ၁၀၀ စီမံချက်နဲ့ပတ်သက်ပြီး နိုင်ငံပိုင် သတင်းစာတွေမှာ အထူးကဏ္ဍဖွင့်လှစ်ဖော်ပြခဲ့ရာ ကြေးမုံသတင်းစာမှာ သတင်း ရေးသားတဲ့ ပြင်ပသတင်းထောက် ဇော်မင်းအောင်က "နေပြည်တော်မြို့မဈေးကြီး ရက် ၁၀၀ စီမံချက်အတွင်း စည်းကမ်းတကျဆောင်ရွက်ထားမှုအား တစေ့တစောင်း လေ့လာတင်ပြခြင်း" သတင်းဆောင်းပါးတစ်ပုဒ်ရေးသားပေးပို့ခဲ့ရာ ၃၀-၇-၂၀၁၆ ရက်နေ့ထုတ်ကြေးမုံသတင်းစာမှာ ဖော်ပြပါရှိခဲ့ပါတယ်။

ထိုသို့ဖော်ပြခဲ့တာကို ပြင်ပသတင်းထောက် မြို့မထွန်းက "အပြင်မှာသာမက... နိုင်ငံပိုင်သတင်းစာရဲ့ စာမျက်နှာပေါ်တက်ပြီးလည်း လိမ်ဝံ့သူ" ဆိုတဲ့ခေါင်းစဉ်နဲ့ အဆိုပါသတင်းဆောင်းပါးအပေါ် ယုံကြည်မည်စိုး၍ အမှန်တရားဖော်ထုတ် ရေးသားခြင်းဖြစ်ကြောင်း စသည်ဖြင့် သတင်းဆောင်းပါးရေးသားပြီး ၉-၈-၂၀၁၆ ရက်နေ့ထုတ် တူမောရိုးဂျာနယ်မှာ ဖော်ပြခဲ့ပါတယ်။ ဒါ့အပြင် ပြန်ကြားရေးဝန်ကြီး ဌာနမှာ ၁၆-၈-၂၀၁၆ ရက်နေ့က ကျင်းပခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြင်ပ သတင်းထောက်မြို့မထွန်းက မေးမြန်းဆွေးနွေးခဲ့ပြီး ကြေးမုံသတင်းစာမှာ သတင်း ရေးနေတဲ့ ပြင်ပသတင်းထောက် ဦးဇော်မင်းအောင်ကို ပုတ်ခတ်ပြောဆိုခဲ့ပါတယ်။

အဲဒီနောက် ပြင်ပသတင်းထောက် ဦးဇော်မင်းအောင်က စောင့်ကြည့် သတင်းဂျာနယ် ပြင်ပသတင်းထောက် မြို့မထွန်းအား ဖုန်းဖြင့်ဆက်သွယ်ပြော ကြားခဲ့မှုအပေါ် မြို့မထွန်းက ၎င်းအား အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မလျော်သြဇာသုံးခြင်း၊ ခြိမ်းခြောက်ခြင်းတို့ဖြင့် ဖုန်းပြောဆိုမှုအတွက် အရေးယူပေးပါရန် ၁၁-၈-၂၀၁၆ရက်နေ့က ပျဉ်းမနားမြို့နယ် အမှတ်(၁)ရဲစခန်းသို့တိုင်ကြားခဲ့ရာ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) နဲ့ အမှုဖွင့်ဆောင်ရွက်ခဲ့ပါတယ်။ ကြေးမုံ သတင်းစာရဲ့ ပြင်ပသတင်းထောက် ဦးဇော်မင်းအောင်ကလည်း ၎င်းအပေါ် ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်သူ မြို့မထွန်းအား ၎င်းရေးသားပြောဆိုမှု တွေကို အထောက်အထားပြုလုပ်ပြီး ၁၇-၈-၂၀၁၆ ရက်နေ့မှာ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)နဲ့ ပြန်လည်အမှုဖွင့်ခဲ့ပါတယ်။

သတင်းထောက်နှစ်ဦး အပြန်အလှန် အမှုဖွင့်တိုင်ကြားမှုအပေါ် ရဲစခန်းက အမှုဖွင့်စုံစမ်းစစ်ဆေးခဲ့ရာ ဦးဇော်မင်းအောင်ရဲ့ တိုင်ကြားမှုဟာ အထောက်အထား ခိုင်လုံလို့ မြို့မရဲစခန်းက ချုပ်ရက်ရမန်ယူပြီး မြို့မထွန်းကို ဖမ်းဆီးခဲ့ပါတယ်။ မြို့မထွန်းကို ခြောက်ရက်မြောက်ချုပ်နှောင်ထားစဉ် စောင့်ကြည့်သတင်းဂျာနယ်မှ တာဝန်ရှိသူတွေက ဦးဇော်မင်းအောင်နဲ့ညှိနှိုင်းခဲ့ရာ ၂-၁၂-၂၀၁၆ ရက်နေ့မှာ အမှုရုပ်သိမ်းခဲ့တဲ့အပြင် စောင့်ကြည့်သတင်းဂျာနယ်ရဲ့ ၁၇-၁၂-၂၀၁၆ ရက်နေ့ထုတ်မှာ အမှုရုပ်သိမ်းပေးခဲ့တဲ့ ဦးဇော်မင်းအောင်ကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြပေးခဲ့ပါတယ်။ ဒါဟာ ကောင်းမွန်တဲ့ အပေါင်းလက္ခဏာလို့ဆိုရမှာပါ။

ယနေ့ကာလမှာ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ဝေဖန်ပြောဆိုရေးသားလာကြတဲ့နေရာမှာ ကိုယ်ပြောဆိုရေးသားဝေဖန်တဲ့ အချက်အလက်ခိုင်မာမှုမရှိလို့ တစ်ဖက်ကမကျေနပ်ရင် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)နဲ့ တရားစွဲကြတာဟာ စိတ်မချမ်းမြေ့စရာအမှုတွေပါပဲ။ တကယ်တော့ ဒီလိုအမှုမျိုး မဖြစ်တာသာ အကောင်းဆုံးပါ။ ဥပဒေအရတော့ ပြဋ္ဌာန်းထားတဲ့ဥပဒေနဲ့ ငြိစွန်းရင် အရေးယူခံရမှာ ဓမ္မတာပါပဲ။ အဲဒီတော့ အရေးယူမခံရအောင် တစ်စုံတစ်ဦးကို တာဝန်ပေးစေခိုင်းတာ၊ ပါဝင်ပတ်သက်တာတွေ မရှိခဲ့ပါဘူး။ ဒါပေမယ့် ပြင်ပ သတင်းထောက် ဦးမောင်မောင်ထွန်း(မြို့မထွန်း)ဟာ ၎င်းကို ပြန်ကြားရေး ဝန်ကြီးဌာနကပဲ စီစဉ်ညွှန်ကြားလို့ အမှုဖွင့်သလိုလို အထင်ရောက်ပြီး မကျေနပ်လို့ အစိုးရနဲ့ပြန်ကြားရေးဝန်ကြီးဌာနကိုပါ မမှန်ကန်တဲ့အချက်အလက်နဲ့ ဝေဖန်တိုက် ခိုက်ပြောဆိုလာတာဟာ အစိုးရဌာနရဲ့ဂုဏ်သိက္ခာကို ထိခိုက်နေလို့ သတိပေး ချင်ပါတယ်။

ဒီမိုကရေစီခေတ်မှာ အမှန်တရားကို ဖော်ထုတ်ရေးသားခွင့်၊ လွတ်လပ်စွာ ဝေဖန်ခွင့်ရှိလို့ အစိုးရတစ်ရပ်ကိုဖြစ်ဖြစ်၊ အဖွဲ့အစည်းတစ်ခုကိုဖြစ်ဖြစ်၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုဖြစ်ဖြစ် ပြစ်တင်စွပ်စွဲဝေဖန်တာတွေ ပြုလုပ်လို့ ရပါတယ်။ ဒါပေမယ့် ကိုယ့်ရဲ့ဝေဖန်ချက်ဟာ တိကျမှန်ကန်ဖို့၊ အထောက်အထား ခိုင်လုံဖို့လိုပါတယ်။ အကယ်၍ အထင်၊ အကြားနဲ့ တစ်စုံတစ်ဦးတစ်ဖွဲ့ကို ပြောဆိုဝေဖန်တာ၊ ပြစ်တင်တာတွေ လုပ်ခဲ့မယ်ဆိုရင်တော့ ပဋိပက္ခတွေ၊ အမှု အခင်းတွေ၊ အကျယ်အကျယ်မငြိမ်းဖွယ်တွေ ဖြစ်တတ်တယ်ဆိုတာကို လက်ရှိ ကာလ မီဒီယာအမှုအခင်းများက သက်သေပြနေပါတယ်။ တကယ်တော့ မီဒီယာနဲ့ပတ်သက်ပြီး အငြင်းပွားဖွယ် ဒါမှမဟုတ် ပြဿနာတစ်စုံတစ်ရာဖြစ်လာ ခဲ့ရင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှတစ်ဆင့် ဖြေရှင်းဆောင်ရွက်ပြီး မကျေနပ်မှလုပ်သင့်ရာကို ဆက်လုပ်ကြတာ အကောင်းဆုံးဖြစ်ပါတယ်။

ပြင်ပသတင်းထောက်နှစ်ဦးရဲ့ သူမှန်တယ်၊ ငါမှန်တယ် ဖြစ်တဲ့ကိစ္စကို အစိုးရအဖွဲ့အစည်းတစ်ခုကို ပြစ်တင်ဝေဖန်လိုက်တာဟာ မဆိုင်တဲ့အပေါက် ဂလိုင်နဲ့ခေါက်လိုက်သလိုပါပဲ။ ခိုင်မာတိကျရင် လွတ်လပ်စွာ ပြောဆိုဝေဖန် ရေးသားခွင့်ရနေတဲ့ကာလမှာ တစ်ဦးနဲ့တစ်ဦးဖြစ်တဲ့ကိစ္စကို အကြောင်းပြုပြီး မသက်ဆိုင်တဲ့ အစိုးရအဖွဲ့အစည်းတစ်ခုကို ဝေဖန်စွပ်စွဲလိုက်တာဟာ နိုင်ငံရေး အမြတ်ထုတ်တဲ့သဘော သက်ရောက်နေပါတယ်။ ဒါကိုတစ်ဖက်ရဲ့ ဂုဏ်သိက္ခာ ကို ထိခိုက်လို့ ပြန်လည်တုံ့ပြန်မယ်ဆိုရင် မဖြစ်သင့်မဖြစ်ထိုက်တဲ့ အမှုအခင်း တွေနဲ့ ကိုယ့်အလုပ်ကိုယ်မလုပ်နိုင်ဘဲ အလုပ်ရှုပ်၊ အမှုရှုပ်တဲ့အဖြစ်တွေကို ရောက်သွားနိုင်ပါတယ်။

အခုဖြစ်စဉ်မှာ သတင်းတစ်ခုမှားယွင်းတယ်၊ မမှန်ရေးသားတယ်ဆိုပြီး ဖြစ်လာတဲ့ တစ်ဦးနဲ့တစ်ဦးကြားမှာ ဖြစ်လာတဲ့ ပြဿနာတစ်ရပ်ကို ပုံကြီးချဲ့ လာတာတွေ့ရပါတယ်။ ယခုလို ပြောဆိုဖော်ပြလိုက်တာဟာ ဖြစ်စဉ်ကို ဓမ္မဓိဋ္ဌာန် ကျကျသုံးသပ်ရှုမြင်ခြင်းမရှိဘဲ ပုဂ္ဂိုလ်ရေးပဋိပက္ခကို အကြောင်းပြုပြီး အစိုးရနဲ့ အစိုးရအဖွဲ့အစည်းကို သိက္ခာချရာရောက်နေပါတယ်။

လွတ်လပ်စွာဝေဖန်ခွင့်ရှိတယ်ဆိုတာဟာ ကိုယ်ဝေဖန်တော့မယ့် လူပုဂ္ဂိုလ်ကို ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုကိုဖြစ်စေ အထောက်အထား ခိုင်လုံရမှာဖြစ်ပါတယ်။

**ဒီမိုကရေစီခေတ်မှာ အမှန်တရားကို ဖော်ထုတ်ရေးသားခွင့်၊ လွတ်လပ်စွာ ဝေဖန်ခွင့်ရှိလို့ အစိုးရတစ်ရပ်ကိုဖြစ်ဖြစ်၊ အဖွဲ့အစည်းတစ်ခုကိုဖြစ်ဖြစ်၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုဖြစ်ဖြစ် ပြစ်တင်စွပ်စွဲဝေဖန်တာတွေ ပြုလုပ်လို့ရပါတယ်။ ဒါပေမယ့် ကိုယ့်ရဲ့ဝေဖန်ချက်ဟာ တိကျမှန်ကန်ဖို့၊ အထောက်အထားခိုင်လုံဖို့လိုပါတယ်။ အကယ်၍ အထင်၊ အကြားနဲ့ တစ်စုံတစ်ဦးတစ်ဖွဲ့ကို ပြောဆိုဝေဖန်တာ၊ ပြစ်တင်တာတွေ လုပ်ခဲ့မယ်ဆိုရင်တော့ ပဋိပက္ခတွေ၊ အမှု အခင်းတွေ၊ အကျယ်အကျယ်မငြိမ်းဖွယ်တွေ ဖြစ်တတ်တယ်ဆိုတာကို လက်ရှိကာလ မီဒီယာအမှုအခင်းများက သက်သေပြနေပါတယ်။**

စွပ်စွဲတော့မယ်၊ ဝေဖန်တော့မယ်ဆိုရင် ငြိစွန်းနိုင်တဲ့ ဥပဒေကိုကြည့်ပြီး အချက် အလက်ခိုင်မာမှု၊ တိကျတဲ့အထောက်အထားရှိမှ ဝေဖန်ပြစ်တင်ကြတာ အကောင်း ဆုံးဖြစ်သလို၊ အမှုဖွင့်မယ်ဆိုရင်လည်း အလားတူ ခိုင်လုံတဲ့သက်သေအထောက် အထားတွေရှိဖို့လိုပါတယ်။ ဒါမှအမှုဖွင့်ကြတာ အကောင်းဆုံးလို့ဆိုချင်ပါတယ်။ ဒါပေမယ့် မီဒီယာပြဿနာနဲ့ပတ်သက်လို့ရှိရင် ဖြေရှင်းဆောင်ရွက်ကြရာမှာ အဆင့်အလိုက် ဆောင်ရွက်ကြတာ အကောင်းဆုံးဖြစ်ပါတယ်။

ပြင်ပသတင်းထောက်နှစ်ဦးရဲ့ အပြန်အလှန်အမှုဖွင့်တဲ့ အခြေအနေကို ပြန်ကြည့်မယ်ဆိုရင် တစ်ဦးနဲ့တစ်ဦး ပဋိပက္ခဖြစ်ကြပြီး နှစ်ဦးသဘောတူ ကျေအေးပြီးခါမှ တစ်လအကြာ ၁၆-၁-၂၀၁၇ ရက်နေ့ထုတ် ပြည်ထောင်စုနေ့စဉ် သတင်းစာမှာ "လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လျော့ကျလာခြင်းနှင့် မြန်မာ အစိုးရ" ဆိုတဲ့ခေါင်းစဉ်နဲ့ ပြည့်ဖြိုးနိုင်ရဲ့ ဘာသာပြန်ဆောင်းပါးတစ်ပုဒ်ထဲမှာ ပြင်ပသတင်းထောက် ဦးမောင်မောင်ထွန်း(မြို့မထွန်း)က အမှန်တရား ဖော်ထုတ် ရေးသားသူ ပြန်လည်စွပ်စွဲခံရကြောင်း၊ လွတ်လပ်စွာဖော်ထုတ်ရေးသားပြော ဆိုခွင့် ပိုပြီးဆိုးလာကြောင်း၊ ပြန်ကြားရေးဝန်ကြီးပြောင်းသော်လည်း နိုင်ငံပိုင် မီဒီယာများ ပြောင်းလဲမှုမရှိကြောင်း ပြောဆိုလာတာကို ဖတ်ရှုလိုက်ရပါတယ်။

ပြင်ပသတင်းထောက်နှစ်ဦးဟာ ကြေးမုံသတင်းစာမှာ ဖော်ပြပါရှိခဲ့တဲ့ "နေပြည်တော်မြို့မဈေးကြီး ရက် ၁၀၀ စီမံချက်အတွင်း စည်းကမ်းတကျ ဆောင်ရွက်ထားမှုအား တစေ့တစောင်းလေ့လာတင်ပြခြင်း" သတင်းဆောင်းပါး ကို အကြောင်းပြုပြီး တစ်ဦးနဲ့တစ်ဦး ပြစ်တင်ဝေဖန်ကြတာ၊ အပြန်အလှန် အမှုဖွင့်တိုင်ကြားတာ၊ ကျေအေးတာတွေဟာ ၎င်းတို့ဆန္ဒအလျောက်၊ ၎င်းတို့ သိရှိကြုံတွေ့ခဲ့တဲ့အလျောက် ပြုလုပ်ခဲ့ကြတာဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနဲ့ နိုင်ငံပိုင်သတင်းစာတိုက်တွေအနေနဲ့ သိရှိတာ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတမ်း၊ အပိုဒ် ၁၉ မှာ လွတ်လပ်စွာ ထုတ် ဖော်ပြောကြားခြင်း အခြေခံအခွင့်အရေးကို မူလအခြေခံအဖြစ်သတ်မှတ်ထား ပါတယ်။ လူတိုင်းမှာ လွတ်လပ်စွာ တွေးခေါ်ကြံဆခွင့်နဲ့ လွတ်လပ်စွာထုတ်ဖော် ပြောကြားခွင့်ရှိတယ်လို့ ဆိုထားပါတယ်။ ဒါပေမယ့် ဒီအခွင့်အရေးမှာ လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့် တစ်ခုတည်းမဟုတ်ဘဲ လက်ခံနားထောင်သူရဲ့ အခွင့် အရေးတွေနဲ့ အချို့သော တာဝန်ယူမှုတွေကိုလည်း ထည့်သွင်းသတ်မှတ်ထား ပါတယ်။ တာဝန်မဲ့တဲ့၊ ကျင့်ဝတ်နဲ့မညီတဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေဟာ မီဒီယာလွတ်လပ်ခွင့်ကို ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်ပါတယ်။ ဒါကြောင့် မီဒီယာတွေဟာ အမြင့်ဆုံးသော ပရော်ဖက်ရှင်နယ် ကျင့်ဝတ်စံနှုန်းတွေကို ထိန်းသိမ်းလိုက်နာဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီခေတ်မီဒီယာတွေအနေနဲ့ တိကျမှု၊ ဟန်ချက်ညီမှု၊ မျှတမှု၊ တစ်ပါးသူကို လေးစားမှုစတဲ့ တာဝန်တွေရှိနေပြီး ပြည်သူ လူထု သတင်းသိပိုင်ခွင့် အခွင့်အရေးကိုလည်း အာမခံချက်ပေးရပါတယ်။

ယခုပြင်ပသတင်းထောက်တစ်ဦးရဲ့ ဝေဖန်စွပ်စွဲချက်တွေဟာ အထင်အမြင် လွဲမှားမှုတွေပါဝင်နေပြီး ပြင်ပသတင်းထောက်တစ်ဦးဟာ ဘယ်လိုသတင်းထောက် ဖြစ်တယ်။ ဘယ်လိုအစီအစဉ်နဲ့ ရေးသားတယ်။ ဘယ်လိုအချက်အလက်တွေ နဲ့ရေးသားတယ်။ ဘယ်သူတွေနဲ့သက်ဆိုင်တယ်။ ဘယ်လိုအမှုအခင်းဖြစ်ခဲ့တယ် စတာတွေကို မှန်မှန်ကန်ကန်လေ့လာသုံးသပ်ပြီးမှ မှန်ကန်တဲ့ ခိုင်လုံတဲ့ အထောက်အထားတွေရှိမှ ဝေဖန်ပြောဆိုသင့်ပါတယ်။ ဝေဖန်ပြောဆိုမှု တိကျမှန်ကန်မှုမရှိရင် တစ်ဖက်လူပုဂ္ဂိုလ်အဖွဲ့အစည်းရဲ့ ဂုဏ်သိက္ခာထိခိုက် နေရင် မငြိမ်းနိုင်တဲ့ ပြဿနာတွေဖြစ်နေဦးမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ဝေဖန်တော့မယ့်ဖြစ်စဉ်ကို သေချာစွာလေ့ လာသုံးသပ်ပြီး မသက်ဆိုင်သူတွေရဲ့ ဂုဏ်သိက္ခာကို ထိခိုက်မှုမရှိအောင် သတိပြုဆင်ခြင်ဖို့လိုအပ်ပါတယ်။

# လယ်ယာစိုက်ပျိုးသည့် တောင်သူများ ငွေကြေးအရင်းအနှီးနည်းစွာဖြင့် လုပ်ကိုင်နေကြရ

**ရေတာရှည် ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရာသီ စတင်လုပ်ကိုင်ကြရာတွင် တောင်သူများအနေဖြင့် သွင်းအားစု ငွေကြေးအခက်အခဲများစွာဖြင့် လုပ်ကိုင်နေကြရကြောင်း သိရသည်။

ထယ်ရေးပြုပြင်ခြင်း၊ ပေါင်းရှင်းလုပ်အားခ၊ မျိုးစရိတ်၊ ထွန်ယက်ခများ ကုန်ကျလျက်ရှိသည့်အပြင် လယ်ယာလုပ်သား ငွားရမ်းခ မြင့်တက်မှုကြောင့် ရင်းနှီးကုန်ကျငွေ များပြားလျက်ရှိပြီး ငွေကြေးအနေဖြင့် အတိုးနှုန်းမြင့်မားစွာ ရှာဖွေသုံးစွဲနေရကြောင်း တောင်သူများထံမှ စုံစမ်းသိရှိရသည်။ ယခင်နှစ် မိုးရာသီကာလ စိုက်ပျိုးရာသီချိန်၌ ဖျက်ပိုးများ ကျရောက်မှုများပြားခြင်း၊ ထွက်နှုန်းလျော့ကျခြင်းအပြင် စပါးဈေးမကောင်းသည့်အတွက် တောင်သူအများအစု အရှုံးပေါ်ခဲ့ပြီး ယခုနွေစပါးစိုက်ပျိုးရာသီတွင် ရင်းနှီးမတည်ငွေ အခက်အခဲဖြစ်ကြရခြင်းဖြစ်ကြောင်း တောင်သူတစ်ဦးက ပြောသည်။ "ထွန်စက်မောင်းခတွေလည်း မနည်းရှာဖွေပေးရတာ။ မြေခံဩဇာ၊ ပေါင်းသတ်ဆေး၊ ဓာတ်မြေဩဇာတွေလည်း ဝယ်ရဦးမှာ၊ အကြွေးစနစ်နဲ့ဆိုတော့ အတိုးတွေပေးပြီးဝယ်ရတာ၊ နွေစပါးတွေ အထွက်နှုန်းလည်းကောင်း ဈေးနှုန်းလည်း ကောင်းရင်တော့ တောင်သူတွေ အသက်ရှူချောင်မှာပါ" ဟု ဆက်လက်ပြောပြသည်။

ရေတာရှည်မြို့နယ်တွင် ဆွာချောင်းတမံ၊ ချောင်းမကြီးတမံ၊ သားတော်ရကန်၊ လျှပ်စစ်မြစ်ရေတင်၊ ချောင်းပိတ်၊ အင်းအိုင်နှင့် အခြားနွေစပါးစိုက်ပျိုးရန် လျာထားစိုက်ဧက ၂၆၀၀၀ ကျော် ရှိသည့်အနက် လက်ရှိ ရေဝင် ၂၄၃၅ ဧက၊ စိုက်ပျိုးပြီး ၁၃၇၁ ဧက ရှိသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ယခုနှစ်တွင် ရေပေးမြောင်းများ၊ ရေထုတ်မြောင်းများ၊ ရေလွှဲတံခါးများနှင့် မြောင်းကူးတံတားများအား အကြီးစား ပြုပြင်ပေးမှုများကြောင့် သတ်မှတ်ရက်ထက် ရေလွှတ်နောက်ကျခဲ့သော်လည်း တောင်သူများအနေဖြင့် လယ်ယာလုပ်ငန်းခွင်၌ သမားရိုးကျ ထွန်ယက်ခြင်းထက် စက်စွမ်းအားအရင်းအမြစ် သုံးစွဲမှုပမာဏ များပြားလျက်ရှိ၍ ရာသီအမီ အချိန်မီ စိုက်ပျိုးနိုင်ကြမည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**



# လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းစွမ်းရည်မြှင့်သင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၂၅**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်အတွင်းရှိ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံတောင်သူလယ်သမားများ နစ်နာမှုမရှိစေရေး တည်ဆဲမြေယာဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရန် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းစွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲအခမ်းအနားကို ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (စုပေါင်းရုံး) ခန်းမ၌ ဇန်နဝါရီ ၂၃ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နေပြည်တော်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က သင်တန်းသားများအနေဖြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုနှင့်ပတ်သက်၍ မြေပြင်ကွင်းဆင်းသည့်အခါ စနစ်တကျဆောင်ရွက်နိုင်ရန် သင်တန်းတွင် ပို့ချဆွေးနွေးသည့် ဥပဒေ၊ နည်းဥပဒေများနှင့် ညွှန်ကြားချက်ဆိုင်ရာ ပြဋ္ဌာန်းချက်များအပေါ် ဆောင်ရွက်ရမည့် မူဝါဒများကို ဂရုတစိုက်လေ့လာမှတ်သားရန် မှာကြားသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်နှင့် ဒက္ခိဏခရိုင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦးတို့က လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုတွင် ပြန်လည်စိစစ်ရေးကော်မတီအနေဖြင့် တောင်သူလယ်သမားများ၏ အခက်အခဲများကို အမှန်တကယ်အကျိုးပြုနိုင်ရန် သင်တန်းတက်ရောက်သူ ပျဉ်းမနားမြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီဝင်များအား ဆွေးနွေးမှာကြားသည်။

အဆိုပါသင်တန်းအား မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီဝင် စုစုပေါင်း ၃၀၀ တက်ရောက်ကြပြီး သင်တန်းတွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ချမှတ်ထားသော မူဝါဒလမ်းညွှန်ချက်များ၊ လုပ်ထုံး လုပ်နည်းများ၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေ၊ လမ်းမကြီးများဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ သစ်တောဥပဒေ ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ နေပြည်တော် စည်ပင်ဥပဒေတွင်ပါဝင်သော မြို့ပြမြေယာ ကိစ္စရပ်များ၊ မြို့ပြ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ၁၈၉၄ ခုနှစ် မြေသိမ်းဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများအား သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မင်းမဟော်(ပြန်/ဆက်)**

# ခေါင်နုံးလွီး ကားကူးသစ်သားတံတားတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

**တီးတိန် ဇန်နဝါရီ ၂၅**

ချင်းပြည်နယ် တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လိုင်လွီး- တွီးထန်ကျေးရွာကြား ခေါင်နုံးလွီးကားကူးသံရက်မ သစ်သားတံတား အရွယ်အစား ပေ ၃၀ ကို တည်ဆောက်လျက်ရှိရာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဇန်နဝါရီ ၂၃ ရက်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဂင့်ကမ်းလျန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုးဆွင်းခိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝုန့်ပြင်းထန်တို့ သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီး၍ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်မှုရှိရာ အဆိုပါ တံတားတည်ဆောက်ခြင်းအားဖြင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာပြီး ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမို ဖွံ့ဖြိုးရေးအတွက် များစွာအထောက် အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ကံမမြို့နယ်တွင် တောင်သူများ နွေစပါးစတင်စိုက်ပျိုးနိုင်ရန် မဒေးရေလှောင်တမံမှ ရေပေးဝေလျက်ရှိ

**ကံမ ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် တောင်သူများ နွေစပါး စတင်စိုက်ပျိုးနိုင်ရန် မဒေးရေလှောင်တမံမှ လယ်မြေ ၂၀၂၅ ဧကသို့ ရေသွယ်မြောင်းများမှတစ်ဆင့် စိုက်ပျိုးရေများ ပေးဝေလျက်ရှိသည်။

ယခုနှစ် မိုးရာသီကာလ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မဒေးရေလှောင်တမံ၏ တူးမြောင်းမကြီးပေါ်ရှိ ရေထုတ်ပွွန်အထွက်ပိုင်း ရေတိုက်စားပျက်စီးမှုအား ရေပေးဝေရမည့်ရာသီတွင် အချိန်မီပြန်လည်ပြုပြင်နိုင်ခဲ့ကြောင်း၊ ကျိုးပေါက်သွားခဲ့သည့် တူးမြောင်းပေါင်နေရာများအား မြေဖို့ပြင်ဆင်မွမ်းမံခြင်း၊ ရေသွယ်တူးမြောင်းများအတွင်း ချုံနွယ်မြက်ပင်များအား ရှင်းလင်းဖယ်ထုတ်ပြီး ရေပေးဝေရာမှ အနည်ထိုင်ကျန်ခဲ့သော နုန်းမြေများအား ဆယ်ထုတ်၍ မြောင်းပေါင်ဆင့်ခြင်းအစရှိသည့် လုပ်ငန်းများ ပြုလုပ်၍ နွေစပါးစိုက်ခင်းများသို့ နေရာမလပ် စိုက်ပျိုးရေအပြည့်အဝရောက်ရှိသောက်သုံးနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရသိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**



## တောင်သူပညာပေးသင်တန်းဖွင့်

**မြစ်သား ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် လမ်းခွကျေးရွာအုပ်စုတွင် နွေသီးနှံများ အရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်းတိုးတက်မြင့်မားရေးအတွက် တောင်သူပညာပေးသင်တန်းကို လမ်းခွကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၂၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် တောင်သူ ၅၀ ကျော်တက်ရောက်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဆောင်သော မျိုးစေ့တာဝန်ခံ၊ မြေအသုံးချရေးတာဝန်ခံ၊ ပိုးမွှားတာဝန်ခံနှင့် စံပြကွက်တာဝန်ခံတို့က နွေသီးနှံများအကြောင်း၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေးနှင့် မျိုးကောင်းသည့်သီးနှံများ၏ အရည်အသွေးလက္ခဏာများအကြောင်း၊ မြေဆီလွှာထိန်းသိမ်းရေးနှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများအား စနစ်တကျတွဲဖက်သုံးစွဲနိုင်ရေးနှင့် ပိုးမွှားရောဂါများ ကာကွယ်ထိန်းသိမ်းနည်း၊ စံပြကွက်များ ပြုလုပ်ဆောင်ရွက်ရေးစသည့် တောင်သူပညာပေးသင်တန်းကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

## မဂ္ဂဇင်းဝတ္ထုရှည်ရေးသားခြင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၅**

တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ဇန်နဝါရီ ၂၂ ရက်က မဂ္ဂဇင်းဝတ္ထုရှည်ရေးသားခြင်း ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် စာရေးဆရာမ မိချမ်းဝေက မဂ္ဂဇင်းဝတ္ထုရှည်ရေးသားခြင်းဆိုင်ရာ ရသစာပေအကြောင်းအရာကို ဆွေးနွေးခဲ့သည်။ အခမ်းအနားသို့ တက်ရောက်လာသော စာပေဝါသနာရှင်များက မဂ္ဂဇင်းဝတ္ထုရှည်ရေးသားခြင်းနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းကြပြီး စာပေအဖွဲ့သမားများက အချင်းချင်းပြန်လည်ဆွေးနွေးကြသည်။ အဆိုပါ စာပေဆွေးနွေးပွဲကို လမ်းသစ်ရောင်ခြည်ကျောက်မြောင်းစာပေ စကားဝိုင်းမှ ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး နှစ်ပတ်လျှင်တစ်ကြိမ် အဆိုပါစာကြည့်တိုက်တွင် ဆွေးနွေးမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **လှလှ**

## ယာဉ်စည်းကမ်းနှင့်မညီသည့် ဆိုင်ကယ်များဖမ်းဆီး

**ရွှေကူ ဇန်နဝါရီ ၂၅**

ရွှေကူမြို့ပေါ် အမှတ်(၃)ရပ်ကွက် မြို့ကုန်းရပ် မီးစက်ကုန်းလမ်း၌ ဇန်နဝါရီ ၂၂ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ အများပြည်သူများ ဘေးရန်ကင်းစေရန်အတွက် ရဲ-ဒုတပ်ကြပ် တင်စိုးမင်းဦးစီးပြီး အဖွဲ့ဝင်သုံးဦးနှင့်အတူ ယာဉ်ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းအဖွဲ့သည် ဆိုင်ကယ်ဦးထုပ်မဆောင်းသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်မညီသော မော်တော်ဆိုင်ကယ် ၁၉ စီး ဖမ်းဆီးရမိပြီး အဆိုပါဆိုင်ကယ်များကို ရွှေကူမြို့နယ်တရားရုံးသို့ တရားစွဲဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

## စာဖတ်ရှိန်မြှင့်တင်ရေးဆုပေးပွဲကျင်းပ

**ထီးချိုင့် ဇန်နဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို Community Centre ပြည်သူ့စာကြည့်တိုက်ကို Community Library အဖြစ်သို့ရောက်ရှိစေနိုင်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ထီးချိုင့်မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ မူလတန်းအဆင့်ကျောင်းသား ကျောင်းသူများအား ကဗျာရွတ်ဆိုပြိုင်ပွဲ ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပုံတူပန်းချီပြိုင်ပွဲကို ဇန်နဝါရီ ၂၃ ရက်က ကျင်းပခဲ့ပြီး ဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးစာကြည့်တိုက်တွင် ကျင်းပသည်။ အဆိုပါအခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်စောကလျာကအမှာ စကားပြောကြားပြီး ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အင်ဂျင်နီယာလောကကို ဘယ်လိုအဆင့်မြှင့်တင်ကြမလဲ (အပိုင်း-၁)

သိပ္ပံစာရေးဆရာကိုကိုအောင်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက် သာယာဝပြောရေးမှာ အခြေခံအကြောင်းတရားများစွာတို့အပေါ်၌ တည်မှီလျက်ရှိသည်။ နိုင်ငံရေးတည်ငြိမ်မှု၊ စစ်မှန်ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိမှု၊ နိုင်ငံသားတိုင်း အခြေခံပညာသင်ကြားတတ်မြောက်မှု၊ ပညာရေးအဆင့်အတန်း မြင့်မားမှု၊ အသိပညာဗဟုသုတ ကြွယ်ဝမှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှု၊ လူသားကျင့်ဝတ်ဆိုင်ရာစံနှုန်းများအပေါ် တန်ဖိုးထားမှု၊ ထုတ်လုပ်မှုစွမ်းအားတိုးမြှင့်နိုင်မှု၊ ခေတ်မီနည်းပညာများကို အသုံးချနိုင်မှု၊ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင် တန်းတူရည်တူရှိမှု စသော ထွေပြားများမြောင်လှသည့် အကြောင်းတရားများသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအဆင့် မည်မျှအတိုင်းအတာအထိ ရောက်ရှိနေပြီဆိုသော အကျိုးတရားကို ဖြစ်ထွန်းလာစေလိမ့်မည်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို သက်ဆိုင်ရာနိုင်ငံ၏ အုပ်ချုပ်ရေး အစိုးရအဖွဲ့များနှင့် လွှတ်တော်အသီးသီးတို့ကချည်း ဆောင်ရွက်၍မရနိုင်ပေ။ အစိုးရအဖွဲ့များ၏ ကောင်းမွန် မှန်ကန်သော ဦးဆောင်ဦးရွက်ပြုမှု၊ လွှတ်တော်အသီးသီးတို့၏ ထိန်းကျောင်းတည့်မတ်ပေးမှုတို့နှင့်အတူ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အထောက်အကူပြုအဖွဲ့အစည်းများ၊ ပြင်ပပညာရှင်အစုအဖွဲ့များ စသည်တို့ကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အထူးလိုအပ်သည်။

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးမှုထိပ်တန်းအဆင့်ရှိသည့် နိုင်ငံများနှင့် ဖွံ့ဖြိုးမှုအရှိန်အဟုန်ကောင်းနေသော ဖွံ့ဖြိုးဆဲနိုင်ငံများကို ကြည့်လျှင် ထိုနိုင်ငံများရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အထောက်အကူပြု အဖွဲ့အစည်းများနှင့် ပြင်ပပညာရှင်အစုအဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်မှုများသည် အစိုးရနှင့် လွှတ်တော်တို့၏ လုပ်ငန်းဆောင်တာများနှင့် အလွန်ပင် သဟဇာတဖြစ်လျက်ရှိသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။

ထိုထိုသောနိုင်ငံများ၌ ချမှတ်ထားသည့် မူဝါဒများကသည်ပင်လျှင် အစိုးရနှင့် လွှတ်တော်အသီးသီးကို အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် အစုအဖွဲ့များက လွတ်လပ်သော နယ်ပယ်တစ်ရပ်အတွင်းမှနေ၍ ပံ့ပိုးကူညီ ဖြည့်ဆည်းပေးနိုင်အောင် လမ်းဖွင့်ပေးထားသည်ကိုလည်း လေ့လာတွေ့ရှိနိုင်သည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အထောက်အကူပြုအဖွဲ့အစည်းများနှင့် ပြင်ပပညာရှင် အစုအဖွဲ့များက မိမိတို့ကဏ္ဍအလိုက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရာ၌ တွေ့ကြုံလာရဖွယ်ရှိသော အတားအဆီးများကို ကျော်လွှားနိုင်အောင် လမ်းဖွင့်ပေးထားသည့် မူဝါဒများကြောင့် သက်ဆိုင်ရာအစိုးရနှင့် လွှတ်တော်များအနေဖြင့် အဆိုပါ အဖွဲ့အစည်းများမှတစ်ဆင့် သက်ဆိုင်ရာနယ်ပယ်အသီးသီး၌ ဖြစ်ပျက်နေသည်များကို ပကတိအခြေအနေအတိုင်း သိရှိခွင့်ရကြသည်။ နိုင်ငံ့ဦးသျှောင် အဖွဲ့အစည်းများက နိုင်ငံနှင့် နိုင်ငံသားတို့၏ ပကတိအခြေအနေကို ထိုကဲ့သို့ အချိန်နှင့်တစ်ပြေးညီ သိရှိခွင့်ရနေခြင်းကသည်ပင်လျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သို့မည်ပုံဆောင်ရွက်ကြရမည်ဆိုသည်နှင့်ပတ်သက်၍ စဉ်းစားသုံးသပ် ဆုံးဖြတ်လုပ်ဆောင်နိုင်စွမ်းကို ပို၍ရရှိနေခြင်းဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေလိုအပ်သော အရန်အင်အားစုများထဲတွင် ပြင်ပ ပညာရှင် အစုအဖွဲ့များသည် အခြားသော အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ အထောက်အကူပြု အဖွဲ့အစည်းများနှင့်အတူ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရာ၌ သက်ဆိုင်ရာ ပညာရပ်နယ်ပယ်အသီးသီးကိုခြုံငုံ၍ ကိုယ်စားပြုနိုင်ရေးမှာ အလွန်ပင်အရေးကြီးလှသည်။ သာဓကအားဖြင့် ဆိုရလျှင် သိပ္ပံပညာကောင်စီသည် သိပ္ပံပညာနှင့်ဆက်စပ်ပတ်သက်သော နယ်ပယ်အသီးသီးကို လွှမ်းခြုံကိုယ်စားပြုနိုင်ရန် လိုအပ်သလို...ဝိဇ္ဇာပညာကောင်စီကလည်း ဝိဇ္ဇာပညာနှင့်ဆက်စပ်ပတ်သက်သော နယ်ပယ်အသီးသီးကို ခြုံငုံကာကိုယ်စားပြုနိုင်ရန် လိုအပ်သည်။

ထိုနည်းအတိုင်းပင် သုတေသနကောင်စီကလည်း သုတေသနဆိုင်ရာလုပ်ငန်းမှန်သမျှကို ကိုယ်စားပြုနိုင်ခြင်း၊ အင်ဂျင်နီယာကောင်စီကလည်း အင်ဂျင်နီယာဆိုင်ရာ အတတ်ပညာနှင့် လုပ်ငန်းမှန်သမျှကို ကိုယ်စားပြုနိုင်ခြင်း၊ ဆေးပညာကောင်စီကလည်း ဆေးပညာနှင့် ဆေးဘက်ဆိုင်ရာလုပ်ငန်းအားလုံးကို ကိုယ်စားပြုနိုင်ခြင်း စသည်ဖြင့် ပညာရပ်ဆိုင်ရာ နယ်ပယ်အသီးသီးကို လွှမ်းခြုံနိုင်ကြခြင်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အပံ့ပြုပေးနိုင်ကြမည်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် ပညာရပ်ဆိုင်ရာကောင်စီများ (Professional Regulatory Bodies) ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်မှာ နှစ်ပေါင်းတစ်ရာခန့်ပင် ရှိခဲ့ပြီဖြစ်သည်။ ထိုကဲ့သို့သော ပညာရပ်ဆိုင်ရာကောင်စီများ ဖွဲ့စည်းဆောင်ရွက်နေကြခြင်း၏ ဦးတည်ချက်များမှာ ပညာရပ်ဆိုင်ရာနယ်ပယ်အသီးသီးတွင် ပညာရှင်အဆင့်ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နေသူများကို Professsional Licence များ စိစစ်ထုတ်ပေးရန်၊ ကျင့်ဝတ်သိက္ခာ(Ethics)နှင့် ပြုမူဆောင်ရွက်ချက်များ(Code of Conduct)ကို ထိန်းသိမ်းကြပ်မတ်ရန်နှင့် ပညာရပ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု(Professional Development) ရရှိစေရန်တို့အတွက်ပင် ဖြစ်သည်။

မြန်မာနိုင်ငံ၌လည်း မြန်မာနိုင်ငံရှေ့နေကောင်စီကို ၁၉၂၉ ခုနှစ်ကတည်းကလည်းကောင်း၊ မြန်မာနိုင်ငံ စာရင်းကောင်စီကို ၁၉၅၆ ခုနှစ်ကတည်းကလည်းကောင်း၊ မြန်မာနိုင်ငံ ဆေးကောင်စီကို ၁၉၅၇ ခုနှစ်ကတည်းကလည်းကောင်း ဥပဒေအသီးသီးပြဋ္ဌာန်း၍ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိနိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီကိုမူ ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းမရှိသည်မှာ အံ့သြဖွယ်ပင်ဖြစ်သည်။

မကြာမီသောကာလအတွင်းကမူ မြန်မာနိုင်ငံ အင်ဂျင်နီယာလောကအတွက် ထူးခြားသောအခွင့်အလမ်းတစ်ရပ် ပေါ်ထွက်ခဲ့သည်။ ၂၀၀၃ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဘာလီ၌ ကျင်းပပြုလုပ်ခဲ့သော အာဆီယံထိပ်သီးညီလာခံက Bali Concord II ကို ချမှတ်ခဲ့ကြပြီး ထိုသဘောတူညီချက်အရ ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးတွင် Mutual Recognition Arrangements- MRA ကို လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြင့် အာဆီယံဒေသအတွင်း ပညာရပ်ဆိုင်ရာနယ်ပယ်ရှစ်ခုမှ ပညာရှင်များ အလွယ်တကူ ကူးသန်းသွားလာကာ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လာစေရေးအတွက် ပညာရှင်အရည်အသွေးများ အပြန်အလှန် အသိအမှတ်ပြုရေး အစီအစဉ်ကို စတင်အကောင်အထည်ဖော်ခဲ့သည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ

Myanmar Engineering Council

ထိုစဉ်ကာလများက မြန်မာနိုင်ငံ၌ အင်ဂျင်နီယာကောင်စီဟူ၍ မရှိသေးသောကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၏ သဘောတူညီချက်ဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စည်းမျဉ်းကြပ်မတ်ရေး အာဏာပိုင်အဖွဲ့ (Professional Regulatory Authority - P.R.A) ကိုလည်းကောင်း၊ ကြီးကြပ်မှုကော်မတီ (Monitoring Committee - M.C)ကိုလည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာ စိစစ်ရေးဘုတ်အဖွဲ့(Myanmar Board of Engineer - M.B.E) ကိုလည်းကောင်း ယာယီအစီအစဉ်ဖြင့် ဖွဲ့စည်းကာ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်လက်မှတ် (Registered Professional Engineer) များကို စတင်စိစစ်ထုတ်ပေးခဲ့သည်။ ထိုမှတစ်ဆင့် အာဆီယံနိုင်ငံများအတွင်း တစ်နိုင်ငံ၏ အင်ဂျင်နီယာပညာရှင်လက်မှတ်ကို ကျန်နိုင်ငံများကပါ အသိအမှတ်ပြုနိုင်ရန်အတွက် ASEAN Chartered Professional Engineer လက်မှတ်များကိုပါ စိစစ်ထုတ်ပေးခဲ့သည်ကို တွေ့ရှိရသည်။

**ပုဂ္ဂိုလ်ရေးအကျိုးအမြတ် ရယူလိုမှုထက် အတတ်ပညာကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ရှေ့တန်းတင်ဆောင်ရွက်ခြင်းနှင့် အများပြည်သူအကျိုးအတွက် ရှေ့တန်းတင်ဆောင်ရွက်ခြင်းတို့သည်သာလျှင် အင်ဂျင်နီယာပညာရပ်၏ အနှစ်သာရများ ဖြစ်ကြသည်။ အင်ဂျင်နီယာပညာရှင်များအဖို့ မိမိ၏ အတတ်ပညာအပေါ်၌ သစ္စာစောင့်သိရန် လိုအပ်သလို...ကိုယ်ကျင့်တရားအရဖြစ်စေ၊ နည်းပညာအရဖြစ်စေ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းခွင်ဘဝတစ်လျှောက်လုံးတွင် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်လည်း ဖြစ်သည်**

ထို့နောက် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်က မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၇ အဖြစ် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေအရ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်းမှာပင် မြန်မာနိုင်ငံ အင်ဂျင်နီယာ ကောင်စီကို ဖွဲ့စည်းခဲ့ပြီးနောက် ယခင်ကဖွဲ့စည်းခဲ့သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စည်းမျဉ်းကြပ်မတ်ရေး အာဏာပိုင်အဖွဲ့ (P.R.A)၊ ကြီးကြပ်မှုကော်မတီ(M.C) နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာစိစစ်ရေးဘုတ်အဖွဲ့(M.B.E)တို့ကို ဖျက်သိမ်းကာ ယင်းတို့၏တာဝန်များကို မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းကိုလည်း တွေ့ရှိရသည်။

ဤသို့အားဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါလှသော အင်ဂျင်နီယာပညာရပ်များနှင့် အင်ဂျင်နီယာလုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြုခွင့်ရရှိမည့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီသည် တရားဝင်ဖွဲ့စည်းဖြစ်ပေါ်လာကာ လုပ်ငန်းများ စတင်လည်ပတ် လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ပေါ်ပေါက်လာသည်မှာ အင်ဂျင်နီယာလောကအတွက် သတင်းကောင်းတစ်ရပ် ဖြစ်သလို အခြားတစ်ဖက်တွင်လည်း မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် အင်ဂျင်နီယာပညာရပ်အသီးသီးနှင့်အင်ဂျင်နီယာလုပ်ငန်းများ ထိရောက်အောင်မြင် တိုးတက်စေရန်အတွက် မည်သို့ မည်ပုံ ဆောင်ရွက်ပေးမည်ဆိုသည်မှာ စိတ်ဝင်စားဖွယ်ပင်ဖြစ်သည်။

တစ်နည်းဆိုရသော် မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အင်ဂျင်နီယာလောကကို ဘယ်ပုံဘယ်နည်း၊ အဆင့်မြှင့်တင်ပေးမည်ဆိုသည်ကို မြန်မာနိုင်ငံအတွင်းရှိ အင်ဂျင်နီယာပညာရှင်များ၊ အင်ဂျင်နီယာပညာကို သင်ယူနေသည့် အင်ဂျင်နီယာလောင်းများ၊ အင်ဂျင်နီယာကျောင်းသားတို့၏ မိဘဆွေမျိုးများက သိလိုကြလိမ့်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အင်ဂျင်နီယာပညာရှင်တစ်ဦး ဖြစ်လာစေရန်အတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုနှင့် လိုက်လျောညီထွေဖြစ်သော ဉာဏ်ရည်ဉာဏ်သွေး၊ ဇွဲ၊ လုံ့လ၊ ငွေကြေးနှင့် အချိန်တို့ကို များစွာ ပေးဆပ်ခဲ့ရသောကြောင့်ပင် ဖြစ်သည်။

အင်ဂျင်နီယာပညာဆိုသည်မှာ သင်္ချာ၊ သိပ္ပံ၊ စီးပွားရေးနှင့် လူမှုရေးပညာရပ်များကို လေ့လာသင်ကြား၊ လေ့ကျင့်မှုအတွေ့အကြုံတို့မှ ရရှိလာသော အသိပညာ၊ အတတ်ပညာများကို အခြေခံလျက် သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်တို့အား သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်အောင် အသုံးချကာ လူ့အဖွဲ့အစည်းအတွက် အကျိုးပြုမည့် အဆောက်အအုံများ၊ စက်ကိရိယာနှင့် ယာဉ်ယန္တရား၊ ဝတ္ထုပစ္စည်းနှင့် စွမ်းအားများ၊ ထုတ်လုပ်မှုနည်းစဉ်များ စသည်တို့ကို ပုံစံထုတ်တွက်ချက်ပြီး တည်ဆောက်ထိန်းသိမ်းပေးနိုင်စွမ်းရှိသော ပညာရပ်ဖြစ်သည်။ တစ်နည်းဆိုရသော် အသိဉာဏ်နှင့်ယှဉ်ကာ အသုံးချဆောင်ရွက်ရသော ပညာရပ်တစ်ခုဖြစ်သည်။

တိကျသောကိန်းဂဏန်းများ၊ ခိုင်လုံသောအချက်အလက်များကို အခြေခံကာ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ကြရသည့် အင်ဂျင်နီယာ ပညာရပ်များသည် လူသားတို့၏ ရှင်သန်နေထိုင်မှုဘဝနှင့် လိုက်လျောညီထွေဖြစ်စေရေးကို ထိပ်တန်းဦးစားပေးရသည့် ပညာရပ်များ တစ်နည်းအားဖြင့် လူသားဆန်သည့်ပညာရပ်များပင် ဖြစ်ကြသည်။ လူမှုဘဝများအတွင်း နိစ္စဓူဝ ကြုံတွေ့နေကြရသော အခက်အခဲများအားလုံးသည် အင်ဂျင်နီယာပညာကို စိန်ခေါ်နေသော အကြောင်းခြင်းရာများဖြစ်ကြပြီး လူ့လောက၏ အခြေခံအကျဆုံးဖြစ်သော စား၊ ဝတ်၊ နေ အရေးသုံးပါးမှစ၍ စကြဝဠာအတွင်း နယ်မြေသစ်ရှာဖွေခြင်းကဲ့သို့သော ကိစ္စရပ်ကြီးများထိတိုင် အင်ဂျင်နီယာပညာက ဘက်စုံထောင့်စုံမှနေ၍ပံ့ပိုးဖြည့်ဆည်းပေးနေရသည်။

သို့ရာတွင် ပုဂ္ဂိုလ်ရေးအကျိုးအမြတ် ရယူလိုမှုထက် အတတ်ပညာကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ရှေ့တန်းတင်ဆောင်ရွက်ခြင်းနှင့် အများပြည်သူအကျိုးအတွက် ရှေ့တန်းတင်ဆောင်ရွက်ခြင်းတို့သည်သာလျှင် အင်ဂျင်နီယာပညာရပ်၏ အနှစ်သာရများ ဖြစ်ကြသည်။ အင်ဂျင်နီယာပညာရှင်များအဖို့ မိမိ၏ အတတ်ပညာအပေါ်၌ သစ္စာစောင့်သိရန် လိုအပ်သလို...ကိုယ်ကျင့်တရားအရဖြစ်စေ၊ နည်းပညာအရဖြစ်စေ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းခွင်ဘဝတစ်လျှောက်လုံးတွင် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်လည်း ဖြစ်သည်။

အင်ဂျင်နီယာပညာရှင်များအဖို့ အင်ဂျင်နီယာပညာရပ်၏ အနှစ်သာရများနှင့်အညီ လူသားအကျိုးပြုလုပ်ငန်းများနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လုပ်ကိုင်ဆောင်ရွက်ကြရာတွင် အင်ဂျင်နီယာတို့လိုက်နာရမည့် အခြေခံကျင့်ဝတ်များ (Fundamental of Ethics for Engineers)၊ ကျင့်သုံးရမည့် ကျင့်ထုံးစည်းမျဉ်းများ(Rules of Practice)၊ အတတ်ပညာဆိုင်ရာ တာဝန်နှင့်ဝတ္တရားများ(Professional Obligations) တို့ကို မမေ့မလျော့လက်ကိုင်ပြု၍ လိုက်နာကျင့်ကြံသွားကြရမည် ဖြစ်သည်။

အင်ဂျင်နီယာပညာရပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ၊ အင်ဂျင်နီယာပညာ၏ အနှစ်သာရများနှင့်အညီ၊ အင်ဂျင်နီယာတို့၏ ကျင့်ဝတ်ကျင့်ထုံးများနှင့်အညီ၊ အင်ဂျင်နီယာဆိုင်ရာ တာဝန်ဝတ္တရားများနှင့်အညီ အင်ဂျင်နီယာပညာရှင်များက မိမိတို့၏ မိသားစုဘဝဖူလုံရေး၊ မိမိပတ်ဝန်းကျင်သာယာရေး၊ မိမိဒေသဖွံ့ဖြိုးရေး၊ မိမိနိုင်ငံတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်ကြရာတွင် အင်ဂျင်နီယာပညာရှင်တစ်ဦးနှင့် ထိုက်တန်သောအခွင့်အရေးကို အပြည့်အဝရရှိကြရန် လိုအပ်သလို... အင်ဂျင်နီယာပညာရပ်အပေါ် သစ္စာစောင့်သိခြင်းမရှိသော လုပ်ရပ်မျိုးအတွက်လည်း ပေးဆပ်ရန်တာဝန်ရှိကြသည်။ ထိုက်တန်သောအခွင့်အရေးဆိုသည်မှာ မိမိ၏အတတ်ပညာ၊ အတွေ့အကြုံ၊ အဆင့်အတန်းတို့နှင့် လိုက်လျောညီထွေဖြစ်သော လစာနှင့် စရိတ်သို့တည်းမဟုတ် လုပ်ငန်းတန်ဖိုးကို ဆိုလိုခြင်းဖြစ်ပြီး ပေးဆပ်ရန်တာဝန်ဆိုသည်မှာ အင်ဂျင်နီယာပညာရပ်အပေါ် သစ္စာဖောက်ဖျက်ခြင်းအတွက် အင်ဂျင်နီယာလုပ်ငန်းကို စွန့်လွှတ်ခြင်းအထိသော ပေးဆပ်မှုမျိုးကို ဆိုလိုသည်။

အင်ဂျင်နီယာပညာသည် လွယ်လင့်တကူ သင်ယူပေါက်မြောက် တတ်မြောက်ကျွမ်းကျင်ခဲ့သော ပညာရပ်တစ်ခု မဟုတ်သလို...ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည့် ပညာရပ်လည်း မဟုတ်ပေ။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်ကြရာတွင် အင်ဂျင်နီယာပညာရပ်များနှင့် အင်ဂျင်နီယာပညာရှင်တို့၏ အခန်းကဏ္ဍက အရေးကြီးသည်မှန်သော်လည်း အင်ဂျင်နီယာ လောကဖွံ့ဖြိုးလာအောင် အဆင့်မြှင့်တင်ပေးသည့်လုပ်ငန်းစဉ်ကို စဉ်ဆက်မပြတ် ထိန်းကျောင်းတည့်မတ်ပေးနိုင်ခြင်း မရှိပါကမူ နိုင်ငံဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနိုင်မှုအပိုင်းတွင် အားပျော့သွားလိမ့်မည်ဖြစ်သည်။

ဖွံ့ဖြိုးမှုထိပ်တန်းအဆင့်ရှိသည့် နိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများရှိ အင်ဂျင်နီယာလောကကို နှိုင်းယှဉ်ကြည့်လျှင် ဖွံ့ဖြိုးမှုထိပ်တန်းအဆင့်ရှိသော နိုင်ငံတို့၏ အင်ဂျင်နီယာလောကတစ်ရပ်လုံးမှာ တစ်ပြေးညီ အဆင့်အတန်းမြင့်မားနေကြရုံမျှမက အဆင့်မြှင့်တင်မှုလုပ်ငန်းစဉ်ကလည်း အရှိန်အဟုန်ကောင်းနေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အင်ဂျင်နီယာလောကကမူ အဆင့်အတန်းမြင့်မားမှု တစ်ပြေးညီဖြစ်သော်လည်း အဆင့်မြှင့်တင်မှုလုပ်ငန်းစဉ်က နှေးကွေးနေတတ်သည်ကို တွေ့ရှိနိုင်သည်။

ဖွံ့ဖြိုးမှုနောက်ကျသောနိုင်ငံများ၏ အင်ဂျင်နီယာလောကကိုကြည့်လျှင်ကား အင်ဂျင်နီယာလောက၏ ဖွံ့ဖြိုးမှုနှင့် အဆင့်မြှင့်တင်ပေးနိုင်မှုအပိုင်းတွင် လိုအပ်ချက်နှင့် အားနည်းချက်များ ရှိနေသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ ထိုကဲ့သို့သောအနေအထားမျိုးကြောင့်ပင် ထိုနိုင်ငံများ၌ အင်ဂျင်နီယာ ပညာရှင်ချင်းအတူတူ လုပ်ပိုင်ခွင့်များ အများအပြားရရှိကာ အကြီးအကျယ် ချမ်းသာကြွယ်ဝနေသူများနှင့် ဘဝရပ်တည်မှုအတွက် ခက်ခဲပင်ပန်းစွာ ရုန်းကန်နေကြရသူများအဖြစ် မတူကွဲပြားစွာ ရပ်တည်နေကြခြင်းကို တွေ့မြင်နိုင်သည်။ အထက်ပါအခြေအနေမျိုးကို ပြုပြင်ပြောင်းလဲပစ်နိုင်ရေးအတွက် တစ်ခုတည်းသော လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်မှာ အင်ဂျင်နီယာလောကတစ်ရပ်လုံးကို တစ်ပြေးညီ အဆင့်မြှင့်တင်ပေးရန်ပင် ဖြစ်သည်။ ထိုကဲ့သို့ တစ်ပြေးညီ အဆင့်မြှင့်တင်ပေးနိုင်စွမ်းရှိသော အဖွဲ့အစည်းမှာ အင်ဂျင်နီယာကောင်စီပင် ဖြစ်သည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်းရှိ အင်ဂျင်နီယာပညာရှင်များ အားလုံးနှင့် ပြည်ပနိုင်ငံများ၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြသော မြန်မာနိုင်ငံသား အင်ဂျင်နီယာပညာရှင်များအားလုံး တစ်ပြေးညီ အဆင့်အတန်း မြင့်မားလာစေရေးအတွက် မားမားမတ်မတ်ရပ်တည်ကာ ဦးဆောင်ဦးရွက်ပြုပေးရမည်ဖြစ်သည်။

အငယ်တန်းအင်ဂျင်နီယာများမှစ၍ အင်ဂျင်နီယာချုပ်အဆင့်အထိ ပညာအရည်အချင်း၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် လုပ်သက်အတွေ့အကြုံ အမျိုးမျိုးရှိကြသော အင်ဂျင်နီယာများအားလုံးကို အရည်အချင်းအလိုက်၊ ကျွမ်းကျင်မှုအလိုက်၊ အတွေ့အကြုံအလိုက် အခွင့်အရေး တစ်ပြေးညီရရှိရေး၊ အာဆီယံဒေသတွင်းရှိအင်ဂျင်နီယာများ၏ အဆင့်အတန်း တန်းတူရည်တူရှိရေး၊ အာရှ-ပစိဖိတ်ဒေသ အင်ဂျင်နီယာအဆင့်ရောက်ရှိအောင် မြှင့်တင်ပေးရေး၊ နိုင်ငံတကာအဆင့် အင်ဂျင်နီယာပညာရှင်များအဖြစ် လေ့ကျင့်မွေးထုတ်ပေးရေး စသည်တို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ။

# ထိပ်တန်းအသင်းတွေ အားမာန်အပြည့်နဲ့ကျော်ဖြတ်ရမယ့် အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေဖြစ်တဲ့ ဇန်နဝါရီ ၂၈ ရက်နဲ့ ၂၉ ရက်တွေမှာ အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်တွေကစားဖို့ ရှိနေပါတယ်။ ဒီပွဲစဉ်မှာ ပရီမီယာလိဂ်အသင်းကြီးတွေရဲ့ နောက်တစ်ဆင့်တက်လှမ်းနိုင်မယ့် စွမ်းဆောင်မှုတွေကို မြင်တွေ့ရဖို့ရှိနေပြီး ခြေကုန်ထုတ်မှ ရလဒ်ကောင်းမယ့် ပွဲစဉ်တွေကလည်း ပါဝင်နေပါတယ်။ ပရီမီယာလိဂ်ထိပ်တန်းအသင်းကြီးတွေဟာ ဂုဏ်ဒြပ်ကြီးမားတဲ့ အက်ဖ်အေဖလားကို ရယူဖို့ အကောင်းဆုံးပြင်ဆင်ပြီး ကြိုးစားနေတာမို့ ပွဲတိုင်းပရိသတ်တွေအတွက် ပွဲကောင်းတွေ ဖြစ်နေဦးမှာပါ။

**လီဗာပူးနှင့် ဝုလ်ဗာ**

ခြေစွမ်းအတက်အကျ မြန်ပြီးရလဒ်တွေ ကမောက်ကမဖြစ်နေတဲ့ လီဗာပူးတို့က ဆွမ်ဆီးကို မိမိကွင်းမှာ ပူပူနွေးနွေး ရှုံးပွဲကြုံထားပါတယ်။ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ လီဗာပူးရဲ့ခြေစွမ်းကိုကြည့်ရင် ပလိုင်းမောက်အသင်းကိုသာ အနိုင်ရခဲ့ပြီး ကျန်ပွဲရလဒ်တွေကတော့ သရေပွဲ၊ ရှုံးပွဲတွေချည်းပါပဲ။ ဝုလ်ဗာတို့ကတော့ နော့ဝှစ်ချ်နဲ့ ကျူပီအာတို့ကို ရှုံးခဲ့ပေမယ့် ဗီလာနဲ့ စတုတ်တို့ကို အနိုင်ယူခဲ့ပြီး ရက်ဖီးကိုတော့ သရေကစားနိုင်ခဲ့တာမို့ လီဗာပူးတို့ ပေါ့ဆလို့မရပါဘူး။ လောလောဆယ်ခြေစွမ်းအရ နိုင်ပွဲပြန်ရှာဖွေမယ့် လီဗာပူးအတွက် ဒီပွဲက စတင်နိုင်မလားကြည့်ရမှာပါ။ အကြိုက်က လီဗာပူးဖြစ်ပေမယ့် ဝုလ်ဗာတို့ကိုလည်း လျှော့တွက်လို့မရပါဘူး။

**ချယ်လ်ဆီးနှင့် ဘရန့်ဖို့ဒ်**

ရလဒ်ကောင်းတွေ ဆက်တိုက်ရယူနေတဲ့ ချယ်လ်ဆီးဟာ ပြိုင်ပွဲစုံမှာ အောင်ပွဲတွေခံနေပါတယ်။ ဒဏ်ရာရပွဲပယ်ကစားသမားတွေရှိနေပေမယ့် အရန်ကစားသမားတွေပေါများတဲ့ ချယ်လ်ဆီးတို့ကတော့ အခုပွဲမှာ ဘရန့်ဖို့ဒ်ကို ကျော်ဖြတ်ဦးမှာ ဖြစ်ပါတယ်။ ခံစစ်ပိုင်းလုံအောင် ကစားတတ်တဲ့ ဘရန့်ဖို့ဒ်တို့က အခုတလော ရှုံးပွဲတွေဆက်တိုက် ဖြစ်ပေါ်နေတာမို့ ချယ်လ်ဆီးရဲ့တိုက်စစ်အားကို ဟန့်တားနိုင်ဖို့ မလွယ်ပါဘူး။ ချယ်လ်ဆီးရဲ့ နိုင်ပွဲဖြစ်သွားပါလိမ့်မယ်။

**ခရစ္စတယ်ပဲလေ့စ်နှင့်မန်စီးတီး**

စပါးကို ရှုံးပြီး အဲဗာတန်ကိုလည်း ဂိုးပြတ်ရှုံးထားတဲ့ မန်စီးတီးရဲ့ခြေစွမ်းက ရင်ပူစရာတော့ကောင်းနေပါတယ်။ ပဲလေ့စ်တို့ကလည်း နိုင်ပွဲတွေ ပျောက်ဆုံးနေတာမို့ အိမ်ကွင်းဆိုပေမယ့် မန်စီးတီးရဲ့ နိုင်ပွဲရလိုမှုနဲ့ ထိုးဖောက်တိုက်စစ်ဆင်လာမယ့် မန်စီးတီးရဲ့တိုက်စစ်မှူးတွေကို ထိန်းချုပ်ရခက်ခဲပါလိမ့်မယ်။ အက်ဖ်အေဖလားကို မျှော်လင့်ချက်ထားနေတဲ့ မန်စီးတီးတို့အတွက် အနိုင်ရလဒ်ကိုပဲ ရအောင်ပုံဖော်မယ့်ပွဲပါပဲ။

**ဆောက်သမ်တန်နှင့် အာဆင်နယ်**

ခြေစွမ်းပုံမှန်ရပြီး နိုင်ပွဲတွေဆက်တိုက်ရရှိနေတဲ့ အာဆင်နယ်ဟာ အခုတလော တိုက်စစ်ရော ခံစစ်ပါ ဟန်ချက်ညီနေပါတယ်။ အာဆင်နယ်တိုက်စစ်မှူးတွေ ဂိုးသွင်းကောင်းနေပြီး အတွဲအဖက်လည်း ညီနေကြပါတယ်။ တိုက်စစ်မှူးတွေက နောက်ဆုံးငါးပွဲမှာ ၁၃ ဂိုးသွင်းယူထားတာမို့ အခုပွဲမှာလည်း ဆောက်သမ်တန်ကို အဝေးကွင်းဆိုပေမယ့် နိုင်ပွဲရအောင် အားထုတ်ပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံး တွေ့ဆုံခဲ့တဲ့ပွဲမှာ ဆောက်သမ်တန်က နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရခဲ့တာမို့ အာဆင်နယ်တို့ အထူးသတိထား ပြင်ဆင်ရပါလိမ့်မယ်။ အခုပွဲအတွက် အာဆင်နယ်တို့တစ်မှတ်ရအောင် ကြိုးစားရမှာဖြစ်ပြီး နိုင်ရင်တောင် အမှတ်မပြတ်နိုင်ပါဘူး။




**မန်ယူနှင့် ဝီဂန်**

လီဗာပူးနဲ့ စတုတ်အသင်းတွေကို တစ်ဂိုးစီသရေပွဲတွေ ဆက်တိုက် ဖြစ်ထားခဲ့တဲ့ မန်ယူအတွက် ဝီဂန်ဟာ အခက်ခဲတစ်ရပ်ဖြစ်လာနိုင်ပါတယ်။ ပွဲတိုင်းရလဒ်ကောင်းအောင် ကြိုးစားနေတဲ့ မန်ယူဟာ ဝီဂန်နဲ့ဆုံတိုင်း အားထည့်ကစားခဲ့ရတာချည်းဖြစ်တာမို့ သတိထားရပါလိမ့်မယ်။ ဝီဂန်တို့ကတော့ ဘရန့်ဖို့ဒ်၊ ဘာတန်နဲ့ နော့တင်ဟမ်အသင်းတွေကို ဆက်တိုက်နိုင်ပွဲရထားတာမို့ မန်ယူကို စိတ်ဓာတ်အသာစီးနဲ့ ကစားပါလိမ့်မယ်။ ဒါပေမယ့် ကစားအား ပုံမှန်ရရှိနေပြီဖြစ်တဲ့ မန်ယူကို ဝီဂန်တို့နိုင်ဖို့ မလွယ်သလို အမြင့်ဆုံးမျှော်မှန်းနိုင်တာက တစ်မှတ်ပါပဲ။

**ဖူလ်ဟမ်နှင့် ဟားလ်စီးတီး**

ကာဒစ်၊ ဘန်လေတို့ကို အနိုင်ကစားပြီး ကျူပီအာကို တစ်ဂိုးစီ သရေပွဲဖြစ်ထားတဲ့ ဖူလ်ဟမ်တို့က ဒီပွဲကို အနိုင်ရအောင် ကြိုးစားပါလိမ့်မယ်။ အထူးသဖြင့် အိမ်ကွင်းမှာ ခြေစွမ်းကောင်းမွန်တဲ့ ဖူလ်ဟမ်ကို ဟားလ်စီးတီးတို့ ပွဲကျပ်အဖြစ် ကစားရပါလိမ့်မယ်။ ဟားလ်စီးတီးတို့က နောက်ဆုံးငါးပွဲ ကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် နှစ်ပွဲနိုင် သုံးပွဲရှုံး ထွက်ပေါ်ထားတာမို့ အခုပွဲမှာ ဖူလ်ဟမ်ပရိသတ် ပျော်ရွှင်ရမယ့်ပွဲ ဖြစ်သွားနိုင်ပါတယ်။ ။

❍ မိုးမြင့်လင်းလက် ❍



## ခြောက်ပွဲ အပိတ်ခံရဖွယ်ရှိနေတဲ့ ဝင်းဂါး

အာဆင်နယ် နည်းပြ ဝင်းဂါးဟာ ဘန်လေနဲ့ပွဲမှာ ကွင်းထဲမှ ထွက်ခွာခဲ့ရပြီးနောက် ဒိုင်လူကြီး ဂျွန်မော့စ်အား ဆဲရေးခြင်းနှင့် အန်ထော်နီတေလာအား တွန်းလွှတ်ခဲ့ခြင်းအတွက် အနည်းဆုံးခြောက်ပွဲ အပိတ်ခံရဖွယ်ရှိနေပါတယ်။ အာစင်ဝင်းဂါးက ဒီပွဲမှာ ဒိုင် လူကြီး ဂျွန်မော့စ်ကို ဆဲရေးခဲ့တဲ့အပြင် တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ အန်ထော်နီတေလာ ကို ဘောလုံးကွင်းဝင်ပေါက်မှ စောင့်ပြီး တွန်းချခဲ့တယ်လို့ ဆိုပါတယ်။ ဒီအတွက် ဝင်းဂါးကို ခြောက်ပွဲ ပိတ်ပင်ဖို့ အက်ဖ်အေတာဝန်ရှိသူတွေ ပြင်ဆင်နေတယ်လို့ဆိုပါတယ်။ ဘန်လေနဲ့ ကစားခဲ့တဲ့ပွဲမှာ ဘန်လေဘက်ကို ပွဲပြီးခါနီးမှ ပယ်နယ်တီ ကန်ခွင့်ပေးခဲ့တဲ့အတွက် နည်းပြဝင်းဂါး မကျေမနပ်ဖြစ်ခဲ့ပါတယ်။ ဘေးထွက်ဘေဖြစ်သွားတဲ့ဘောလုံးကို ပယ်နယ်တီ ကန်ခွင့်ပေးတဲ့အတွက် ဝင်းဂါးက စောဒကတက်ခဲ့ပါတယ်။ ဒီ့အတွက် ဝင်းဂါးကို တာဝန်နှောင့်ယှက်မှုနဲ့ ဒိုင်လူကြီးက ကွင်းထဲမှ ထုတ်ပယ်ခဲ့ပါတယ်။ အက်ဖ်အေက ဝင်းဂါးကို ပိတ်ပင်မယ်ဆိုရင် ဒီနှစ်ထဲမှာ ပိတ်ပင်ခံရတဲ့ ပထမဆုံးနည်းပြဟာ အာစင်ဝင်းဂါးဖြစ်လာဖို့ ရှိနေပါတယ်။

## မန်ယူက စောင့်ကြည့်နေတဲ့ ဘင်ဖီကာတိုက်စစ်မှူး



ပီအက်စ်ဂျီအသင်းက မန်ယူနဲ့ အာဆင်နယ်တို့ ပစ်မှတ်ထားနေတဲ့ ဘင်ဖီကာ တိုက်စစ်မှူး ဂွန်နာလိုဂူးဒက်စ်ကို ပေါင် ၂၁ သန်းနဲ့ ခေါ်ယူသွားဖို့ သဘောတူလိုက်ပါတယ်။ မန်ယူနဲ့ အာဆင်နယ်တို့က နိုဝင်ဘာလကတည်းက အသက် ၂၀ အရွယ်ရှိ ဂူးဒက်စ်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။ ဂူးဒက်စ်ဟာ စီရိုနယ်ဒိုလို ခြေစွမ်းပြကစားနိုင်တဲ့ ကစားသမားဖြစ်တယ်လို့ ဘင်ဖီကာ တာဝန်ရှိသူတွေက ဆိုပါတယ်။ သူဟာ နံပါတ် ၁၀ နဲ့ နံပါတ် ၈ နေရာတွေမှာ ကစားနိုင်တဲ့ ကစားသမားဖြစ်ပါတယ်။ ကွင်းလယ်ကစားသမားနေရာသာမက တောင်ပံတိုက်စစ်မှူးအဖြစ်လည်း ကစားနိုင်သူဖြစ်ပါတယ်။ သို့ပေမယ့် ပီအက်စ်ဂျီကတော့ ပေါ်တူဂီနိုင်ငံသား ဂူးဒက်စ်ကို ခေါ်ယူဖို့ သဘောတူထားပြီဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းအနေနဲ့ စီးပွားရေးအရ ဇန်နဝါရီ အပြောင်းအရွှေ့နောက်ဆုံးရက်မှာ ဂူးဒက်စ်ကို ခေါ်ယူသွားမယ်လို့ ဆိုပါတယ်။ သူဟာ စီရိုနယ်ဒိုလို အားထားရတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

▲ ကောင်းမြတ်သူ-စုစည်းသည်။ ▲

## အဲဗာတန် တောင်ပံတိုက်စစ်မှူး ဒီလိုဖီးကို အေစီမီလန်သို့ အငှားချ



အဲဗာတန်အသင်းက တောင်ပံတိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ဂျရတ် ဒီလိုဖီးအား အေစီမီလန်အသင်းသို့ ခြောက်လ အငှားချထားလိုက်ပါတယ်။ ဒီလိုဖီးဟာ အဲဗာတန်အသင်းရဲ့ရာသီနှစ်ခုအတွင်း ၇၅ ပွဲ ကစားခဲ့ရာမှာ ရှစ်ဂိုးသွင်းယူပေးခဲ့ပါတယ်။ စပိန်နိုင်ငံသား ဒီလိုဖီးဟာ နည်းပြ ရော်နယ်ကိုးမန်းလက်ထက်မှာ ပထမဦးစားပေးကစားသမားအဖြစ် ရုန်းကန်ကြိုးစားနေရပါတယ်။ အဲဗာတန်ကစားသမား ဒီလိုဖီးဟာ အေစီမီလန်အသင်းနဲ့အတူ ရာသီကုန်အထိ ကစားရတော့မှာဖြစ်ပါတယ်။ အသက် ၂၂ နှစ်အရွယ်သာ ရှိသေးတဲ့ ဒီလိုဖီးဟာ အေစီမီလန်အသင်းရဲ့ အဓိကကစားသမားတစ်ဦးဖြစ်လာနိုင်ပါတယ်။ သို့သော်လည်း အေစီမီလန်အသင်းဟာ စီးရီးအေထိပ်ဆုံးရောက် ဂျူဗင်တပ်စ်အသင်းနောက်မှ ၁၁ မှတ်ကွာပြီး လိုက်နေရပါတယ်။ လာမယ့်ပြိုင်ပွဲတွေမှာတော့ ဒီလိုဖီးဟာ အေစီမီလန်အသင်းနဲ့အတူ ခြေစွမ်းပြ ကစားဖွယ်ရှိနေပါတယ်။

# နွေစပါးနှင့် ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရန် တောင်သူများအား ထောက်ပံ့မည်

**ဘားအံ ဇန်နဝါရီ ၂၅**

ကရင်ပြည်နယ် ဘားအံမြို့နယ် သံလှယ်ကျေးရွာရှိ သံလှယ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြင့် နွေစပါးနှင့် ဆောင်းသီးနှံများ စိုက်ပျိုးနိုင်သည့် တစ်ကွင်းတစ်ဆက်တည်း ရှိနေသော ဧက ၃၀၀ အတွင်းရှိ တောင်သူများ အနေဖြင့် ယခုနှစ် စိုက်ပျိုးရာသီတွင် သီးထပ်စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်ချက်များကို ပြည်နယ်အစိုးရမှ ဖြည့်ဆည်းပေးနိုင်ရန် အစိုးရတာဝန်ရှိသူများနှင့် တောင်သူများ ဇန်နဝါရီ ၂၁ ရက်က သံလှယ်ကျေးရွာရှိ သံလှယ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။



တောင်သူများနှင့် တွေ့ဆုံရာတွင် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက သံလှယ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ပြည်နယ်အစိုးရမှ ကျပ်သန်းပေါင်း ၂၀၀၀ ကျော် အကုန်အကျခံ တည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း၊ အောင်ရေ အခက်အခဲကြောင့် နှစ်ပေါင်းများစွာ ပလပ်ထားသော လယ်မြေများကိုလည်း ၂၀၁၄-၂၀၁၅ ခုနှစ်တွင် စနစ်တကျ စက်မှုလယ်ယာအဖြစ် ဖော်ထုတ်ပေးခဲ့ပြီး ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများလည်း ဖော်ထုတ်ပေးခဲ့ပြီးဖြစ်သဖြင့် ဒေသခံတောင်သူများအနေဖြင့် ကြိုးစားစိုက်ပျိုးကြစေလိုကြောင်း ပြောကြားသည်။

မွန်တိုင်းရင်းသားရေးရာဝန်ကြီး ဦးမင်းတင်ဝင်းကလည်း အောင်ရေပေးရန်နှင့် မြေယာပြုပြင်ရန် လိုအပ်ချက်များကို ဆောင်ရွက်ပြီးဖြစ်၍ အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးအတွက် တိုက်တွန်းပြောကြားပြီး ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှူး ဦးဝင်းနိုင်ဦးနှင့် ပြည်နယ်မြေစာရင်းဦးစီးမှူး ဦးမင်းမင်းတို့က စက်မှုလယ်ယာမြေ ဖော်ထုတ်မှုနှင့် လယ်မြေကဏ္ဍ အလိုက် ပြန်လည်နေရာချမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သံလှယ်မြစ်ရေတင်စီမံကိန်းအတွက် ရေစုပ်စက် 9 Cusec Pump (double suctions) လေးစုံ၊ မော်တာ(45 KW Motor)လေးလုံးတို့ဖြင့် စိုက်ပျိုးရေလုံလောက်အောင် စီစဉ်ပေးပြီး စနစ်တကျ လယ်ယာမြေများလည်း ဖော်ထုတ်ပြီးဖြစ်သည်။ စက်မှုလယ်ယာဦးစီးဌာနမှလည်း တောင်သူများအတွက် လိုအပ်သော ထွန်စက်များကို အရစ်ကျရောင်းချပေးခြင်း၊ မြေဆီလွှာပြုပြင်ခြင်းဆိုင်ရာ နည်းပညာပေးခြင်း၊ စပါးမျိုးကောင်းမျိုးသန့်နှင့် နှမ်းမျိုးများ ဖြန့်ဖြူးပေးခြင်းများဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဂျိုင်းကျေးရွာ ဘုန်းကြီးကျောင်းတွင်လည်း ဂျိုင်းမြစ်ရေတင် စီမံကိန်းအတွင်း ရေမြောင်းများအဆင့်မြှင့်တင်ခြင်းနှင့် တောင်သူများ စိုက်ပျိုးသော သီးနှံ၊ ပဲမျိုးစုံ၊ စပါးနှင့်သီးနှံအလိုက် ရေလိုအပ်ချက်များကို မြောင်းများအဆင့်မြှင့်တင်ပေးနိုင်ရေးအတွက် ကျေးရွာတောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **နေမျိုးလွင်(ဘားအံ)**

# မဲဆန္ဒရှင်စာရင်း ထုတ်ပြန်ကြေညာရာတွင် အဆင်ပြေချောမွေ့စေရေး ဆွေးနွေး

**အမ်း ဇန်နဝါရီ ၂၅**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့၌ ၂၀၁၇ခုနှစ် ဧပြီလ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် သက်ဆိုင်ရာမဲရုံများတည်ရှိရာ နယ်မြေအလိုက် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ညှိနှိုင်းဆွေးနွေးပွဲကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဇန်နဝါရီ ၂၃ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသာညွန့်နှင့် အဖွဲ့ဝင်များ ဆွေးနွေးခဲ့ကြပြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ယမန်နှစ် ရွေးကောက်ပွဲ အတွေ့အကြုံများအရ အားနည်းချက်များကို ပြုပြင်ရန်၊ အဖွဲ့ဝင်များအနေဖြင့် မိမိတို့ကြီးကြပ်တာဝန်ယူသော အုပ်စုများ၊ ရွာများနှင့် အမြဲထိတွေ့ကာ အခက်အခဲများကို ကြိုတင်လေ့လာသိရှိထားရန် လိုအပ်ကြောင်းနှင့် ရွေးကောက်ပွဲ အသုံးစရိတ်ခွဲဝေရရှိမှုကို ပွင့်လင်းစွာ ချပြဆွေးနွေးသည်။

ထို့နောက် အဖွဲ့ဝင်များက မဲဆန္ဒရှင်စာရင်းများ ကြေညာထုတ်ပြန်ရာတွင် သတ်မှတ်အချိန်ကာလအတွင်း ထုတ်ပြန်နိုင်ရေး၊ သက်ဆိုင်ရာ ရပ်/ကျေးကော်မတီအဖွဲ့ခွဲများကို အချိန်မီ ဆက်သွယ်ခေါ်ယူနိုင်ရေး၊ မဲစာရင်းတွင် မပါဝင်သော မဲဆန္ဒရှင်များ လျှောက်ထားရာတွင် အဆင်ပြေချောမွေ့စေရေး၊ ဒေသအလိုက် တွေ့ကြုံတတ်သော အားနည်းချက်၊ အခက်အခဲများ စသည်တို့ကို အပြန်အလှန် သုံးသပ်ဆွေးနွေးကြသည်။

ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့်ဒေသများ၌ မဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်စာရင်းများကို ဖေဖော်ဝါရီ ၁ ရက်မှ ၁၄ ရက်အထိအတွင်း သက်ဆိုင်ရာ မဲရုံအလိုက် ကြေညာကပ်ထားပေးမည်ဖြစ်ပြီးအမ်းမြို့နယ် မဲဆန္ဒနယ်တွင် မဲရုံပေါင်း ၁၃၇ ရုံနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း ၇၅၃၃၉ ဦး ရှိကြောင်း အိမ်တိုင်ရာရောက် မြေပြင်စာရင်းကောက်ခံမှုများအရ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တောင်သူပညာပေးဆွေးနွေးပွဲနှင့် သဘာဝပိုးသတ်ဆေးပြုလုပ်ပုံ လက်တွေ့သရုပ်ပြ



သဘာဝပိုးသတ်ဆေးပြုလုပ်ပုံများကို လက်တွေ့ပြသနေစဉ်

**မိုးနဲ ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် နမ့်မော်ဆွမ့်ကျေးရွာအုပ်စု နမ့်မော်ဆွမ့်ကျေးရွာ စိန်တောင်ဘုန်းတော်ကြီးကျောင်း၌ တောင်သူပညာပေးဆွေးနွေးပွဲနှင့် သဘာဝပိုးသတ်ဆေးပြုလုပ်ပုံ လက်တွေ့သရုပ်ပြပွဲကို ဇန်နဝါရီ ၂၃ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝိုဘွယ်က တောင်သူပညာပေးဆွေးနွေးပွဲ ပြုလုပ်သည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး လင်းခေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးမွှားတာဝန်ခံ ဒေါ်မိုးမိုးက သဘာဝပိုးသတ်ဆေးပြုလုပ်ပုံ အဆင့်ဆင့်ကို လက်တွေ့သရုပ်ပြခဲ့သည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ပုလဲခာတ်မြေသြဇာ၊ နဂါးမောက်ပျိုးပင်၊ ကြယ်ပဲပျိုးပင်များ၊ တောင်သူပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ပေးအပ်ခဲ့ရာ နမ့်မော်ဆွမ့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအုန်းကျော်နှင့် ဒေသခံတောင်သူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# ကလေးများဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြိုင်ပွဲများကျင်းပပေးရန် ဆွေးနွေး

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်အတွင်းမှ ကလေးများ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက်ရည်ရွယ်၍ ပြိုင်ပွဲများ ကျင်းပပေးရန် ညှိနှိုင်းဆွေးနွေးပွဲကို မော်လမြိုင်ကျွန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်စာကြည့်တိုက်ခန်းမ၌ ဇန်နဝါရီ ၂၃ ရက်က ပြုလုပ်ခဲ့သည်။

စာကြည့်တိုက်ကွန်ရက်အဖွဲ့ ဥက္ကဋ္ဌ စာရေးဆရာဦးမြင့်ဝေ၊ အတွင်းရေးမှူး ဦးဌေးဝင်းနှင့် အဖွဲ့ဝင် စာရေးဆရာများ၊ မြို့နယ်စာပေမြတ်နိုးသူများအဖွဲ့နှင့် ကျေးရွာစာကြည့်တိုက်မှူးများက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးများ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပန်းချီရေးဆွဲပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများ၊ စာဖတ်ဝိုင်းများ၊ ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပပေးရေးအတွက် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်စာကြည့်တိုက်အနေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်သီတာအောင်က ရှင်းလင်းပြောကြားပြီး ကျေးရွာစာကြည့်တိုက်မှူးများကလည်း စာကြည့်တိုက်များတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကာ မြို့နယ်အနေဖြင့် စာအုပ်စာတမ်းများ ပံ့ပိုးလှူဒါန်းပေးနိုင်ရေး ဆွေးနွေးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**



# ပြည်သူများနှင့် တွေ့ဆုံ၍ ရဲလုပ်ငန်းများဆိုင်ရာ ရှင်းလင်းပွဲကျင်းပ

**ချောင်းဦး ဇန်နဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိ၊ မြို့ဖများနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ တွေ့ဆုံ၍ ရဲလုပ်ငန်းဆိုင်ရာများ ရှင်းလင်းပွဲကို ဇန်နဝါရီ ၂၂ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းမြင့်က အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုပ်ငန်းများအား မြို့မိမြို့ဖများ ပြည်သူများနှင့် ပူးပေါင်းစည်းရုံး၍ ပြည်သူများအပေါ် စိတ်ရှည်သည်းခံပြီး ဆောင်ရွက်ပါက အမှုများလျော့နည်းကျဆင်းပြီး အမှုမှန်များ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း ဆွေးနွေးသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးက ရဲတပ်ဖွဲ့ဝင်များ စည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်းများဆောင်ရွက်ပါက အောင်မြင်လာမည်ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့၏ လုပ်ငန်းအခက်အခဲများအကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခင်မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တရားမဝင်ကျွဲ၊ နွား၊ သစ်၊ မှောင်ခို၊ မူးယစ်ဆေးဝါးများအား အရှိန်မြှင့်စုံစမ်းဖမ်းဆီးလျက်ရှိရာတွင် ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းက ရဲတပ်ဖွဲ့ဝင်များအနေဖြင့် အမှုများအား အမှုမှန်ပေါ်ပေါက်အောင် စစ်ဆေးဆောင်ရွက်သွားရန် ဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြို့မိ မြို့ဖများ၊ မြို့နယ်အတွင်းမှ နိုင်ငံရေးပါတီဝင်များက ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများမှ ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်းအပေါ် ဆက်လက်စည်းရုံးဆောင်ရွက်သွားရန်၊ တရားမဝင် အရက်ပုန်း၊ လောင်းကစားများကို ပူးပေါင်းဖမ်းဆီးရန် စသည့် အချက်များနှင့် မြို့နယ်အတွင်းမှ မှုခင်းများနှင့်ပတ်သက်၍ သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းမြင့်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**မိမိ(ချောင်းဦး)**

# ဒေသဖွံ့ဖြိုးတိုးတက်ရေး လမ်းတံတားများ တည်ဆောက်

**သုံးခွ ဇန်နဝါရီ ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာ ရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အရှည် ပေ ၁၃၀၊ အနံ ၁၄ ပေ၊ အမြင့် ၁၈ ပေရှိ ဆယ်ရွာ ကျေးရွာ၊ ရွာလယ်ချောင်းကူး ကွန်ကရစ်တံတားနှင့် ကဒပွန-ဆယ်ရွာကျေးရွာချင်းဆက်ကွန်ကရစ်လမ်း ၁၁၄၀၁ ပေ ခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါလုပ်ငန်းခွင်များသို့ တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်လင်းသန်းနှင့် ဝန်ထမ်းများက ဇန်နဝါရီ ၂၃ ရက်က ကြည့်ရှု၍ စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ရက်အတွင်းပြီးစီးရေး ရေရှည်တည်တံ့ခိုင်မြဲရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးတို့အတွက် စနစ်တကျ အလေးထားလုပ်ဆောင်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ကျောင်းသားများအား အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**အင်္ဂပူ ဇန်နဝါရီ ၂၅**

အင်္ဂပူမြို့နယ် ထူးကြီးမြို့အခြေခံပညာအထက်တန်းကျောင်းမှ အသက်(၁၀)နှစ်ပြည့်ပြီးသော ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဇန်နဝါရီ ၂၃ ရက်က ကျင်းပခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာတို့က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးအရာရှိ ဦးစိုင်းဝင်းသိန်းဦးက နိုင်ငံသားစိစစ်ရေးကတ်ပြားအကြောင်း သိမှတ်ဖွယ်ရာများကို ကျောင်းသားကျောင်းသူများအား ဟောပြောသည်။ ထို့နောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများပေးအပ်ခဲ့ပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အင်္ဂပူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနအနေဖြင့် ထူးကြီး အခြေခံပညာအထက်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးခဲ့ရာတွင် အသက်(၁၀) နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၅၄၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# စပါးတစ်ဧက တင်းတစ်ရာနှုန်းထွက်သော်လည်း လယ်သမားများ တွက်ခြေမကိုက်

**ညောင်ဦး ဇန်နဝါရီ ၂၅**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် ငါ့သရောက်မြစ်ရေတင်မှရေများဖြင့် မိုးစပါးစိုက်ပျိုးခဲ့ကြရာတွင် ယခုမိုးစပါးရိတ်သိမ်းပြီးချိန်တွင် စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် စပါးတင်းရှစ်ဆယ်မှ တင်းတစ်ရာနှုန်းအထိ ထွက်ရှိသော်လည်း တောင်သူလယ်သမားများအဖို့ တွက်ခြေမကိုက်ဘဲ အရှုံးပြနေသေးကြောင်း ဒေသခံတောင်သူများက ဆိုကြသည်။

စပါးအထွက်ကောင်းသော်လည်း တွက်ခြေမကိုက်ခြင်းမှာ စိုက်ပျိုးရာတွင် ကုန်ကျစရိတ်များများပြားခြင်းကြောင့်ဖြစ်ကြောင်း တောင်သူလယ်သမားများက ဆိုသည်။ စပါးစိုက်ပျိုးရာတွင် စိုက်ပျိုးစရိတ်၊ အလုပ်သမားငှားစရိတ်၊ ဓာတ်မြေဩဇာစရိတ်၊ ပိုးသတ်ဆေးပက်ခ စရိတ်၊ ကောက်စိုက်စရိတ်၊ ပေါင်းသင်စရိတ်၊ လယ်ထွန် စက်ငှားစရိတ်၊ ရိတ်သိမ်းချွေလှေ့စက် ငှားခစရိတ်စသည့် ကုန်ကျစရိတ်အမျိုးမျိုး ရှိနေကြောင်း သိရသည်။

"ကျွန်တော် စပါးငါးဧကစိုက်ပါတယ်။ တစ်ဧက တင်းရှစ်ဆယ်နှုန်းလောက် ထွက်ပါတယ်။ အမျိုးသား လူငှားတစ်ယောက် ဆန်လေးပြည်နှုန်းပေးရပါတယ်။ အမျိုးသမီးလူငှားတစ်ယောက် ဆန်သုံးပြည်ပေးရပါတယ်။ မိသားစုဝမ်းစာအတွက် မပူရပေမယ့် ဝင်ငွေနှင့် ထွက်ငွေ မကိုက်တော့ စပါးစိုက်ချင်စိတ် နည်းလာကြတယ်။ အထွက်နှုန်းကောင်းတဲ့စပါးမျိုး စိုက်ခွင့်ရမယ်ဆိုရင်တော့လည်း စိုက်သင့်ပါတယ်။ တစ်ဧကတင်းရှစ်ဆယ်လောက် တင်းတစ်ရာလောက်ထွက်ရုံနဲ့တော့ အလုပ်မဖြစ်နိုင်ဘူး။ အခုလာမယ့် နွေရာသီရောက်ရင်တော့ နွေပဲတီစိမ်း စိုက်တော့မယ်။ ပဲတီစိမ်းပြီးရင်တော့ ငှက်ပျောစိုက်တော့မယ် စိတ်ကူးထားတယ်"ဟု တောင်ဖက်တန်းကျေးရွာနေ တောင်သူတစ်ဖက် လယ်တစ်ဖက် လုပ်ကိုင်သူ ဦးသန်းညွန့်က ပြောသည်။

ကုန်ကျစရိတ်များခြင်းအပြင် လယ်သမားများ အဆင်မပြေကြခြင်း၏ အခြားအကြောင်းအရင်းတစ်ရပ်မှာ စပါးဈေးနှုန်းများ ကျဆင်းနေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"အရင်ခေတ်တုန်းကတော့ နံ့ပြောင်းဆန်ကို ထမင်းချက်စားရတယ်။ အခုခေတ်ရောက်တော့ မြစ်ရေတင်ကြီးများကျေးဇူးကြောင့် ဆန်ထမင်းချက်စားရပါတယ်။ ဒါပေမယ့် လယ်လုပ်တယ်ဆိုတာ တော်ရုံတန်ရုံအရင်းအနှီးနဲ့ မလုံလောက်နိုင်ဘူး။ မိသားစုလုပ်အားတောင့်မှ လုပ်နိုင်တာပါ။ အဲဒီလို မိမိတို့အိမ်က လုပ်အားမစိုက်နိုင်ဘူးဆိုရင် လူငှားလို့လည်း မလွယ်ပါဘူး။ စပါးဈေးကလည်း သိပ်မကောင်းသေးဘူး။ စပါးတစ်တင်း ခြောက်ထောင်လောက်ပဲ ရောင်းရတယ်။ စပါးတစ်ဧက အရင်းအနှီးက လေးသိန်းကျော် လေးသိန်းလောက် ကုန်ကျတယ်ဆိုတော့ အရင်းကြီးပြီး ဒုက္ခများသလောက် တောင်သူအတွက် တွက်ခြေမကိုက်တော့ စပါးစိုက်ချင်သူ နည်းပါးလာတာပေါ့"ဟု တောင်ဖက်တန်းကျေးရွာနေ တောင်သူ ဦးကျော်သန်းက ပြောသည်။

လက်ရှိအချိန်သည် မိုးစပါးစိုက်ပျိုးရိတ်သိမ်းပြီး၍ နွေစပါးစိုက်ပျိုးမည်ဆိုလျှင် စိုက်ပျိုးရမည့်အချိန်ဖြစ်သော်လည်း ညောင်ဦးမြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် တွက်ခြေမကိုက်သောကြောင့် နွေစပါးစိုက်ပျိုးရန် ပြင်ဆင်မှု နည်းပါးနေပြီး နွေပဲတီစိမ်းကိုသာ စိုက်ပျိုးရန် တောင်သူအများစုက ပြင်ဆင်နေကြကြောင်း သိရသည်။

**ကျော်ဌေး(ညောင်ဦး)**



# ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် နည်းပြဆင့်ပွားသင်တန်းမှ ရဲအရာရှိများ ပြည်သူများနှင့်ကွင်းဆင်းတွေ့ဆုံ

**မန္တလေး ဇန်နဝါရီ ၂၅**
မန္တလေးတိုင်းရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ ဖွင့်လှစ်လျက်ရှိသည့် ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် နည်းပြဆင့်ပွားသင်တန်း အမှတ်(၁/၂၀၁၇)တွင် တက်ရောက်လျက်ရှိသော ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှ သင်တန်းသားရဲအရာရှိများသည် မန္တလေးနယ်မြေခံရဲအရာရှိများနှင့်အတူ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ စုရပ်ပြုလုပ်၍ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်ကို လက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှ သင်တန်းသားရဲအရာရှိများနှင့် ချမ်းအေးသာစံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းနိုင်၊ အမှတ်(၈) မြို့မရဲစခန်းမှ စခန်းမှူး ရဲမှူးခင်မောင်သိန်း၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ထင်လင်းကျော်နှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များက အုပ်စုများခွဲကာ ရပ်ကွက်နေပြည်သူများ၏ နေအိမ်များသို့ တစ်အိမ်တက်ဆင်းသွားရောက်၍ ပြည်သူများနှင့် ထိတွေ့ကာ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်များဖြစ်သော နေအိမ်များလုံခြုံရေးနှင့် မှုခင်းကျဆင်းရေးကိစ္စများ၊ ပြည်သူများအနေဖြင့် ရဲတပ်ဖွဲ့ကိုသတင်းပေးပြီး ပူးပေါင်းဆောင်ရွက်စေလိုကြောင်း စသည့်အချက်များကို အသိပညာပေးဆွေးနွေးခဲ့ကြသည်။

ထို့နောက် မှုခင်းကျဆင်းရေးပညာပေး လက်ကမ်းစာစောင်များနှင့် ရဲတပ်ဖွဲ့သို့ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များကို ရပ်ကွက်နေပြည်သူများထံ ဖြန့်ဝေပေးခဲ့ပြီး ပြည်သူများအနေဖြင့် ရဲတပ်ဖွဲ့အပေါ် အကြံပြုချက်များ ပေးပို့ရန်လည်းကောင်း၊ အခက်အခဲများရှိပါက ရဲတပ်ဖွဲ့သို့ အကူအညီတောင်းခံရန်လည်းကောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ဖုန်း ၀၉-၂၅၀၈၇၀၀၇၃၊ အမှတ်(၈) မြို့မရဲစခန်းမှူး ဒုရဲမှူးခင်မောင်သိန်း ဖုန်း ၀၉-၄၂၁၇၂၇၃၇၄ နှင့် နယ်ထိန်းခေါင်းဆောင် ဖုန်း-၀၉-၄၂၁၇၁၀၃၉၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# လူငယ်အသိပညာပေး စာပေဟောပြောပွဲကျင်းပ

**ဘိုကလေး ဇန်နဝါရီ ၂၅**
ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ပေချောင်းကြီးကျေးရွာ၌ ကံ့ကော်တစ်ထောင်ဆရာတော်ကြီး၏ ဩဝါဒကို ခံယူလျက် ကျေးရွာလူငယ်အဖွဲ့က ကြီးမှူးကျင်းပသည့် ပထမအကြိမ် လူငယ်အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၂ ရက်က အဆိုပါကျေးရွာရှိ ကံ့ကော်တစ်ထောင် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် လူငယ်အဖွဲ့မှ ဦးသစ်လွင်က ဟောပြောပွဲကျင်းပသည့်ရည်ရွယ်ချက်နှင့် ကျေးဇူးတင်စကား ပြောကြားပြီး စာရေးဆရာ မောင်စိန်ဝင်း (ပုတီးကုန်း)က သုတ ရသစာပေ ခေါင်းစဉ်ဖြင့် လူတို့၏ဘဝတွင် ရသစာပေ၏ အကျိုးသက်ရောက်ပုံ၊ ရသစာပေကို ဖတ်ရှုခြင်းဖြင့် ဘဝတည်ဆောက်ရေးအတွက် စဉ်းစားတွေးခေါ်ဉာဏ်ရရှိနိုင်ပုံများကို သာဓကများဖြင့် ဟောပြောခဲ့ပြီး စာရေးဆရာ အယ်ဒီတာချုပ် အောင်စိုးသူက သုတ၊ ရသမြောက် နိုင်ငံတော်တည်ထောင်ခန်း ခေါင်းစဉ်ဖြင့် မိသားစုအကြား၊ မိတ်ဆွေအချင်းချင်းအကြား၊ လူ့အဖွဲ့အစည်းအချင်းချင်းအကြား ပေါင်းသင်း ဆက်ဆံရေးပြေပြစ်အောင် ထားရှိရမည့်စိတ်ဓာတ်နှင့် ဆောင်ရန်ရှောင်ရန်အချက်များကို ဟောပြောခဲ့ပြီးဟောပြောပွဲသို့ မလေ့ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ စာချစ်သူများ စည်ကားစွာ လာရောက်နားထောင်ခဲ့ကြသည်။ **ဘိုကလေးဌေးနိုင်**

# ပခုက္ကူလူငယ်တွေ့ဆုံပွဲ ၂၀၁၇ ကျင်းပပြီး လူငယ်အရေးဆိုင်ရာများ ဆွေးနွေး

**ပခုက္ကူ ဇန်နဝါရီ ၂၅**
လူငယ်အနာဂတ်မြင့်မားဖို့ တွဲလက်ညီညာကြိုးစားစို့ ရည်ရွယ်ချက်နှင့် ပခုက္ကူမြို့နယ်အတွင်းရှိ လူငယ်တွေ့ဆုံပွဲ ၂၀၁၇ ကို ပခုက္ကူမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ဇန်နဝါရီ ၂၁ ရက်မှ ၂၃ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။

လူငယ်တွေ့ဆုံပွဲ ပထမနေ့တွင် လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း၊ လူငယ်နှင့်သဘာဝပတ်ဝန်းကျင်၊ လူငယ်နှင့် ကွန်ရက်ချိတ်ဆက်မှုစသည့် ခေါင်းစဉ်ခြောက်ခုဖြင့် အဖွဲ့လိုက် ဆွေးနွေးအဖြေရှာခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။ ပခုက္ကူမြို့နယ်အုပ်ချုပ်ရေးမှူး ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများကလည်း ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများကို လာရောက်ဆွေးနွေးခဲ့ကြသည်။



ဒုတိယနေ့တွင် ခေါင်းစဉ်ခြောက်ရပ် ဆွေးနွေးမှုများမှ ရှာဖွေထားသော ဒေသတွင်းပြဿနာအခက်အခဲများကို လူငယ်များကိုယ်တိုင် လုပ်ဆောင်မည့်လုပ်ငန်းများနှင့် အစိုးရသို့ တင်ပြတောင်းဆိုသင့်သည့်အပိုင်းများ ခွဲခြားပြီး Action Plan ရေးဆွဲကြသည်။

ဆွေးနွေးပွဲ တတိယမြောက်နေ့တွင် ခေါင်းစဉ်ခြောက်ရပ်အပေါ် ဆွေးနွေးချက်များမှ ဒေသလိုအပ်ချက်များကို လူငယ်များက ခေါင်းစဉ်အလိုက် ဆွေးနွေးတင်ပြပြီး မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကိုတို့က ပြန်လည်အကြံပြုဆွေးနွေးကြသည်။

လူငယ်တွေ့ဆုံပွဲကျင်းပခြင်းနှင့်ပတ်သက်၍ ညှိနှိုင်းရေးမှူး ကိုနိုင်ထက်အောင်က ၂၀၁၆ ခုနှစ် တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသာ တက်ရောက်ခဲ့ပြီး ယခု ၂၀၁၇ ခုနှစ်တွင် တိုင်းဒေသကြီးဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ INGO၊ NGO များက လာရောက်ဆွေးနွေးပေးသည့်အတွက် ပိုမိုအောင်မြင်ကြောင်း ပြောကြားသည်။

ပခုက္ကူ လူငယ်တွေ့ဆုံပွဲကို ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က ပထမအကြိမ် စတင်ကျင်းပခဲ့ပြီး ယခု ၂၀၁၇ ခုနှစ် တွေ့ဆုံပွဲမှာ ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ကာ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ လူငယ် ၁၄၀ ကျော် တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုဇော်(ခတု)**

**ရွှေဘိုမြို့ပေါ်တွင် အသံထိန်းကိရိယာမပါဘဲ အိတ်ဇောဖွင့်ပြီး အများပြည်သူစိတ်အနှောင့်အယှက်ဖြစ်အောင် ဆူညံစွာမောင်းနှင်သော ဆိုင်ကယ်များအား ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး၏ စီမံမှုဖြင့် ခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီက ၂၀၁၆ ဧပြီလမှ ၂၀၁၇ ဇန်နဝါရီလအတွင်း စီမံချက်တစ်ရပ်အနေဖြင့် ဖမ်းဆီးခဲ့ရာ စုစုပေါင်း အိပ်ဇောဖွင့်မောင်းနှင်သည့် ဆိုင်ကယ် အစီး ၂၁၀ ကို သိမ်းဆည်းရမိခဲ့ပြီးနောက် အဆိုပါ အိတ်ဇောပိုက်များကို ဇန်နဝါရီ ၂၄ ရက်က ရွှေဘိုရုံးကြီး ရုံးပေါင်းစုံရှေ့ ကွင်းပြင်၌ လမ်းကြိတ်စက်ဖြင့်ကြိတ်ပြီး ဖျက်ဆီးနေစဉ်။**
(ဝ၅၀)



# ရခိုင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းဖြစ်မြောက်ရေး ဦးဆောင်ကော်မတီဖွဲ့စည်း

**စစ်တွေ ဇန်နဝါရီ ၂၅**
ရခိုင်ပြည်နယ်အတွင်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာပြီး စာကြည့်တိုက်အသစ်များ ပေါ်ထွန်းလာရေးအတွက ပူးပေါင်းဆောင်ရွက်သွားမည့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သော ရခိုင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းဖြစ်မြောက်ရေး ဦးဆောင်ကော်မတီဖွဲ့စည်းခြင်း အစည်းအဝေးကို စစ်တွေမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၂ ရက်က မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း (MLF) ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးမြတ်စိုးနှင့် စာရေးဆရာမြတ်စိုး(လှိုင်) တက်ရောက်ကြပြီး ညှိနှိုင်းပေါင်းစပ်ကာ ဖွဲ့စည်းပေးကြောင်း သိရသည်။ ရှေးဦးစွာ ဦးမြတ်စိုးနှင့်ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးစန်းလွင်တို့က ရခိုင်ပြည်နယ်စာကြည့်တိုက်များဖောင်ဒေးရှင်း (MLF) ဖြစ်မြောက်ရေးအတွက် ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေး တင်ပြကြသည်။ ထို့နောက် တက်ရောက်လာသူများ ဆန္ဒနှင့်အညီ ဖြစ်မြောက်ရေး ဦးဆောင်ကော်မတီကို ၁၅ ဦးဖြင့် ဖွဲ့စည်းကြပြီး အစည်းအဝေးသို့ မြန်မာနိုင်ငံသတင်း စာဆရာများအသင်း (ရခိုင်ပြည်နယ်) ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ စစ်တွေမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ စာရေးဆရာများ၊ စေတနာရှင်ပုဂ္ဂလိက စာကြည့်တိုက်တည်ထောင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**ကိုကြီးစော**

# မြေယာအသုံးပြုမှုစီမံခန့်ခွဲရေးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် ဇန်နဝါရီ ၂၅**
ဆက်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေး Infrastructure များဖြစ်သည့် ဖိုက်ဘာကေဘယ်များ၊ တာဝါတိုင်များ တည်ဆောက်ဖြန့်ကြက်ခြင်းသည် မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းများဖြစ်ပါကြောင်း ဇန်နဝါရီ ၂၃ ရက်က နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည့် ဆက်သွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ရန် မြေယာအသုံးပြုမှုစီမံခန့်ခွဲရေးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်က ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်သွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ခဲ့ရာ ၂၀၁၆ ခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလကုန်အထိ လေးလအတွင်း တာဝါတိုင် စုစုပေါင်း ၁၁၀၀ နီးပါး တိုးတက်တည်ဆောက်နိုင်ခဲ့ပြီး ဖိုက်ဘာကေဘယ်ချခင်းမှု ကီလိုမီတာ စုစုပေါင်း ၁၉၀၀ ကျော် ဆောင်ရွက်နိုင်ကြောင်း၊ ဖိုက်ဘာ ကေဘယ်ချခင်းခြင်းကဲ့သို့ အခြားအရေးကြီးသော Infrastructure တစ်ခုဖြစ်သည့် တာဝါတိုင်များ တည် ဆောက်ခြင်းတွင်လည်း တည်ဆောက်ခွင့်မြေနေရာ ခွင့်ပြုချက်ရရှိရေးကိုလည်း ဝန်ကြီးဌာနအနေဖြင့် အခြားဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများသို့ အကူအညီတောင်း ဆောင်ရွက်ပေးနိုင်ရန် ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တာဝါတိုင်များနှင့် စပ်လျဉ်း၍ အများပြည်သူများ၏ ကျန်းမာရေးအတွက် စိုးရိမ်ကြောင့် ကြမှုများမဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာဒေသများသို့ သွားရောက်အသိပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းအပြင် ရုပ်မြင်သံကြားအစီအစဉ်များမှ တစ်ဆင့် အသိပေး ရှင်းလင်းတင်ပြခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် နိုင်ငံတော်၏ ကဏ္ဍအားလုံးအတွက် အထောက်အကူဖြစ်စေသည့် ဆက်သွယ်ရေး Infrastructure လိုအပ်ချက်များ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုကြရန် ပြောကြားသည်။

ဎင်းနောက် တက်ရောက်လာသည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ စည်းမှ ကော်မတီဝင်များနှင့် သက်ဆိုင်ရာဌာနကိုယ်စားလှယ်များမှ မိမိတို့ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များနှင့် ထပ်မံ ပြုပြင်ပြောင်းလဲ ဆောင်ရွက်ချက်များအား ဖြည့်စွက်ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စကားရည်လုပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**အင်းတော် ဇန်နဝါရီ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းကာ ကျောင်းသား ကျောင်းသူများ စာဖတ်ခြင်း အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ ဉာဏ်ရည်ဉာဏ်သွေးများ ပိုမိုထက်မြက်လာစေရန်နှင့် ဘက်စုံထူးချွန်သော ကျောင်းသား ကျောင်းသူများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး စကားရည်လုပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ ၂၃ ရက်က အထက ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အင်းတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်သီဟက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး ဆရာ ဦးကိုလေးက ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲတွင် အလယ်တန်းဆင့် ခုနစ်ဦး၊ အထက်တန်းဆင့် ငါးဦးနှင့် စကားရည်လုပြိုင်ပွဲတွင် အထက်တန်းဆင့် ကျောင်းသား ကျောင်းသူ ရှစ်ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပခဲ့သည့် ပန်းချီ၊ ကာတွန်းပြိုင်ပွဲတွင် ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများ၏ ပြိုင်ပွဲဝင်ပုံများကို တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။ **ကျော်မြိုင်**

# ထီးလင်းမြို့ မြို့မဈေး၌ ရောင်းချလျက်ရှိသည့် ကြက်သားများတွင် ရောဂါကူးစက်မှု ရှိ မရှိ စစ်ဆေး



**ထီးလင်း ဇန်နဝါရီ ၂၅**
ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ပူးပေါင်း၍ ဇန်နဝါရီ ၁၉ ရက်က ထီးလင်းမြို့ မြို့မဈေး၌ ရောင်းချလျက်ရှိသည့် ကြက်သားများတွင် ကြက်ငှက်တုပ်ကွေးရောဂါကို ဖြစ်စေတတ်သော ရောဂါတစ်မျိုးဖြစ်သည့် H7,N9 ရောဂါကူးစက်မှု ရှိ မရှိ စစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘွေကီးအောင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဝင်းသန်းနှင့်တာဝန်ရှိသူတို့က စစ်ဆေးပညာပေးဆွေးနွေးခဲ့ကြောင်း၊ ဈေးဝယ်လာသူများကိုလည်း ကြက်ငှက်တုပ်ကွေးရောဂါ မကူးစက်အောင် ကာကွယ်ခြင်း လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
(၁၀၁)

# မုံရွာတက္ကသိုလ်တွင် အခြေခံရှေးဦးပြုစုခြင်းသင်တန်းပို့ချရာ ယခင်နှစ်ကထက် သင်တန်းသားပိုများ

**မုံရွာ ဇန်နဝါရီ ၂၅**
မုံရွာတက္ကသိုလ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီအသင်းတို့ပူးပေါင်း၍ ဇန်နဝါရီ ၂၃ ရက်မှ ၂၆ရက်အထိ အခြေခံရှေးဦးပြုစုခြင်း သင်တန်းပေးလျက်ရှိရာ သင်တန်းတက်ရောက်မည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူအရေအတွက်မှာ ယခင်နှစ်များကထက် ပိုမိုလာကြောင်း သိရသည်။

မုံရွာတက္ကသိုလ် ကြက်ခြေနီအသင်းဝင် အင်အားသည် တစ်ကြိမ်လျှင် ၅၀ ဦးကျော်နှင့် တွက်လျှင် ဦးရေ ၁၀၀၀ နီးပါးရှိနေပြီဖြစ်ရာ လက်တွေ့နယ်ပယ်တွင်လည်း သင်ကြားပြသပေးလိုက်သည့် အခြေခံကြက်ခြေနီပညာသည် လက်တွေ့အသုံးကျ အသုံးချနေခြင်းများ ရှိကြောင်း သိရသည်။

"မုံရွာတက္ကသိုလ်အနေနဲ့ အရင်နှစ်တွေကထက် ကြက်ခြေနီအသင်းဝင် ကျောင်းသား ကျောင်းသူတွေ ပိုလာတာ ကောင်းမွန်တဲ့အပြုအမူလက္ခဏာ ဖြစ်ပါတယ်။ သင်တန်းမှာ ကြက်ခြေနီအကြောင်း သိကောင်းစရာအပါအဝင် အခြေခံကြက်ခြေနီ ဘာသာရပ်တွေ ဖြစ်တဲ့ ဒဏ်ရာပြုစုတာ၊ ပတ်တီးစည်းပေးတာ၊ အသက်ရှူအောင် လုပ်ပေးတာတွေ စတဲ့ ဘာသာရပ် ၁၅ မျိုးလောက်ကို စာတွေ့ရော လက်တွေ့ပါ သင်ကြားပြသပေးသွားမှာဖြစ်ပါတယ်။ ၂၆ ရက် မနက်ပိုင်းမှာ သင်ထားတာတွေကို စာမေးပွဲစစ်ပြီး ညနေပိုင်းမှာ သင်တန်းဆင်းပွဲနဲ့အတူ ဆုပေးအပ် ချီးမြှင့်ပွဲကို ကျင်းပသွားမှာဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီအသင်း ဦးစီးမှူး ဦးတင့်ဝေက ပြောသည်။
**မျိုးဝင်းထွန်း(မုံရွာ)**

# မိုးမခဆင်ထိန်းသိမ်းပြသရေးစခန်းကို အခြေပြုခရီးသွားလုပ်ငန်းအဖြစ် တိုးမြှင့်ဆောင်ရွက်နေ

**ပုသိမ် ဇန်နဝါရီ ၂၅**
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်မြို့နယ်ခွဲ ပုသိမ်မြောက်သစ်ထုတ်ရေးဒေသ မိုးမခဆင်စခန်းကို ဇန်နဝါရီလ ဒုတိယအပတ်မှစတင်၍ ဆင်ထိန်းသိမ်းရေးအခြေပြုခရီးသွားလုပ်ငန်း ဒုတိယမြောက် ဆင်ထိန်းသိမ်းပြသရေးစခန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးမခဆင်ထိန်းသိမ်းပြသရေး စခန်းရှိ ဌာနပိုင် ဆင်ကြီး ငါးကောင်နှင့် ဆင်ကလေးနှစ်ကောင်၏ ယဉ်ကျေးလိမ္မာသည့် သရုပ်ပြဖျော်ဖြေမှုကို ကြည့်ရှုနိုင်ခြင်း၊ ဆင်များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်နိုင်ခြင်း၊ ဆင်များအား အစာကျွေးနိုင်ခြင်း၊ ဆင်များနှင့်အတူ ရင်းနှီးနွေးထွေးစွာ ကိုယ်တိုင်ရေချ၊ ရေချိုးပေးနိုင်ခြင်း၊ စခန်းပတ်ဝန်းကျင်တွင် ခရီးတို၊ ခရီးရှည်ဆင်စီး၍ တောတောင်ရေမြေသဘာဝနှင့် မိုးမခဆင်စခန်း၏ ဖွဲ့စည်းထားမှုအား လေ့လာနိုင်ခြင်းစသည့်ဝန်ဆောင်မှုများကို နံနက် ၇ နာရီမှ ညနေ ၅ နာရီအတွင်း လေ့လာကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ ဆင်ပြသရေးအတွက် အန္တရာယ်မရှိစေရေးစီစဉ်ထားရှိကြောင်း ပုသိမ်မြောက်သစ်ထုတ်ရေးဒေသ၊ ဒေသတာဝန်ခံ ဦးသတိုးလှ၊ လက်ထောက်အထွေထွေမန်နေဂျာ (သစ်ထုတ်ရေး)က ပြောကြားသည်။

မိုးမခဆင်ထိန်းသိမ်းပြသရေး စခန်းသည် ငွေဆောင်ကမ်းခြေ ဘူးကွဲရွာအဝင် လက်ဝဲဘက် တစ်ဖာလုံခန့်အကွာ၌ တည်ရှိပြီး ငွေဆောင်ကမ်းခြေ၌ အပန်းဖြေသူများအနေဖြင့် အလွယ်တကူ လာရောက်လေ့လာနိုင်သည်။

ပုသိမ်မြို့မှ ငွေဆောင်ကမ်းခြေသို့ လာရောက်ပြီး ဘူးကွဲရွာအနီး မိုးမခဆင်ထိန်းသိမ်းပြသရေးစခန်းသို့ မော်တော်ကားဖြင့် တိုက်ရိုက်လာရောက်နိုင်ပါသည်။ ပုသိမ်မြို့မှ ကားမောင်းချိန် တစ်နာရီခွဲကြာမြင့်မည်ဟု သိရသည်။

ငွေဆောင်ကမ်းခြေသို့လာရောက်သည့် နိုင်ငံခြားသားဧည့်သည်များ၊ ပြည်တွင်းခရီးသွားဧည့်သည်များအနေဖြင့် ဆင်များ၏ သဘာဝ၊ ဆင်များ၏လိမ္မာယဉ်ကျေးမှု၊ ဆင်များအားထိန်းသိမ်းစောင့်ရှောက်မှုနှင့် ဆင်စခန်းပတ်ဝန်းကျင်ရှိ တောတောင်ရေမြေသဘာဝအလှများကို ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ပြီး လာရောက်လေ့လာလိုပါက စခန်းတာဝန်ခံ ဦးကျော်စိုးဝင်း(သစ်အုပ်ကြီး) ဖုန်း-၀၉-၇၉၉၄၀၁၈၂၃ နှင့် ဦးချမ်းမြေဦး (သစ်အုပ်) ဖုန်း- ၀၉-၇၇၇၄၀၉၀၁၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **မောင်မောင်မြင့် (မြန်/ဆက်)**



# သဖန်းကိုင်းကျေးရွာ ရွာအဝင်လမ်း ကတ္တရာလမ်းခင်း

**နောင်ချို ဇန်နဝါရီ ၂၅**
နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သွားလာရေးလွယ်ကူချောမွေ့စေရေးအတွက် ရွာအဝင်လမ်းအား ကတ္တရာကျောက်ချောလမ်းအဖြစ် စတင်ခင်းကျင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျောက်ခင်းကတ္တရာလမ်းပြီးစီးသွားပါက ကျေးရွာပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့်ဒေသထွက်ကုန်များလွယ်လင့်တကူပို့ဆောင်ရောင်းဝယ်နိုင်ရေးကို အထောက်အကူပြုစေတော့မည်ဖြစ်ပြီး လမ်းအရှည်မှာ ၇ ဒသမ ၃ မိုင်ရှိကြောင်း သိရသည်။ **စိုးဝင်း(နောင်ချို)**

# အနူးအညွတ်ဝန်ချတောင်းပန်ခြင်း

မြန်မာ့ရိုးရာလက်ဝှေ့ပွဲများကို စီစဉ်သူကျွန်တော် ဦးဒဿသည် မန္တလေးမြို့၊ ဒိုင်းမွန်းပလာဇာ၌ ၅-၁-၂၀၁၇ရက်တွင် ပြုလုပ်ခဲ့သော မြန်မာ-ထိုင်း-လာအို ရိုးရာလက်ဝှေ့ပြိုင်ပွဲ ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သော မိမိစီစဉ်သည့် လက်ဝှေ့ပွဲ ၈ဝခန့်အနက် ၆ဝခန့် ပိတ်ပင်ခံရခြင်း၊ နေရာပြောင်းလုပ်ကိုင်ရခြင်းများရှိကြောင်း၊ တစ်ခါတစ်ရံတွင် လက်ဝှေ့ပွဲနီး လေးရက်လောက်အလိုမှ ပွဲမိန့်မပေးသည့်ကိစ္စများရှိနေကြောင်း ပြောဆိုခဲ့သောစကားများမှာ ယခင်ကာလကဖြစ်ပေါ်ခဲ့သည့် အတွေ့အကြုံများကိုသာ ဆိုလိုခြင်းဖြစ်ပြီး ယခုလက်ရှိအခြေအနေကို ပြောဆိုခြင်းမဟုတ်ကြောင်းနှင့် မနက်ဖြန်ကျင်းပမည့် ဒီလက်ဝှေ့ပွဲတောင် ဇွတ်လိုက်မှခွင့်ပြုမိန့်ရတယ်ဆိုသည့် စကားမှာ ရုတ်တရက်မှားယွင်းစွာ ပြောဆိုခဲ့ခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၆-၁-၂၀၁၇ရက်ထုတ် Daily Eleven သတင်းစာပါ **မြန်မာ့ရိုးရာလက်ဝှေ့ပွဲများ စီစဉ်ရာတွင် အားကစားဝန်ကြီးဌာနမှ ပွဲမိန့်များ မကြာခဏပိတ်ပင်ခြင်းကြောင့် ရိုးရာလက်ဝှေ့လောက တိုးတက်မှုနှောင့်နှေးလျက်ရှိဟုဆို** ခေါင်းစဉ်ပါဖော်ပြချက်များနှင့် စပ်လျဉ်း၍ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန**အား အနူးအညွတ်ဝန်ချတောင်းပန်အပ်ပါသည်။

**ရိုးရာလက်ဝှေ့ပွဲစီစဉ်သူ ဦးဒဿ**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဃ/၃၀၁၅၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖခင် အမည်မှန်**

ပဲခူးတက္ကသိုလ်(ဓာတုဗေဒ)နောက်ဆုံးနှစ် ခုံအမှတ် ၄-ခ ၇၀မှ မောင်နေဇော်အောင်၊ တောင်ငူမြို့၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ဒုတိယ)နှစ်မှ မောင်ဝေယံမောင်၊ ပဲခူးမြို့နယ်၊ အထက(ထုံးကြီး)အဋ္ဌမတန်း(B)မှ မောင်ကျော်ဇေလင်းတို့၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇော် ၇/ပခန(နိုင်)၀၇၅၇၃၀ ဖြစ်ပါကြောင်း။

**ဦးသန့်ဇော်**






## မောင်အုပ်ပိုင်စိုး

**"Diploma in Business Management, Diploma in Construction and the Built Environment"**

**အသက်(၂၂)နှစ်**

ရန်ကုန်မြို့နေ (ဦးထွန်းရီ-ဒေါ်စိုးကြည်)၊ မော်လမြိုင်မြို့နေ (ဦးဘသိန်း)-ဒေါ်မြညွန့်တို့၏မြေး၊ ရန်ကုန်မြို့၊ အမှတ် ၉၊ ဆေးဝါးအရာရှိရိပ်သာ၊ အနောက်ကြို့ကုန်းနေ ဗိုလ်မှူးကိုကိုလွင်(ငြိမ်း) အမြဲတမ်းအတွင်းဝန်/ဦးဆောင်ညွှန်ကြားရေးမှူး၊ (မြန်မာ့ဆေးဝါးလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်မော်တို့၏ ချစ်လှစွာသောသားလတ်၊ ကိုငြိမ်းခန့်ကို၏ညီ၊ မသီရိမေသူ၊ မပန်းမြတ်သီရိတို့၏ အစ်ကိုလတ်သည် ၂၅-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၇ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (စက်မှုဆေးဝါးအရာရှိရိပ်သာနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း

## မောင်အုပ်ပိုင်စိုး

**အသက်(၂၂)နှစ်**

စက်မှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်၏ သားဖြစ်သူ မောင်အုပ်ပိုင်စိုး အသက်(၂၂)နှစ်သည် ၂၅-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ရုတ်တရက် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို-ဇနီးနှင့်**
**ဝန်ထမ်းမိသားစုများ(စက်မှုဝန်ကြီးဌာန)**

---

### ဝမ်းနည်းကြေကွဲခြင်း

## မောင်အုပ်ပိုင်စိုး

**အသက်(၂၂)နှစ်**

စက်မှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်-ဒေါ်မြင့်မြင့်မော်တို့၏သား မောင်အုပ်ပိုင်စိုး အသက်(၂၂)နှစ်သည် ၂၅-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**စက်မှုဝန်ကြီးဌာန**

---

### ဝမ်းနည်းကြေကွဲခြင်း

## မောင်အုပ်ပိုင်စိုး

**HND (Civil) Diploma and Management (Singapore)**

**အသက်(၂၂)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း၊ အမှတ် ၉၊ BPI အရာရှိရိပ်သာဝင်းနေ စက်မှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုလွင်-ဒေါ်မြင့်မြင့်မော်တို့၏သား မောင်အုပ်ပိုင်စိုးသည် ၂၅-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း**

---

### ဝမ်းနည်းကြေကွဲခြင်း

## မောင်အုပ်ပိုင်စိုး

**HND (Civil) Diploma and Management (Singapore)**

**အသက်(၂၂)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း၊ အမှတ် ၉၊ BPI အရာရှိရိပ်သာဝင်းနေ စက်မှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုလွင်-ဒေါ်မြင့်မြင့်မော်တို့၏သား မောင်အုပ်ပိုင်စိုးသည် ၂၅-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**

---

### ဝမ်းနည်းကြေကွဲခြင်း

## မောင်အုပ်ပိုင်စိုး

**အသက်(၂၂)နှစ်**

စက်မှုဝန်ကြီးဌာန၊အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်၏သားဖြစ်သူ မောင်အုပ်ပိုင်စိုး အသက်(၂၂)နှစ်သည် ၂၅-၁- ၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် ရုတ်တရက် ကွယ်လွန်သွားသည့် အတွက်ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးရုံးဝန်ထမ်းမိသားစုများ**

---

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)

## ဦးအောင်ရင်

**ရာသက်ပန်အသင်းဝင်အမှတ်(၃၀၄)**
**ကော့သောင်းမြို့**
**အသက်(၇၅)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အဏ္ဏဝါရပ်ကွက်၊ ရုံးကြီးလမ်း၊ အမှတ် ၃၉၁နေ [ဒေါ်ခင်ခင်အေး(ခ)ဒေါ်မီးငယ်]၏ခင်ပွန်း၊ မမိုးစန္ဒာ(ဒုဦးစီးမှူး၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့)၊ မယဉ်ယဉ်အေး(ခ)မပုလုံး(ကော့သောင်းခရိုင် ထွေ/အုပ်ရုံး)နှင့် သားသမီး ခုနစ်ယောက်တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၂၄-၁-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် ကော့သောင်းခရိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၇ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ကော့သောင်းမြို့ ရွှေပြည်သာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ အသင်းသား၊ အသင်းသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

---

## ဦးသောင်းဟန်(ခ)

## ဦးသောင်း

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇လမ်း၊ အမှတ် ၁၃၁နေ (ဦးကျော်သိန်း-ဒေါ်အုန်းမြိုင်)တို့၏သား၊(ဦးအုန်းမောင် - ဒေါ်ခင်သန်းမြင့်)တို့၏ သားသမက်၊ဒေါ်တင်စိုးနိုင်၏ချစ်လှစွာသော ခင်ပွန်း၊ မဉမ္မာမင်း၊ ကိုဟိန်းထွန်း(ခ)ကိုကျော်စွာ၊ မအေးသီတာတို့၏ ဖခင်သည် ၂၄-၁-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၅း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (လသာမြို့နယ်၊ ၂၄လမ်း၊ အမှတ် ၁၁ နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ဖြူဖြူ (ရန်ကုန်စာတိုက်ကြီး၊ ငြိမ်း)

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် (၂၅၃/2A) ပထမထပ်နေ (ဦးခင်ညွန့်-ဒေါ်ညွန့်ညွန့်)တို့၏သမီး၊ (ဦးလွင်၊ စား/ဖျော်၊ ငြိမ်း)၏ဇနီး၊ (ဦးခင်မောင်ဇော်-ဒေါ်သန္တာ)၊ ဦးခင်မောင်ဇင်၊ ဦးအောင်ကျော်မိုး (Space Hostel) - ဒေါ်ခင်မာချို (ရန်ကုန်စာတိုက်ကြီး)၊ ဦးခင်မောင်ရင် (Uniteam Marine Co.,Ltd)-ဒေါ်ဖြူဖြူသင်း(အကောက်ခွန်၊ ငြိမ်း)၊ ဦးခင်မောင်ဖြူ(Raffles Co.,Ltd)-ဒေါ်ဝင်းစန္ဒာထွန်း၊ ဦးခင်မောင်ညို(Uniteam Marine Co.,Ltd)-ဒေါ်စုမာဝင်း၊ ဦးသန့်လှိုင်(Tonny)-ဒေါ်ခင်မေချိုတို့၏ မိခင်၊ ကိုသန့်ဇော်မောင်(စည်ပင် ဈေးများဌာန)-ဒေါ်သန္တာဦး(စည်ပင် ဈေးများဌာန)၊ ဒေါက်တာဆုစန္ဒီ(ရန်ကင်းကလေးဆေးရုံ)၊ ကိုကျော်ဇောလင်း(Uniteam Marine Co.,Ltd)-ဒေါက်တာဥမ္မာလွင်(D.O.M Clinic)၊ မောင်ထွန်းသူရလှိုင် (V BE Mechi: TTU)၊ မောင်ကောင်းဝင့်(B.S.M Co.,Ltd)၊ မောင်ဇေခန့်မောင်(ဒု-နှစ်၊ အဝေးသင်တက္ကသိုလ်)၊ မခင်နဒီ(ဗိုလ်တထောင်-၅)၊ မောင်သုတအောင်(TTC)၊ မဆုရတီဦး(ဗိုလ်တထောင်-၅)၊ မမြတ်ဆုပြည့်စုံတို့၏ အဘွား၊ မမေသူဇော်(ဗိုလ်တထောင်-၂)၊ မမြတ်နိုးခင်တို့၏ဘွားဘွားကြီးသည် ၂၄-၁-၂၀၁၇ရက်(အင်္ဂါနေ့)ည ၇း၀၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြင့်မြင့်

**အသက်(၇၆)နှစ်**

သူငယ်ချင်း ဗိုလ်မှူးကြီးသိန်းထူး - ဒေါ်ပိုပိုလိမ္မာတို့၏ မိခင် ဒေါ်မြင့်မြင့်သည် ၂၃-၁-၂၀၁၇ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၅)**
**မိသားစုများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းမြင့် အသက်(၇၄)နှစ်

**မူလတန်းပြဆရာမ(ငြိမ်း)၊ (အလက-၁၊ လှိုင်၊ အလက-၃၊ လှိုင်)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ် ၃၉/၄၁၊ လှည်းတန်းလမ်းမ၊ အမှတ် ၉-စီ/၂၊ စန္ဒာမြိုင်ကွန်ဒိုနေ(ဦးတင်စိန်-ဒေါ်တင်ရီ)တို့၏သမီး၊ (ဦးဘအေး-ဒေါ်စောမြိုင်)တို့၏သမီးချွေးမ၊ ဦးလှဖေဝင်း(ဆပ်ပြာ-၁၊ ငြိမ်း)၏ဇနီး၊ (ဦးချစ်လှိုင်-ဒေါ်သိန်းရီ)၊ ဦးစိုးလှိုင်-(ဒေါ်မြစိန်)တို့၏ညီမ၊ ဦးညွန့်ဝေ-ဒေါ်ခင်ခင်ကြည်၊ ဦးအောင်မြင့်-ဒေါ်သက်သက်ဆွေတို့၏အစ်မ၊ ဒေါ်ဖြူဖြူသန့်(မြို့ပြမြေယာ၊ ရန်ကုန်မြို့တော်စည်ပင်)၊ ဦးသန့်ဇင်ဌေး-ဒေါ်မူမူသန့်၊ ဦးထွန်းထွန်းဝင်း-ဒေါ်သီဂီထွန်းတို့၏မိခင်၊ မဝင့်သူသူအောင်၊ မယွန်းဆုဝေ၊ မထက်မှူးရတီတို့၏အဘွားသည် ၂၄-၁-၂၀၁၇ရက်(အင်္ဂါနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးရှုဟိုး

**အသက်(၇၃)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့၊ သီရိဟေမာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၁၈/ဃ)နေ (ဦးအချူ)-ဒေါ်သိန်းရင်တို့၏ သား၊ (ဦးအုန်းမောင်-ဒေါ်တင်နွဲ့)တို့၏သားသမက်၊ ဒေါ်ခင်ညိုမွေး၏ခင်ပွန်း၊ ကိုမင်းမင်း၊ မနွေးနွေး၊ မဖြူဖြူဖွေး၊ မသဇင်လှိုင်တို့၏ဖခင်၊ မြေးတစ်ယောက်တို့၏အဘိုးသည် ၂၅-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၇ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကျုံမငေးမြို့ တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း

## မောင်အုပ်ပိုင်စိုး

**HND (Civil) Diploma and Management (Singapore)**

**အသက်(၂၂)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း၊ အမှတ် ၉၊ BPI အရာရှိရိပ်သာဝင်းနေ စက်မှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုလွင်-ဒေါ်မြင့်မြင့်မော်တို့၏သား မောင်အုပ်ပိုင်စိုးသည် ၂၅-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့ဆေးဝါးလုပ်ငန်းဝန်ထမ်းများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန့်ဇင်

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ၂၂လမ်း၊ အမှတ် ၄၅၈နေ (ဦးဘိုလေး - ဒေါ်တင်)တို့၏ သမီး၊ ဒု-အရာခံဗိုလ်(ဦးအေးမောင်)၏ ဇနီး၊ ကိုဖုန်းဇင်-မဉမ္မာ၊ မပြုံးပြုံးဇင်၊ ကိုလှဖုန်း၊ ကိုသာဒွန်းဦး-မထားထားလင်း၊ (ကိုဇော်မိုး-မခင်စန်းဌေး)၊ ကိုခင်ထွန်းအောင်-မမိုးမိုးခိုင်၊ ကိုသန့်ဇော်အေး-မအေးအေးသွယ်၊ကိုကောက်စိန်-မအေးပပထွန်း၊ ဒေါက်တာအောင်သီဟ-မအောင်အောင်မွန်(ခေတ္တ-နယူးယောက်)၊ ကိုမျိုးညွန့် - မအိအိမွန်(ခေတ္တ-နယူးယောက်)တို့၏မိခင်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၂၅-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၇ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၃၁-၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသန်းအေး (ဝါးခယ်မ)

**B.Com (AA)**

**စက္ကူ/ဓာတု၊ စက်မှု(၁)(ငြိမ်း)**

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် ၁၄လမ်း၊ အမှတ် ၄၈၅နေ (ဦးအုန်းမောင်-ဒေါ်သန်းရှင်)တို့၏သား၊ ဒေါ်သိန်းဦး (ကျန်းမာရေးဦးစီးဌာန၊ ငြိမ်း)၊ ဦးကျော်မြင့်(ဆည်မြောင်းဝန်ကြီးဌာန၊ ငြိမ်း)တို့၏ ညီ/မောင်၊ ဒေါ်ရီရီတင်(စက္ကူ/ဓာတု၊ငြိမ်း) (ရွှေသံလွင်)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၄-၁-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၆-၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း ဒါယကာကြီး

## ဦးမောင်လှိုင် (ဒလမြို့)

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ တွံတေးမြို့နယ်၊ လက်ပံကုန်းကျေးရွာနေ(ဦးမြသင်း-ဒေါ်ရွှေယု)တို့၏သား၊ တွံတေးမြို့နယ်၊ ကုလားတန်းကျေးရွာနေ(ဦးဖိုးသက်-ဒေါ်မယ်နှစ်)တို့၏သားသမက်၊ (ဒေါ်အေးမြ)တို့၏ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးလှမြင့်-ဒေါ်လှလှခင်၊ ဦးကျော်ရင်-ဒေါ်လှလှဝေ၊ ဒလမြို့နေ ဦးသန်းထွေး-ဒေါ်စန်းစန်းဝေ၊ ဦးဝင်းထိန်-(ဒေါ်ခင်မာဝေ)၊ရန်ကုန်မြို့နေ ဦးအောင်မြင့်-ဒေါ်နီနီဝေ၊ ဒလမြို့နေ ဦးထွန်းထွန်းဝေ၊ ဂျပန်နိုင်ငံ၊ ကာဝါဆာကီမြို့နေ ဦးမျိုးမြင့်-ဒေါ်ယုကို၊ ဒလမြို့နေ ဒေါ်ညိုညိုလှိုင်၊ဒေါ်ခင်မိုးမိုးလှိုင်တို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၅ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘိုးသည် ၂၅-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၇ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ဒလမြို့နယ် သပြေကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက်တွင် ဒလမြို့နယ်၊ အမှတ် ၈၀/၈၂၊ ရှင်စောပုလမ်း၊အောင်မင်္ဂလာရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်လှိုင်(၃)(သန်လျင်မြို့)

**ဦးစီးအရာရှိ(ငြိမ်း)**
**အကောက်ခွန်ဦးစီးဌာန**
**အသက်(၈၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်နေ (ဦးဘအို၊ EAC-ATM ရာဘက်တရားသူကြီး-ဒေါ်အုန်းညွန့်)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ R-5 ကံ့ကော်(၁)လမ်းနေ(ဒေါ်ခင်ရွှေ)၏ချစ်လှစွာသောခင်ပွန်း၊ (ဗိုလ်မှူးလှတင်) - ဒေါ်ခင်အေးထွန်း၊ ဦးစောတင်(ဆက်သွယ်ရေးမှူး၊ ငြိမ်း)-(ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်)တို့၏ညီ၊ (ဦးဆန်းထွန်းလှိုင်)၊ ဦးစိုးမြင့်အောင်-ဒေါ်ခင်ဝန်းရီ၊ ဦးနေဝင်းလှ(PIL)-ဒေါ်မိုးမိုးလှိုင်တို့၏ဖခင်၊ ဗိုလ်မှူးရဲထွန်း-မသူဇာမြင့်၊ မအိနေလှိုင်ဖြိုး၊ မအေးမြရတနာ၊ မောင်ရဲနေဝင်းတို့၏ အဘိုး၊မခန့်ဝင့်ထည်ရဲထွန်းတို့၏ဘိုးဘိုးကြီးသည် ၂၄-၁-၂၀၁၇ရက်(အင်္ဂါနေ့) ည ၉း၅၆နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၆-၁-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာဟုန်ဝင်း

**(သုခဝတီဆေးရုံ)**
**(ညောင်လေးပင်မြို့) (မြိတ်မြို့)**
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာလမ်း၊ အမှတ် ၃၁နေ (ဦးဟုတ်စိန်း-ဒေါ်ခင်မြင့်)တို့၏သား၊ ဒေါက်တာခင်အေးယု(အကယ်ဒမီဆေးရုံ)၏ ချစ်လှစွာသောခင်ပွန်း၊ဦးဝဏ္ဏ-ဒေါ်သန္တာမြင့်၊ဒေါက်တာနေလင်း - မမီမီဝါ [ခေတ္တ-(တရုတ်-တိုင်ပေ)]တို့၏ ချစ်လှစွာသောဖခင်၊ မအေးမြမြ၊ မောင်အောင်ကောင်းမြတ်၊ မောင်ဇေလျှံထက်တို့၏အဘိုး၊ ဒေါက်တာမြတ်ခိုင် - ဒေါ်မေသက်နွယ်တို့၏ ညီ၊ ဦးရန်အောင်-ဒေါ်မြမြခင်၊ (ဦးတင်မောင်လတ်) - ဒေါ်နုနုခင်တို့၏မောင်၊ (ဦးညိုဝင်း)-ဒေါ်ခင်သန်းထူးတို့၏ ညီ၊ ဦးအောင်ကြည်-ဒေါ်အေးအေးခိုင်တို့၏ အစ်ကိုသည် ၂၄-၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၀း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၆နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

မော်လမြိုင်မြို့၊တောင်ဝိုင်းကလေး၊ မဟာစည်သာသနာ့ရိပ်သာ

## ဆရာတော် ဘဒ္ဒန္တအာဒိစ္စ မဟာထေရ်

**[သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ]**
**သက်တော်(၉၀)၊ သိက္ခာတော်(၇၁)ဝါ**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ တောင်ဝိုင်းကလေး မဟာစည်သာသနာ့ရိပ်သာ၌ သီတင်းသုံးတော်မူသော ဆရာတော် ဘဒ္ဒန္တအာဒိစ္စ မဟာထေရ် [သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ]သည် (၁၃၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ရက်) ၂၃-၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၂း၁၅နာရီတွင် ပျံလွန်တော်မူခဲ့ပါသည်။ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၂ရက်) ၂၉-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် မော်လမြိုင်မြို့၊ တောင်ဝိုင်းကလေး မဟာစည်သာသနာ့ရိပ်သာ၌ ဈာပနအခမ်းအနားကျင်းပပြီး ယင်းကျောင်းတိုက်၏ အရှေ့မြောက်ဈာပနကွင်းကြီးသို့ စည်ကားသိုက်မြိုက်စွာပင့်ဆောင်ကာ အဂ္ဂိဈာပနပွဲကျင်းပပြုလုပ်ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တသုမနာနန္ဒ

**မဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ**
**ပဓာန မဟာနာယကဆရာတော် ဆုတောင်းပြည့်ကျောင်းတိုက်**
**သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၃)ဝါ**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊တောင်လုံးပြန်ရပ်ကွက်၊ ဆုတောင်းပြည့်ကျောင်းတိုက်၊ ပဓာန မဟာနာယကဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဘဒ္ဒန္တသုမနာနန္ဒသည် (၁၃၇၈ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ရက်) ၂၂-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၁ရက်) ၂၈-၁-၂၀၁၇ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ကျောင်းတိုက်၌ သာဓုကီဠနပူဇာသဘင်ကျင်းပပြီး ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ကျောင်းတိုက်မှ ရေဝေးသုသာန်သို့ မွန်းလွဲ ၁နာရီတွင် ပင့်ဆောင်၍ သီးခြားလောင်တိုက်တော်ဖြင့် အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် ရဟန်း သံဃာ ဒါယကာ၊ ဒါယိကာမများ၊ ဆွေတော်မျိုးတော်အပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ဈာပနကော်မတီ၊ ဆုတောင်းပြည့်ကျောင်းတိုက်

---

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်မိုး

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)**
**A.G.T.I (Civil-84) ကလော**
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၂)ရပ်ကွက်၊ အမှတ် ၁၂၈၃နေ (ဦးတင်မောင်)-ဒေါ်အေးချစ်တို့၏သား၊ ဦးတင်မောင်-(ဒေါ်မြင့်မြင့်)တို့၏ သားသမက်၊ ဒေါ်မိုးစပယ်၏ခင်ပွန်း၊ (ဦးမြင့်ဦး)-ဒေါ်အေးမူ(တရားသူကြီး၊ ငြိမ်း)၊ ဦးမြတ်ဇော်၊ ဦးမြတ်သော်-ဒေါ်ချောစုတို့၏ညီ/မောင်၊ ဦးသက်နိုင်-ဒေါ်ခင်ဆွေလှဲ့၊ ဦးအောင်ဇော်ဝင်း-ဒေါ်ယဉ်မင်းပိုက်၊ ဒေါ်သန့်ဇင်၊ ဒေါ်မိုးခိုင်၊ ဦးဆောင်းညီညီ - ဒေါ်သင်းသင်းထူး (YCDC၊ ရေသန့်)တို့၏အစ်ကိုသည် ၂၄-၁-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁-၂၀၁၇ရက်(တနင်္လာနေ့) တွင် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကျော်လွင်မိုး (မန္တလေး)

**အသက်(၄၇)နှစ်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ လ-၁၀/၇၀နေ ဦးဘသာ(ဒုညွှန်မှူး၊ ငြိမ်း၊ မီးသတ်ဦးစီးဌာန)-(ဒေါ်မြစိန်)တို့၏သား၊ (ဦးစောလှမောင်-ဒေါ်ညွန့်ညွန့်စိန်)တို့၏သားသမက်၊ ဦးလှကျော်ဇံ-ဒေါ်သက်သက်ဦး(လေ့ကျင့်ရေး၊ အလက)၊ (ဦးအောင်ကိုမင်း)-ဒေါ်သင်းသင်းနွယ်(ထ-ခွဲ ၁၃၊ ချမ်းမြသာစည်မြို့နယ်)တို့၏မောင်၊ ဦးတင်အောင်မျိုး-ဒေါ်နီနီဝင်းတို့၏ညီ၊ မောင်အောင်သူဟိန်း၊ မောင်ဝေလင်းအောင်၊ မမြမြမိုး၊ မောင်ကျော်သက်အောင်တို့၏ဖခင်၊ ဒေါ်စောလှယဉ်ညွန့်၏ခင်ပွန်းသည် ၂၄-၁-၂၀၁၇ရက်(အင်္ဂါနေ့)ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၁-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ပေါင်မြို့နယ်၊ ဇင်းကျိုက်ကျေးရွာနေအိမ်မှ ပန်းကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးတန်ရှင်ဒီးရမ်(ပူတာအို) အသက်(၄၆)နှစ်

ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၊ ဆာရ်ခွမ်ဒမ်းကျေးရွာနေ (ဦးတန်ရှင်ခင်-ဒေါ်နန်ဟီးခေါ်)တို့၏သား၊ ဒေါ်တန်ရှင်နန်ဆားရ်-(ဦးဝဒမ်းခေါင်ဒီး)၊ ဒေါ်တန်ရှင်နင်-ဦးဝဒမ်းခေါင်အောင်ရမ်၊ (မတန်ရှင်ခေါ်)၊ (ဒေါ်တန်ရှင်ထီ)-ဦးဇာမဲဖီ၊ ဦးတန်ရှင်ဖေရမ်-ဒေါ်လုလုအောင်တို့၏ညီ/မောင်၊ (မတန်ရှင်ခူရ်)၊ (မတန်ရှင်ဂင်း)၊ (မောင်တန်ရှင်ဂျုံ)၊ ဒေါ်တန်ရှင်ထမ်း-ဦးနန်ဟီးဆင်၊ ဦးတန်ရှင်ဆင်-ဒေါ်အားဂျာ၊ မောင်တန်ရှင်မင်တို့၏အစ်ကို၊ တူ/တူမ ၂၂ယောက်တို့၏ဦးလေး၊ (ဒေါ်တန်ဂူးခေါ်)၏ခင်ပွန်းသည် ၂၅-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၂း၃၀နာရီတွင် မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၇-၁-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။[ခရစ်တော်၏အသင်းတော်(သုဝဏ္ဏ)ဆရာနေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

## မမေသူကို (BE CIVIL)

**HEXAGON CO.,LTd.**

**အသက်(၂၃)နှစ်**

ဦးမျိုးလတ်-ဒေါ်စန်းကြည်တို့၏ မြေး၊ ဦးကြည်ဝင်း-ဒေါ်မာမာလွင်တို့၏ သမီး၊ မောင်ငြိမ်းချမ်းသူ-မနှင်းဝေလွင်တို့၏ညီမသည် ၂၁-၁-၂၀၁၇ရက် (စနေနေ့)နံနက် ၈နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၁-၂၀၁၇ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၄၆ (လေးလွှာ) ခေါင်းရင်း၊ မလွကုန်းလမ်း၊ကျောက်မြောင်း၊ တာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်လှသန်းမြင့်(ခ)

## ဒေါ်ပို့ပို့ (အလုံ)

**တိုင်းရင်းဆေးဆရာမကြီး**
**တံတားမြို့ တိုင်းရင်းဆေးခန်းမှူး**
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊အလုံမြို့နယ်၊ကွင်းချောင်း ၁လမ်း၊ အမှတ် ၂၀နေ (ဦးအေးသိန်း-ဒေါ်ကျင်ဝိုင်း)တို့၏သမီး ဒေါ်လှသန်းမြင့်(ခ)ဒေါ်ပို့ပို့သည် ၂၅-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀နာရီတွင် တံတားမြို့၊ တိုင်းရင်းဆေးခန်း၊ဝန်ထမ်းအိမ်ရာ၌ ကွယ်လွန်သွားပါ၍ ၂၇-၁-၂၀၁၇ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် တံတားမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

လိုင်စင်မဲ့ယာဉ်
အသုံးပြုသူများအား
အသိပေးကြေညာ
စာမျက်နှာ- ၇

ဘူးသီးတောင်မြို့နယ်
အတွင်းရှိ နှစ်ဖက်လူ့အဖွဲ့
အစည်းများအား
ကာကွယ်ဆေး ၁၀ မျိုး
ထိုးနှံပေးလျက်ရှိ
စာမျက်နှာ- ၈

ပျော်ရွှင်စရာပွဲတော်အဖြစ်
အမှတ်တရရှိစေဖို့
ကလေးစာပေပွဲတော်ကို
ဆင်နွှဲစို့
စာမျက်နှာ- ၁၁

# ဒုတိယသမ္မတ ဦးမြင့်ဆွေ GE ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



ဒုတိယသမ္မတ ဦးမြင့်ဆွေ အမေရိကန်ပြည်ထောင်စုအခြေစိုက် General Electric (GE) ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဂျွန်ဂျီရိုက်စ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အမေရိကန်ပြည်ထောင်စုအခြေစိုက် General Electric (GE) ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဂျွန်ဂျီရိုက်စ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍတို့တွင် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးရေးနှင့် ခေါင်းဆောင်မှုဆိုင်ရာ စွမ်းဆောင်ရည်များ တိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ရန်ကုန် လေးခရိုင်၌ ခေတ်မီသန့်ရှင်းရေးယာဉ် စတင်အသုံးပြုမည်



ခေတ်မီသန့်ရှင်းရေးယာဉ်များကို တွေ့ရစဉ်

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြလမ်းများ သန့်ရှင်းရေးဆောင်ရွက်ရာတွင် အချိန်ကုန်၊ လူကုန်သက်သာစေသည့် သန့်ရှင်းရေးယာဉ်များ စတင်အသုံးပြုသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပတ်ဝန်းကျင်နှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

အဆိုပါဌာနမှ ဌာနမှူး ဦးချိုထွန်းအောင်နှင့် စည်ပင်ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းက မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ပြုလုပ်သော ခေတ်မီသန့်ရှင်းရေးယာဉ်များ သရုပ်ပြမောင်းနှင်အသုံးပြုပုံများကို လာရောက်ကြည့်ရှုသည်။ "ဒီသန့်ရှင်းရေးယာဉ်တွေက လမ်းတွေပေါ်မှာ တံမြက်စည်း

စာမျက်နှာ ၅ ကော်လံ ၅ ●

# မြန်မာဖူဆယ်အသင်း အုပ်စုပထမဖြင့် ဆီမီးတက်ရောက်

**သတင်း-ရဲရင့်ရှိုင်း**

**ဗန်ကောက် ဇန်နဝါရီ ၂၅**

အာဆီယံဖူဆယ်ပြိုင်ပွဲတွင် အုပ်စုနောက်ဆုံးပွဲများကို ယနေ့မွန်းလွဲပိုင်းမှစ၍ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပရာ ခြေစွမ်းပြနေသည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် မလေးရှားကို ထပ်မံအနိုင်ယူပြီး အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့သည်။

အကောင်းဆုံးခြေစွမ်းပြနေသည့် မြန်မာအသင်းသည် ယခုပွဲတွင်လည်း အံ့အားသင့်ဖွယ်စွမ်းဆောင်မှုနှင့်အတူ မလေးရှားကို သုံးဂိုး အရှုံးမှ ငါးဂိုးပြန်သွင်းကာ အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းအစတွင် တစ်ဂိုးပေးခဲ့ရသည့် မြန်မာအသင်းသည် နောက်မှ လိုက်ကစားခဲ့ရသော်လည်း အနိုင်မခံ၊ အရှုံးမပေးစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရာ ငါးဂိုးပြန်သွင်းခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် မိနစ် ၃၀ ကျော်မှ ဂိုးပြန်ရခဲ့ခြင်းဖြစ်ပြီး ငြိမ်းမင်းစိုးနှင့် ပြည့်ဖြိုးမောင်တို့က နှစ်ဂိုးစီ၊ အောင်အောင်က တစ်ဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းသည် ယခုပြိုင်ပွဲတွင် မလေးရှား၊ အင်ဒိုနီးရှားတို့နှင့် အုပ်စုကျပ်အတွင်း ကျရောက်

စာမျက်နှာ ၅ ကော်လံ ၅ ❄

